ကြေးမုံ
The Mirror Daily
၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။
Established in 1957

## ကုသိုလ်ကောင်းမှု နေ့စဉ်ပြု

လိမ္မာသော ပန်းသည်သည် အထူးထူး အပြားပြား များစွာသော ပန်းပွင့်အပေါင်းမှ ပန်းကုံးများစွာတို့ကို ပြုရာသကဲ့သို့၊ (လိမ္မာသော) သူသည် ဥစ္စာတည်းဟူသော ပန်း၊ သဒ္ဓါတရားတည်းဟူသော ပန်းအစုမှ ကျောင်း၊ သင်္ကန်း၊ ဆွမ်း၊ ဆေးစသော များစွာသော ကုသိုလ်ကောင်းမှုတည်းဟူသော ပန်းကုံးတို့ကို ပြုရာ၏။ ပုပ္ဖဝဂ်(ဓမ္မပဒ-၅၃)

၁၃၈၆ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၁၃ ရက်၊ တနင်္လာနေ့။ Monday, 30 September 2024 ၁၁၅၉၆

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပ နိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာ အောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ် လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝ မြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်း ငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ် ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက် ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှု ရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံ ဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန် လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မိတ္ထီလာခရိုင်အတွင်းရှိ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိမြို့ဖများအားတွေ့ဆုံ၍ ဒေသစီးပွားဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများ ဆွေးနွေးပြောကြား

## မိတ္ထီလာဒေသ၏အခြေခံကောင်းများကို အကျိုးရှိရှိအသုံးချ၍ ဖွံ့ဖြိုးတိုးတက်သည့် စံပြဒေသတစ်ခုဖြစ်စေရေး ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရမည်




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မိတ္ထီလာခရိုင်အတွင်းရှိ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိမြို့ဖများအားတွေ့ဆုံ၍ ဒေသစီးပွားဖွံ့ဖြိုးတိုးတက် ရေးဆိုင်ရာများ ဆွေးနွေးပြောကြားစဉ်။

နေပြည်တော် စက်တင်ဘာ ၂၉

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် မိတ္ထီလာခရိုင်အတွင်းရှိ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိမြို့ဖများအား ယနေ့မွန်းလွဲပိုင်းတွင် မိတ္ထီလာမြို့ရှိ ကန်တော်မင်္ဂလာခန်းမ၌တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများ ဆွေးနွေးပြောကြားသည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ✪

## ယနေ့ ဖတ်စရာ

နိုင်ငံရေးပါတီ (၂၆)ပါတီ၏ ပူးတွဲသဘောထား ထုတ်ပြန်ကြေညာချက် စာမျက်နှာ » ၉

စိတ်ပျိုကိုယ်နု ဇရာကိုအန်တုနိုင်သူများဖြစ်စေဖို့ အားပေးမြှင့်တင် ဖြည့်ဆည်းစို့ ဆောင်းပါး စာမျက်နှာ » ၁၆

နှလုံးအစဉ်ကျန်းမာဖို့ သိဉာဏ်ဆင်ခြင် ဆောင်ရွက်စို့ ဆောင်းပါး စာမျက်နှာ » ၁၉

ကြေးမုံ

## စေတနာသဒ္ဓါတရားထက်သန် တိုင်းကျိုးပြည်ကျိုး ဝိုင်းဝန်းသယ်ပိုး

ရာဂီတိုင်ဖွန်းမုန်တိုင်း သက်ရောက်မှုကြောင့် နေပြည်တော်ကောင်စီနယ်မြေ အပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်အချို့၌ ရေကြီးရေလျှံမှုများဖြစ်ပေါ်ခဲ့ပြီး ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်များ ဆုံးရှုံးမှုဖြစ်ပေါ်ခဲ့သည်။ အဆိုပါ ရေဘေးသင့်ပြည်သူများအား ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် နိုင်ငံတစ်ဝန်းမှ စေတနာရှင်၊ အလှူရှင် လူပုဂ္ဂိုလ်နှင့် အဖွဲ့အစည်းများက စေတနာသဒ္ဓါတရားထက်သန်စွာဖြင့် စက်တင်ဘာလ ၁၁ ရက်နေ့မှစ၍ နေ့စဉ်အဆက်မပြတ် လှူဒါန်းလျက်ရှိသည်။

ထိုသို့ နေ့စဉ်အဆက်မပြတ်လှူဒါန်းလျက်ရှိရာတွင် စက်တင်ဘာလ ၂၁ ရက်နေ့က နေပြည်တော် မြို့တော်ခန်းမ၌ ကျင်းပပြုလုပ်သည့် ပထမအကြိမ် အလှူငွေများ ပေးအပ်လှူဒါန်းပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်ပြီး အလှူငွေများ လက်ခံခဲ့ရာ ရေဘေးဒဏ်ခံခဲ့ရသည့်ဒေသများ၌ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် စုစုပေါင်းအလှူငွေ ငွေကျပ်သန်းပေါင်း ၃၂၂၃၀ (ငွေကျပ် ၃၂ ဒသမ ၂ ဘီလီယံကျော်) ရရှိခဲ့သည်။ နေပြည်တော်၌ ဒုတိယ အကြိမ် အလှူငွေစုပေါင်းလှူဒါန်းပွဲကို စက်တင်ဘာလ ၂၈ ရက်နေ့က ပြုလုပ်ရာ စုစုပေါင်းအလှူငွေ ငွေကျပ် ၁၀ ဒသမ ၅ ဘီလီယံကျော် လက်ခံရရှိခဲ့သည်။

နေပြည်တော် မြို့တော်ခန်းမ၌ ဒုတိယအကြိမ် အလှူငွေများ ပေးအပ်လှူဒါန်းပွဲတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ကျေးဇူးတင်စကားပြောကြားရာတွင် "မိမိတို့ နိုင်ငံသားများအနေဖြင့် လူမှုရေးကိစ္စရပ်များတွင် စေတနာသဒ္ဓါတရားထက်သန်စွာ ဖြင့် လှူဒါန်းလိုသည့် စိတ်ရင်းစေတနာများ၊ အခြေခံစိတ်ဓာတ်ကောင်းများကို ဝမ်းမြောက်ဖွယ်တွေ့ရကြောင်း၊ ကောင်းမွန်ပြီး ဂုဏ်ယူဖွယ်ရာစိတ်ဓာတ်များပင် ဖြစ်ပြီး နိုင်ငံသားတိုင်းအနေဖြင့် ထိုကဲ့သို့ စိတ်ရင်းစေတနာ၊ စိတ်ဓာတ်ကောင်းတို့ ဖြင့် ဆောင်ရွက်သွားမည်ဆိုပါက နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးကိုလည်း များစွာ အထောက်အကူဖြစ်စေနိုင်မည်ဖြစ်ကြောင်း" ပြောကြားခဲ့သည်။

သဘာဝဘေးအန္တရာယ်ကို ပြည်သူများ ကြုံတွေ့ကြရပြီး ဒုက္ခဆင်းရဲကြုံတွေ့နေချိန်တွင် ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ အလျင်အမြန်ဆောင်ရွက်ပေးနေသည့် နိုင်ငံတော်အစိုးရနှင့်အတူ စေတနာသဒ္ဓါတရားထက်သန်စွာဖြင့် ကယ်ဆယ်ကူညီ လှူဒါန်းပေးခဲ့ကြသော နိုင်ငံသူ နိုင်ငံသားအားလုံးကို နိုင်ငံတော်အစိုးရက အသိအမှတ်ပြုကျေးဇူးတင်ရှိကြောင်း အသိပေးစကားပြောကြားခဲ့သည်။ မြန်မာနိုင်ငံသားများသည် ပင်ကိုစိတ်ရင်းအားဖြင့် နိုင်ငံသားအချင်းချင်း ရိုင်းပင်းကူညီစိတ်များရှိကြသည်။ အထူးသဖြင့် သဘာဝဘေးအန္တရာယ်ခံစားရသကဲ့သို့ ပြည်သူများ ဘေးဒုက္ခအခက်အခဲများ ကျရောက်ချိန်တွင် လူမျိုး၊ ဘာသာ၊ ခံယူချက်များ မခွဲခြားဘဲ အားလုံးအပေါ်တွင် လူသားတစ်ဦးအနေဖြင့် ရှုမြင်ကာ တစ်သွေးတစ်သားတည်း မွန်မြတ်သောစိတ်ထား ထားရှိပြီး ကူညီလှူဒါန်းခဲ့ကြသည်မှာ ဂုဏ်ယူစရာဖြစ်သည်။

အလှူရှင်များ၏ သန့်ရှင်းသောစိတ်ဖြင့် လှူဒါန်းခဲ့သည့် လှူဒါန်းမှုအစုစုတို့ကို အမှန်တကယ်လိုအပ်နေသူများထံရောက်ရှိနိုင်ရေး နိုင်ငံတော်အနေဖြင့် စနစ်တကျ စီမံခန့်ခွဲဆောင်ရွက်လျက်ရှိသည်။ အရောင်အသွေးကင်းရှင်းစွာဖြင့် လှူဒါန်းလာသည့် ပြည်ပမှ လှူဒါန်းမှုများကိုလည်း စနစ်တကျ လက်ခံဆောင်ရွက်ပေးလျက်ရှိသည်။ နိုင်ငံတော်အစိုးရက ရေဘေးဒဏ်ကျရောက်ခဲ့ရသည့် ကျောင်းများအား အမြန်ဆုံးပြန်လည်ဖွင့်လှစ်နိုင်ရေးနှင့် ကလေးငယ်များ၏ ပညာရေး နောက်ကျမှုမရှိစေရန် ဆောင်ရွက်ပေးလျက်ရှိသည်။ စေတနာရှင် အလှူရှင်များအနေဖြင့် ရေဘေးဒဏ်ခံရသည့်ဒေသနှင့် ပြည်သူများ ပြန်လည်ထူထောင်ရေးသာမက နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ၊ နိုင်ငံသူ နိုင်ငံသားများ၏ ပညာရေး၊ ကျန်းမာရေး မြှင့်တင်ရေးလုပ်ငန်းများတွင်လည်း ဝိုင်းဝန်းကူညီ ဆောင်ရွက်ပေးစေလိုသည်။ နိုင်ငံပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အစိုးရတစ်ရပ်တည်း ဆောင်ရွက်၍မရနိုင်ဘဲ အားလုံးဝိုင်းဝန်းပါဝင် ဆောင်ရွက်မှသာလျှင် နိုင်ငံတော် တည်ငြိမ်အေးချမ်းပြီး ဖွံ့ဖြိုးတိုးတက်သည့်နိုင်ငံအဖြစ်သို့ ရောက်ရှိနိုင်မည်ဖြစ်သည်။

သို့ဖြစ်ရာ ပြည်သူများ သဘာဝဘေးအန္တရာယ်နှင့်ကြုံတွေ့ပြီး ဒုက္ခအခက်အခဲများ ကြုံတွေ့ချိန်တွင် ဖြူစင်သန့်ရှင်းသော စေတနာသဒ္ဓါတရားဖြင့် တက်ညီလက်ညီ ဝိုင်းဝန်းကူညီဆောင်ရွက်ပေးကြပါသော စေတနာရှင်များ၊ အလှူရှင်များအားလုံးကို ဂုဏ်ပြုကျေးဇူးတင်ရမည်ဖြစ်သည်။ ရှေ့ဆက်၍လည်း တိုင်းပြည်အတွက် လိုအပ်ချက်များရှိလာသည့်အခါတွင် ကောင်းမြတ်သောစိတ်ထားများဖြင့် ဆက်လက် ဝိုင်းဝန်း ကူညီဆောင်ရွက်ပေးကြပါရန်နှင့် နိုင်ငံတော်၏ ရှေ့လုပ်ငန်းစဉ်(၅)ရပ် အောင်မြင်ပြီးမြောက်ရေးတွင်လည်း တစ်တပ်တစ်အား ဝိုင်းဝန်းပါဝင်ကူညီ ဆောင်ရွက်ကြပါရန် တိုက်တွန်းအပ်ပါကြောင်း။ ။

## ၂၀၂၄ ခုနှစ်၊ (၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဦးတည်ချက် (၄)ရပ်

၁။ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊

၂။ တိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှုအနုပညာအမွေအနှစ်များနှင့် အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများ မပျောက်ပျက်စေရန် ဖော်ထုတ်၊ ထိန်းသိမ်း၊ မြှင့်တင်ရေး၊

၃။ မျိုးဆက်သစ်လူငယ်များအကြားတွင် ရိုးရာယဉ်ကျေးမှုအမွေအနှစ်များကို ဖော်ထုတ်ထိန်းသိမ်းခြင်းနှင့်ထပ်တူ အမျိုးသားရေးစိတ်ဓာတ်များ ပိုမိုထွန်းကားပြန့်ပွားနေစေရေး၊

၄။ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် တည်ငြိမ်အေးချမ်းရေးတို့အတွက် အမျိုးသားယဉ်ကျေးမှု အခန်းကဏ္ဍမှ တစ်တပ်တစ်အား ပူးပေါင်းပါဝင်ဆောင်ရွက်ရေး။

## အစမ့်ခိုင်းစေမှုဆိုင်ရာတိုင်ကြားမှုများကို အမျိုးသားအဆင့် အဓမ္မခိုင်းစေမှုဆိုင်ရာတိုင်ကြားမှု ယန္တရား (National Complaints Mechanism-NCM)ဖြင့် ဆက်လက်ဖြေရှင်းဆောင်ရွက်လျက်ရှိ တိုင်ကြားသူနှင့် အဓမ္မခိုင်းစေခံရသူများမှ လုံခြုံစိတ်ချစွာ ဆက်သွယ်တိုင်ကြားနိုင်

မြန်မာနိုင်ငံသည် ၄-၃-၁၉၅၅ ခုနှစ်တွင် အဓမ္မခိုင်းစေမှုဆိုင်ရာပြဋ္ဌာန်းချက်အမှတ် ၂၉ ကို လက်ခံကျင့်သုံးလိုက်နာဆောင်ရွက်ခဲ့ပြီး အဓမ္မခိုင်းစေမှုပပျောက်စေရေးဆောင်ရွက်ရာ၌ မြန်မာနိုင်ငံအစိုးရကို ပိုမိုထိရောက်စွာအထောက်အကူပြုနိုင်ရန် ၂၀၀၂ ခုနှစ်တွင် ILO ဆက်သွယ်ရေးအရာရှိတစ်ဦးကို မြန်မာနိုင်ငံတွင် လက်ခံထားရှိရန် မြန်မာနိုင်ငံအစိုးရနှင့် ILO တို့အကြား နားလည်မှုစာချွန်လွှာတစ်ရပ် (Memorandum of Understanding-MoU) ကို လက်မှတ်ရေးထိုးခဲ့သည်။

နောက်ဆက်တွဲနားလည်မှုစာချွန်လွှာ (Supplementary Understanding-SU) ကို ၂၀၀၇ ခုနှစ်တွင် လက်မှတ်ရေးထိုးခဲ့ပြီး အဓမ္မခိုင်းစေမှုဆိုင်ရာတိုင်ကြားမှုယန္တရား (Complaints Mechanism) ထူထောင်ကာ တိုင်ကြားချက်များကို လက်ခံဖြေရှင်းဆောင်ရွက်ပေးခဲ့သည်။ အမျိုးသားအဆင့် အဓမ္မခိုင်းစေမှုဆိုင်ရာတိုင်ကြားမှုယန္တရား (National Complaints Mechanism-NCM)ကို ၂၀၂၀ ပြည့်နှစ်တွင် ထူထောင်ပြီး လည်ပတ်ဆောင်ရွက်ခဲ့ရာတွင် အလုပ်သမားဝန်ကြီးဌာနအပါအဝင် သက်ဆိုင်သည့်ဝန်ကြီးဌာနများမှ ကိုယ်စားလှယ်များ၊ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်မှ ကိုယ်စားလှယ်၊ အလုပ်ရှင်နှင့် အလုပ်သမားအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ ပါဝင်ဖွဲ့စည်းထားသော အမျိုးသားအဆင့် အဓမ္မခိုင်းစေမှုဆိုင်ရာ တိုင်ကြားမှုယန္တရား အကောင်အထည်ဖော်ရေးအမျိုးသားကော်မတီမှ အဓမ္မခိုင်းစေမှုတိုင်ကြားချက်များကို ကိုင်တွယ်ဖြေရှင်းဆောင်ရွက်ပေးလျက်ရှိသည်။

ဤကဲ့သို့ အဓမ္မခိုင်းစေမှုဆိုင်ရာ တိုင်ကြားချက်များကို အမျိုးသားအဆင့်အဓမ္မခိုင်းစေမှုဆိုင်ရာ တိုင်ကြားမှုယန္တရား (National Complaints Mechanism-NCM) မှ ဖြေရှင်းဆောင်ရွက်ပေးလျက်ရှိရာ မည်သူမဆိုအဓမ္မခိုင်းစေမှုဆိုင်ရာ တိုင်ကြားမှုများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး၊ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့၊ နေပြည်တော်ကောင်စီ၊ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်၊ ILO ဆက်သွယ်ရေးအရာရှိရုံး(ရန်ကုန်)နှင့် အခြားအဖွဲ့အစည်းများမှတစ်ဆင့်လည်းကောင်း၊ အလုပ်သမားဝန်ကြီးဌာန ရုံးအမှတ်(၅၁) နေပြည်တော်သို့ လူကိုယ်တိုင် (သို့မဟုတ်) စာဖြင့်လည်းကောင်း၊ ဖုန်းနံပါတ် ၀၆၇-၃၄၃၀၁၈၄၊ ၀၆၇-၃၄၃၀၂၂၉၊ ၀၆၇-၃၄၃၀၂၇၄ နှင့် E-mail လိပ်စာ directorgeneral.dol@gmail.com, moloffice 51@ gmail.com, research. org.dol.mm@gmail.com များသို့လည်းကောင်း တိုင်ကြားသူနှင့် အဓမ္မခိုင်းစေခံရသူများမှ လုံခြုံစိတ်ချစွာဆက်သွယ်တိုင်ကြားနိုင်ကြောင်း ရုံးအဖွဲ့၊ အမျိုးသားအဆင့်အဓမ္မခိုင်းစေမှုဆိုင်ရာ တိုင်ကြားမှုယန္တရားနှင့် အလုပ်သမားဝန်ကြီးဌာနမှ အသိပေးကြေညာထားသည်။

## သာယာဝတီမြို့နယ်၌ သမဝါယမအသင်းသားတောင်သူများ မိုးစပါးစိုက်ပျိုးထားရှိမှုကို တာဝန်ရှိသူများ ကွင်းဆင်းကြည့်ရှု

**သာယာဝတီ စက်တင်ဘာ ၂၉**

ပဲခူးတိုင်းဒေသကြီး သာယာဝတီမြို့နယ်အတွင်း ၂၀၂၄-၂၀၂၅ ခုနှစ် မိုးစပါးစီမံကိန်းဆောင်ရွက်သော သမဝါယမအသင်းလေးသင်း၊ အသင်းသား ၂၄၇ ဦး၏စိုက်ဧက ၂၀၀၀ အတွက် မြို့နယ်သမဝါယမအသင်းစုလီမိတက်မှ နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေဖြင့် တစ်ဧကလျှင် ငွေကျပ်နှစ်သိန်းနှုန်းနှင့်ညီမျှသောသွင်းအားစုများ ပံ့ပိုးပေးထားကြောင်းနှင့် အောင်မြင်စိုက်ပျိုးရေးနှင့် အထွေထွေလုပ်ငန်းသမဝါယမအသင်းမှ အသင်းသားတောင်သူ ဦးမြင့်ဦး၏ လယ်ဧက ၂၀ ရှိ ဗီယက်နမ် (ဆာဖိုးသာ) မျိုး မိုးစပါးစိုက်ပျိုးထားရှိမှုအခြေအနေများကို မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိနှင့် မြို့နယ်သမဝါယမအသင်းစုလီမိတက်မှ တာဝန်ရှိသူများက ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**


ကြေးမုံ

| | | | |
|---|---|---|---|
| **စာတည်းမှူးချုပ်** | - ဦးစိုးစိုးနိုင် | **အကြီးတန်း သတင်းထောက်များ** | - ဦးစိုးအောင်၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး၊ ဒေါ်ခိုင်သန္တာရွှေ |
| **စာတည်းမှူး** | - ဦးဝင်းနိုင် | **အငယ်တန်း သတင်းထောက်များ** | - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင် |
| **စာတည်းများ** | - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး၊ ဒေါ်စန်းယဉ်ဥ | **သုတေသန** | - ဒေါ်ဇင်မာဝင့် |
| | | **စာပြင်** | - ဒေါ်ခင်နှင်းယုနှင့်အဖွဲ့ |
| **ဘာသာပြန် စာတည်းများ** | - ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ | **စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း** | - ဒေါ်နွယ်နွယ်ထွန်းနှင့်အဖွဲ့ |
| | | **အီးမေးလ်နှင့် အွန်လိုင်း** | - ဦးစိုးချစ်ဦးနှင့်အဖွဲ့ |



ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com

www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁

ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂

မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# လက်နက်ကိုင် အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှု မခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်

**လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အစမ္မဝင်ရောက်နေထိုင်နေသည့် မြို့၊ ရွာများ၌ တပ်မတော်၏ တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏ နေအိမ်အဆောက်အအုံများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာ အဆောက်အအုံများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ် အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန် ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကို လုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါ လက်နက်ကိုင် အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ် မူတည်၍ လိုအပ်သလို တုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့ အစမ္မဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိ ပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။**

( ၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအား ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက် )




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မိတ္ထီလာမြို့၌ ကျောင်းသားစုပေါင်းခန်းမဆောက်လုပ်မည့် လျာထားမြေနေရာကို ကြည့်ရှုစဉ်။

**❂ ရှေ့ဖုံးမှ**

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ ကောင်စီတွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ကောင်စီဝင်များဖြစ်ကြသည့် ဗိုလ်ချုပ်ကြီး မောင်မောင်အေး၊ ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်နှင့် ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးမင်းနောင်၊ ဦးလှမိုးနှင့် ဒေါက်တာညွန့်ဖေ၊ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်များ၊ မိတ္ထီလာခရိုင်အတွင်းရှိ ခရိုင်နှင့်မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အုပ်ချုပ်ရေးမှူးများ၊ မြို့မိမြို့ဖများ တက်ရောက်ကြသည်။

**ဒေသဆိုင်ရာအချက်အလက်များနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်နေမှုများအား ရှင်းလင်းတင်ပြ**

ဦးစွာ မိတ္ထီလာခရိုင် အုပ်ချုပ်ရေးမှူး ဦးဇော်တင်မိုးက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် မိတ္ထီလာခရိုင်အတွင်းသို့ လာရောက်ခဲ့သည့် ခရီးစဉ်အတွင်း လမ်းညွှန်မှာကြားချက်များအပေါ် လိုက်နာဆောင်ရွက်၍ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိမှု၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများ တိုးတက်စေရေး ဆောင်ရွက်လျက်ရှိမှု၊ ကုန်ထုတ်လုပ်မှုများ တိုးတက်စေရေးဆောင်ရွက်လျက်ရှိမှု၊ ဝါစိုက်ပျိုးမှုနှင့် ထုတ်လုပ်မှုတိုးတက်စေရေး ဆောင်ရွက်လျက်ရှိမှု၊ ခရိုင်အတွင်းရှိ လမ်းမကြီးများ၊ မြို့၊ ရွာချင်းဆက်လမ်းများ ဝဲ၊ ယာ၌ အရိပ်ရပင်များ စိုက်ပျိုးထားရှိမှုနှင့် ရှင်သန်ဖြစ်ထွန်းမှု၊ ပညာရည်မြင့်မားရေး အားပေးဆောင်ရွက်လျက်ရှိမှု၊ ဒေသဖွံ့ဖြိုးတိုးတက်စေရေးအတွက် ဒေသ၏အခြေခံကောင်းများကို အကျိုးရှိစွာအသုံးချနိုင်ရေး ကြိုးပမ်းအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်က မိတ္ထီလာခရိုင်ဆိုင်ရာအချက်အလက်များနှင့် ခရိုင်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိမှု အခြေအနေများကို ဖြည့်စွက်ဆွေးနွေးတင်ပြသည်။

**သက်ဆိုင်ရာကဏ္ဍအလိုက် ဆွေးနွေးပြောကြား**

ထို့နောက် တက်ရောက်လာကြသည့် ပြည်ထောင်စုဝန်ကြီးများက သက်ဆိုင်ရာကဏ္ဍအလိုက် ဆွေးနွေးပြောကြားရာတွင် မိတ္ထီလာခရိုင်အတွင်း ခွင့်ပြုပေးထားသည့် စိုက်ပျိုးမြေများကို အခြားနည်းများဖြင့် သုံးစွဲမှုမရှိစေရေး၊ မြေအသုံးချမှုများနှင့် ပတ်သက်၍ ချမှတ်ထားသည့် စည်းမျဉ်းဥပဒေအတိုင်းသာဖြစ်စေရေး ကြပ်မတ်ဆောင်ရွက်လျက်ရှိမှု၊ ခရိုင်အတွင်း ရေကြီးရေလျှံမှုကြောင့် ထိခိုက်ပျက်စီးခဲ့ရသည့် စိုက်ကေများ၌ အကျိုးရှိပြီး ဈေးကွက်ရနိုင်မည့်သီးနှံများ ပြန်လည်စိုက်ပျိုးနိုင်ရေး ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးလျက်ရှိမှု၊ စိုက်ပျိုးရေးတောင်သူများ လုပ်ငန်းအဆင်ပြေစေရေးအတွက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ ဆည်၊ တမံများ၊ ရေထုတ်မြောင်းများကို စနစ်တကျ ပြုပြင်ထိန်းသိမ်းဆောင်ရွက်လျက်ရှိမှုနှင့် ဆည်ရေသောက်ဧရိယာများအတွက် ရေရှိရေး စီမံဆောင်ရွက်လျက်ရှိမှု၊ ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် သမဝါယမအသင်းအဖွဲ့များ ဖွဲ့စည်းခြင်း၊ မြစိမ်းရောင်စီမံကိန်းများ ဆောင်ရွက်ပေးခြင်းတို့ဖြင့် ဆောင်ရွက်လျက်ရှိမှု၊ ဆောင်းသီးနှံများ စိုက်ပျိုးရာတွင် ဆီထွက်သီးနှံများအတွက် မျိုးကောင်းမျိုးသန့်များရရှိရေး၊ သွင်းအားစုများရရှိရေးအတွက် ဆောင်ရွက်ပေးလျက်ရှိမှု၊ မိတ္ထီလာခရိုင်အတွင်း ပညာရည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သည်များ ဖြည့်ဆည်း ဆောင်ရွက်ပေးလျက်ရှိမှု အခြေအနေများကို အသီးသီးဆွေးနွေးပြောကြားကြသည်။

**မိတ္ထီလာခရိုင်သည် ဗဟိုအချက်အချာကျပြီး အခြေခံကောင်းများကို ပိုင်ဆိုင်ထားသည့်ဒေသတစ်ခုဖြစ်**

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ဆွေးနွေးပြောကြားရာတွင် မိတ္ထီလာဒေသနှင့်ပတ်သက်၍ မြန်မာနိုင်ငံ၏ အရှေ့၊ အနောက်၊ တောင်၊ မြောက်ဆုံသည့်နေရာတွင်ရှိပြီး လမ်းပန်းဆက်သွယ်ရေး၊ ကူးသန်းရောင်းဝယ်ရေးနှင့် ပတ်သက်၍ အချက်အချာကျသည့် လမ်းဆုံမြို့တစ်ခုဖြစ်ကြောင်း၊ မိတ္ထီလာဒေသ၏အကျယ်အဝန်းနှင့် နေပြည်တော်ကောင်စီနယ်မြေ၏ အကျယ်အဝန်းမှာ ကွာဟမှုအနည်းငယ်သာရှိသကဲ့သို့ လူဦးရေအနေဖြင့်လည်း မိတ္ထီလာတွင် ကိုးသိန်းကျော်ခန့်ရှိပြီး နေပြည်တော်တွင် တစ်သန်းကျော်ခန့်ရှိကြောင်း၊ နေပြည်တော်ကောင်စီနယ်မြေကို ဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်သကဲ့သို့ မိတ္ထီလာဒေသကိုလည်း စံပြနေရာတစ်ခုအဖြစ် ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ တည်နေရာအနေအထားအရ နိုင်ငံ၏အလယ်ပိုင်း၌ ရှိသည့်အပြင် ကုန်သွယ်မှုတွင် ဗဟိုကျပြီး အချက်အချာကျသည့် မြို့တစ်မြို့ဖြစ်သကဲ့သို့ ပညာရေးနှင့်ပတ်သက်၍လည်း တက္ကသိုလ်၊ ကောလိပ်များ ပြည့်စုံစွာတည်ရှိသည့် ခရိုင်တစ်ခုဖြစ်ကြောင်း၊ သွားလာမှုနှင့်ပတ်သက်၍လည်း အဆင်ပြေလွယ်ကူသည့် မြေအနေအထားကို ပိုင်ဆိုင်ထားသည့် ဒေသတစ်ခုဖြစ်သဖြင့် လုပ်ငန်းများဆောင်ရွက်ရာတွင် အဆင်ပြေချောမွေ့သည့် ဒေသတစ်ခုဖြစ်ကြောင်း။

**ပညာရေးကဏ္ဍကိုမြှင့်တင်ဆောင်ရွက်ပေးခြင်းဖြင့် နိုင်ငံတော်၏ အနာဂတ်ကို ပုံဖော်ပေးနိုင်ရမည်**

ပညာရေးနှင့် ပတ်သက်၍လည်း အခြေခံကောင်းများစွာကို ပိုင်ဆိုင်ထားရှိပြီးဖြစ်သည့် ဒေသတစ်ခုဖြစ်သဖြင့် ပညာရေး အားပေးမြှင့်တင်ဆောင်ရွက်ကြရန်လိုကြောင်း၊ **စာမျက်နှာ ၄ သို့** ❍

- **အနာဂတ်တွင် ခေတ်မီနိုင်ငံတော်ကိုတည်ဆောက်ရေးအတွက် အသိပညာ၊ အတတ်ပညာနှင့်ပြည့်စုံသည့် လူသားအရင်းအမြစ်ကောင်းများစွာကို မွေးထုတ်ပေးနိုင်ရန်လို**
- **စည်းကမ်းစနစ်ကျနသည့် လူ့အဖွဲ့အစည်းတစ်ရပ်ကိုလည်း ပုံဖော်ပေးနိုင်ရမည်ဖြစ်ကြောင်း၊ “အမျိုးသားစည်းကမ်းအစ စာသင်ကျောင်းက” ဆိုသည့်အတိုင်း အနာဂတ်၏ ကလေးငယ်များသည် ပညာသင်ကြားချိန်တွင် ဆရာ ဆရာမများ၏ သွန်သင်ဆုံးမမှုများကို ခံယူခဲ့ကြရမည်**

❍ စာမျက်နှာ ၃ မှ

ပညာရည်မြှင့်တင်ရေးနှင့် ပတ်သက်၍ မိမိတို့နိုင်ငံတွင် KG + 12 အထိ တက်ရောက်နိုင်သည့် လူဦးရေ၏ ၆၀ ရာခိုင်နှုန်းခန့်သာ ပညာသင်ကြားနေကြကြောင်း၊ ၂၀၁၉ ခုနှစ်နောက်ပိုင်းတွင် ကျောင်းတက်ရောက်မှုများ လျော့နည်းလာခဲ့ကြောင်း၊ ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားခြင်းများကြောင့်လည်း စာသင်ကျောင်းများကို ပိတ်ထားခဲ့ရကြောင်း၊ အနာဂတ်တွင်ခေတ်မီနိုင်ငံတော်ကို တည်ဆောက်ရေးအတွက် အသိပညာ၊ အတတ်ပညာနှင့်ပြည့်စုံသည့် လူသားအရင်းအမြစ်ကောင်းများစွာကို မွေးထုတ်ပေးနိုင်ရန်လိုကြောင်း၊ ထို့ပြင် စည်းကမ်းစနစ်ကျနသည့် လူ့အဖွဲ့အစည်းတစ်ရပ်ကိုလည်း ပုံဖော်ပေးနိုင်ရမည်ဖြစ်ကြောင်း၊ **"အမျိုးသားစည်းကမ်းအစ စာသင်ကျောင်းက"** ဆိုသည့်အတိုင်း အနာဂတ်၏ ကလေးငယ်များသည် ပညာသင်ကြားချိန်တွင် ဆရာဆရာမများ၏ သွန်သင်ဆုံးမမှုများကို ခံယူခဲ့ကြရမည်ဖြစ်ကြောင်း၊ ကျောင်းလုံးဝ မနေခဲ့ရသူများထက် ကျောင်းတက်ရောက်ခဲ့သည့် ကလေးငယ်များသည် စည်းကမ်းပိုမိုကောင်းမွန်သည်ကို တွေ့မြင်ရမည်ဖြစ်ပြီး တက်ရောက်ခဲ့ရသည့် အတန်းအလိုက် စိတ်ဓာတ်နှင့် စည်းကမ်းများ လိုက်နာမှု ကွာဟသွားမည်ဖြစ်ကြောင်း၊ အနည်းဆုံးအဆင့် KG + 12 အထိ သင်ကြားနိုင်မည်ဆိုပါက စည်းကမ်းများကောင်းမွန်လာမည်ဖြစ်ကြောင်း။

ထို့ကြောင့် ဆရာ ဆရာမများအနေဖြင့် စနစ်တကျသင်ကြားပေးမည်ဆိုပါက စိတ်ဓာတ်၊ စည်းကမ်း ကောင်းမွန်သည့် အဖိုးတန်မျိုးဆက်သစ် လူငယ်များကို မွေးထုတ်ပေးနိုင်မည်ဖြစ်ကြောင်း၊ ပညာရေးကဏ္ဍမြှင့်တင်ရေးအတွက် မိမိတို့အနေဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိပြီး နိုင်ငံ၏ အနာဂတ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာတတ်များ ပေါ်ကြွယ်ဝအောင် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ လက်ရှိအချိန်တွင် မိမိတို့နိုင်ငံမှ ပြည်ပနိုင်ငံများသို့သွားရောက်၍ အလုပ်လုပ်ကိုင်နေသူများရှိကြောင်း၊ နိုင်ငံတွင်းရှိ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများကို ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပေးနိုင်မည်ဆိုပါက အလုပ်အကိုင် အခွင့်အလမ်းများကိုလည်း ဖော်ဆောင်ပေးနိုင်မည် ဖြစ်ကြောင်း၊



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်လာကြသည့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိမြို့ဖများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။

ထိုသို့ဆောင်ရွက်နိုင်ရန်အတွက် ခေတ်မီ စိုက်ပျိုးမွေးမြူရေး လုပ်ငန်းများကို အောင်မြင်စွာ ဆောင်ရွက်နိုင်သည့် အတတ်ပညာရှင်များ လိုအပ်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် စိုက်ပျိုးမွေးမြူရေးနှင့် စက်မှုဆိုင်ရာ လူသားအရင်းအမြစ်များ မွေးထုတ်ပေးနိုင်ရေး ခရိုင်များအားလုံး၌ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် စက်မှုအထက်တန်းကျောင်းများကို ဖွင့်လှစ်သင်ကြားပေးလျက်ရှိကြောင်း၊ စိုက်ပျိုးမွေးမြူရေး လုပ်ငန်းများကို မိရိုးဖလာနည်းလမ်းများအတိုင်း ဆောင်ရွက်ခြင်းထက် ခေတ်မီသည့် စိုက်ပျိုးမွေးမြူရေးနည်းပညာများကို အသုံးချနိုင်ရန်လိုကြောင်း၊ ထိုသို့ ဆောင်ရွက်မှသာလျှင် အထွက်နှုန်းများ တိုးတက်လာမည်ဖြစ်ပြီး လူမှုစီးပွားဘဝများလည်း ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း၊ ထို့ကြောင့် ပညာရည်မြှင့်တင်ရေးလုပ်ငန်းများကို မဖြစ်မနေဆောင်ရွက်ခြင်းဖြင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးကို များစွာဆောင်ရွက်နိုင်မည်ဖြစ်ပြီး လူမှုဘဝများ တိုးတက်အောင်ဆောင်ရွက်နိုင်မည်ဖြစ်သဖြင့် အားပေးဆောင်ရွက်ကြစေလိုကြောင်း။

**စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို အောင်မြင်အောင်ဆောင်ရွက်ခြင်းဖြင့် ဒေသလူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်**

မိမိတို့နိုင်ငံတွင် စိုက်ပျိုးရေးနှင့် ပတ်သက်၍ မိရိုးဖလာစိုက်ပျိုးခြင်းများကို ဆောင်ရွက်လျက်ရှိပြီး မိတ္ထီလာခရိုင်အတွင်း ဆန်ဖူလုံမှုအနေဖြင့် နည်းပါးနေသေးသည်ကို တွေ့ရှိရကြောင်း၊ တစ်ဧကချင်းအထွက်နှုန်းများ ပန်းတိုင်ရည်မှန်းချက်ပြည့်မီစေရေး ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ဒေသအတွင်း စိုက်ပျိုးသမျှအကျိုးကို ခံစားနိုင်ရန်လိုကြောင်း၊ နိုင်ငံတော်အနေဖြင့်လည်း တတ်နိုင်သမျှ ကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ စပါးစိုက်ပျိုးမှုများ တစ်ဧကအထွက်နှုန်း တိုးတက်အောင် ဆောင်ရွက်နိုင်မည်ဆိုပါက ဆန်ဖူလုံမှုများ တိုးတက်လာပြီး ဒေသဝင်ငွေကိုပိုမိုရရှိစေမည်ဖြစ်ကြောင်း၊ ဒေသတွင်း၌ အခြေခံစားကုန်များဖူလုံမှုမရှိပါက ပြင်ပမှ ဝယ်ယူစားသုံးရမည်ဖြစ်ပြီး ဒေသတွင်းမှ ငွေများ ပြင်ပသို့ရောက်ရှိသွားမည်ဖြစ်ကြောင်း၊ စိုက်ပျိုးရေးလုပ်ငန်းများတွင် အထွက်နှုန်း ပိုမိုတိုးတက်အောင်ဆောင်ရွက်နိုင်မည်ဆိုပါက ဒေသတွင်းလည်ပတ်သုံးစွဲငွေများ ပိုမိုများပြားလာမည်ဖြစ်ကြောင်း၊ စိုက်ပျိုးရေးလုပ်ငန်းများအပြင် ဒေသတွင်း မွေးမြူရေးလုပ်ငန်းများကို အောင်မြင်အောင် ဆောင်ရွက်ခြင်းဖြင့်လည်း ဒေသ၏လူမှုစီးပွားဘဝကို ဖွံ့ဖြိုးစေနိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ တိုးတက်စေရေး တာဝန်ရှိသူများအနေဖြင့် အလေးထား ဆောင်ရွက်ပေးကြစေလိုကြောင်း။

မိတ္ထီလာခရိုင်သည် ဝါနှင့်ပတ်သက်၍ အတိုင်းအတာတစ်ခုအထိ ထွက်ရှိသည့် ဒေသတစ်ခုဖြစ်သဖြင့် ဝါနှင့်ပတ်သက်သည့်စက်ရုံများ ဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်း အမြင်ကျယ်ကျယ်ဖြင့် ကြိုးပမ်းဆောင်ရွက်ရမည် ဖြစ်ကြောင်း၊ ထွက်ရှိလာသည့် ဝါဂွမ်းများမှ အဆင့်မီသည့်ချည်ထည်ပစ္စည်းများအဆင့်အထိ တိုးတက်ထုတ်လုပ်နိုင်မည် ဆိုပါက ပြည်ပမှ အထည်အလိပ်နှင့် ချည်ထည်များတင်သွင်းနေရမှုကို လျှော့ချနိုင်မည်ဖြစ်ပြီး ပြည်တွင်းလိုအပ်ချက်ပြည့်မီပါက ပြည်ပသို့လည်း တင်ပို့နိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် မိတ္ထီလာဒေသအနေဖြင့် ဒေသတွင်းဖြစ်ထွန်းသည့် ဝါစိုက်ပျိုးထုတ်လုပ်မှုလုပ်ငန်းများကို တိုးတက်အောင်ဆောင်ရွက်ခြင်း၊ နိုင်ငံ၏ချည်ထည်၊ အထည်အလိပ်လုပ်ငန်းများ၌ ဦးဆောင်ဒေသတစ်ခု၊ စံပြခရိုင်တစ်ခုအဖြစ် ဖြစ်ပေါ်လာအောင် ကြိုးပမ်းဆောင်ရွက်ခြင်းဖြင့် ဒေသ၏လူမှုစီးပွားဘဝကို ဖွံ့ဖြိုးတိုးတက်လာစေမည်ဖြစ်ကြောင်း။

စိုက်ပျိုးမွေးမြူရေး လုပ်ငန်းများ ဆောင်ရွက်ရာတွင် စုပေါင်းသမဝါယမကို ဆောင်ရွက်သည့်စနစ်ဖြင့် ဆောင်ရွက်မည်ဆိုပါက ပိုမိုထိရောက်အကျိုးရှိနိုင်ပြီး နိုင်ငံတော်အနေဖြင့်လည်း ကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ အထွက်နှုန်းနှင့်ပတ်သက်၍ စိုက်ပျိုးသည့်သီးနှံအမျိုးအစားများအလိုက် ကောက်ကွက်များ ပြည့်မီစေရေး ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ သို့မှသာ ပန်းတိုင်ရည်မှန်းချက်များ ပြည့်မီစေရေးအတွက် အခြေခံများရရှိမည်ဖြစ်ကြောင်း၊ အလားတူ စိုက်ပျိုးနည်းစနစ်များ မှန်ကန်စေရေး ဆောင်ရွက်သွားရန်လည်း လိုကြောင်း၊ စနစ်တကျစိုက်ပျိုးမှုများကို ဆောင်ရွက်ခြင်းဖြင့် အထွက်နှုန်းများတိုးတက်လာမည်ဖြစ်ကြောင်း။

မိမိတို့အနေဖြင့် မိတ္ထီလာခရိုင် ဖွံ့ဖြိုးတိုးတက်စေရေး မျှော်မှန်းဆောင်ရွက်လျက်ရှိကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် သာမန်ဆောင်ရွက်နေခြင်းမျိုး မဟုတ်ဘဲ အားထည့်၍ ဆောင်ရွက်သွားရန်လိုပြီး အချိန်ကိုအကျိုးရှိစွာဖြင့် အသုံးချကြစေလိုကြောင်း၊ မိမိတို့ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက်ဒေသတွင် တာဝန်ထမ်းဆောင်နေကြသူများ၊ ဒေသခံများအားလုံးက အမြင်ကျယ်ကျယ်ဖြင့် အတူတကွ ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်သွားကြရန် မှာကြားလိုကြောင်း ပြောကြားသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် တက်ရောက်လာကြသည့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိမြို့ဖများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ခဲ့သည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် မိတ္ထီလာမြို့၌ ကျောင်းသားစုပေါင်းခန်းမ ဆောက်လုပ်မည့်လျာထားမြေနေရာအား သွားရောက်ကြည့်ရှု၍ တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

☆ **ပညာရေးကဏ္ဍမြှင့်တင်ရေးအတွက် မိမိတို့အနေဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိပြီး နိုင်ငံ၏အနာဂတ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာတတ်များပေါ်ကြွယ်ဝအောင် ဆောင်ရွက်သွားရမည်**

☆ **လက်ရှိအချိန်တွင် မိမိတို့နိုင်ငံမှပြည်ပနိုင်ငံများသို့သွားရောက်၍ အလုပ်လုပ်ကိုင်နေသူများရှိကြောင်း၊ နိုင်ငံတွင်းရှိ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများကို ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပေးနိုင်မည်ဆိုပါက အလုပ်အကိုင်အခွင့်အလမ်းများကိုလည်း ဖော်ဆောင်ပေးနိုင်မည်**

☆ **ဆောင်ရွက်နိုင်ရန်အတွက် ခေတ်မီစိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို အောင်မြင်စွာဆောင်ရွက်နိုင်သည့် အတတ်ပညာရှင်များ လိုအပ်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် စိုက်ပျိုးမွေးမြူရေးနှင့် စက်မှုဆိုင်ရာ လူသားအရင်းအမြစ်များ မွေးထုတ်ပေးနိုင်ရေး ခရိုင်များအားလုံး၌ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် စက်မှုအထက်တန်းကျောင်းများကို ဖွင့်လှစ်သင်ကြားပေးလျက်ရှိ**




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရေကြီးရေလျှံမှုကြောင့် ထိခိုက်ပျက်စီးခဲ့မှုများဖြစ်ပေါ်ခဲ့သည့် စမုံချောင်းတံတားကို ကြည့်ရှုစစ်ဆေးစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရေကြီးရေလျှံမှုကြောင့် ထိခိုက်ပျက်စီးခဲ့မှုများဖြစ်ပေါ်ခဲ့သည့် သာစည်-မန္တလေး မီးရထားလမ်းပိုင်းပေါ်ရှိ ရထားလမ်းပိုင်းများနှင့် စမုံချောင်းတံတား ပြန်လည်ပြုပြင်ဆောင်ရွက်နေမှု အခြေအနေများအား သွားရောက်ကြည့်ရှုစစ်ဆေး

နေပြည်တော် စက်တင်ဘာ ၂၉

နိုင်ငံတော် စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့နံနက်ပိုင်းတွင် ကောင်စီတွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ကောင်စီဝင်များဖြစ်ကြသည့် ဗိုလ်ချုပ်ကြီး မြထွန်းဦးနှင့် ဗိုလ်ချုပ်ကြီး မောင်မောင်အေး၊ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးမင်းနောင်၊ ဦးလှမိုး၊ ဒေါက်တာ ညွန့်ဖေ၊ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်၊ ကာကွယ်ရေး ဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများနှင့် တာဝန်ရှိသူများလိုက်ပါ၍ ရေကြီးရေလျှံမှုကြောင့် ထိခိုက်ပျက်စီးမှုများ ဖြစ်ပေါ်ခဲ့သည့် သာစည်-မန္တလေး မီးရထားလမ်းပိုင်းပေါ်ရှိ စမုံချောင်းတံတား ပြန်လည်ပြုပြင်ဆောင်ရွက်နေမှု အခြေအနေများအား သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော် ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် မိတ္ထီလာ-သာစည် ကားလမ်းအတိုင်း မော်တော်ယာဉ်များဖြင့် ထွက်ခွာခဲ့ပြီး လမ်းတစ်လျှောက် စိုက်ပျိုးရေး လုပ်ငန်းများ ဆောင်ရွက်ထားရှိမှု၊ ဒေသဖွံ့ဖြိုးတိုးတက်မှု အခြေအနေများကို ကြည့်ရှုသည်။ ထို့နောက် သာစည်ဘူတာသို့ ရောက်ရှိကြပြီး သာစည်ဘူတာမှတစ်ဆင့် သာစည်-မန္တလေး မီးရထားလမ်းပိုင်းပေါ်ရှိ စမုံချောင်းတံတား ပြန်လည်ပြုပြင်ဆောင်ရွက်နေမှု လုပ်ငန်းခွင်နေရာသို့ မီးရထားစီးနင်း၍ သွားရောက်ခဲ့ပြီး မီးရထားလမ်းတစ်လျှောက် စိုက်ပျိုးရေးလုပ်ငန်း ကောင်းမွန်စွာ အောင်မြင်ဖြစ်ထွန်းမှုအခြေအနေများ၊ ရေကြီးရေလျှံမှု ဖြစ်ပေါ်စဉ် ရေအလုံးအရင်းဖြင့် ဝင်ရောက်တိုက်စားမှုများကြောင့် စိုက်ကေများနှင့် မီးရထားလမ်းပိုင်း တစ်လျှောက် အချို့နေရာများတွင် ထိခိုက်ပျက်စီးနေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ရေကြီးရေလျှံမှုဖြစ်ပေါ်စဉ် ရေအလုံးအရင်းဖြင့် မြင့်တက်တိုက်စားခဲ့မှုကြောင့် တံတားအမှတ် ၆၉၁(အဆန်)၏ ရန်ကုန်ဘက်ခြမ်းတံတား ချဉ်းကပ်တာပေါင် ရေတိုက်စားပျက်စီးခဲ့မှုအား ရထားလမ်း ဖြုတ်သိမ်း၍ စက်ယာဉ်ယန္တရားများဖြင့် တာပေါင်မြေဖို့ပြုပြင် ဆောင်ရွက်ခြင်းနှင့် သံလမ်းပြန်လည်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှု၊ တံတားအမှတ် ၆၉၁(အစုန်)၏ သံပေါင် လေးခု ပြုတ်ကျခဲ့ပြီး တိုင်အမှတ် ၃ ရေစီးအားဖြင့် မျောပါပျက်စီးခဲ့မှုအား Triple Double Bailey တံတား ပေ ၉၀ ထိုး၍ ပြန်လည်ပြုပြင်ဆောင်ရွက်နေမှု လုပ်ငန်းခွင့်နေရာတို့သို့ရောက်ရှိပြီး လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများနှင့် ရေစီးအားကြောင့် ထိခိုက်ပျက်စီးခဲ့မှုများကို လိုက်လံကြည့်ရှုစစ်ဆေးကာ လုပ်ငန်းဆောင်ရွက်နေသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား တာဝန်ရှိသူတစ်ဦးက ရှင်းလင်းတင်ပြစဉ်။

## ရှင်းလင်းတင်ပြ

ထိုသို့ လိုက်လံကြည့်ရှုစစ်ဆေးစဉ် ကောင်စီဝင် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦးနှင့် တာဝန်ရှိသူများက ရန်ကုန်-မန္တလေး လမ်းပိုင်းနှင့် သာစည်-ရွှေညောင်-တောင်ကြီး လမ်းပိုင်းရထားလမ်း ရေတိုက်စားမှုကြောင့် ထိခိုက်ပျက်စီးခဲ့မှုများနှင့် လမ်းပိုင်းပြန်လည်ဖွင့်လှစ်နိုင်ရေးဆောင်ရွက်သွားမည့် အခြေအနေများကို ရှင်းလင်းတင်ပြသည်။ ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော် ဝန်ကြီးချုပ်က ယခုထိခိုက်ပျက်စီးခဲ့မှုများကိုကြည့်၍ ရေအလုံးအရင်းဖြင့် စီးဆင်းမှုအား မည်မျှပြင်းထန်မည်ကို ခန့်မှန်း၍ရနိုင်ကြောင်း၊ မိုးသည်းထန်စွာရွာသွန်းခဲ့စဉ် ရှမ်းကုန်းပြင်မြင့်ဘက်မှ စီးဆင်းလာခဲ့သည့် ရေစီးကြောင်းများနှင့် ၎င်းရေစီးကြောင်းများနှင့်အတူ မျောပါလာသည့် သစ်လုံးသစ်တုံးများ၊ နုန်းအနည်အနှစ်များကြောင့်လည်း ရေစီးဆင်းရာလမ်းကြောင်းတစ်လျှောက် ထိခိုက်ပျက်စီးမှု ပိုမိုများပြားခဲ့ရခြင်းဖြစ်ကြောင်း၊ ပြန်လည်ပြုပြင်မှုများကို ဆောင်ရွက်ရာတွင် ရေရှည်တည်တံ့ခိုင်မြဲရေး၊ အရည်အသွေးပြည့်မီရေးကို **စာမျက်နှာ ၆ သို့ »»»**

- **ပြန်လည်ပြုပြင်မှုများကို ဆောင်ရွက်ရာတွင် ရေရှည်တည်တံ့ခိုင်မြဲရေး၊ အရည်အသွေးပြည့်မီရေးကို ဦးစားပေးဆောင်ရွက်သွားရန်လိုပြီး နောင်အလားတူဖြစ်ရပ်မျိုး ဖြစ်ပေါ်လာပါက ခံနိုင်ရည်ရှိစေရေးအတွက် စနစ်တကျ သုတေသနပြု တွက်ချက်၍ ဆောင်ရွက်သွားရန်လို**
- **ပြုပြင်မည့်ရထားလမ်းပိုင်းနေရာများနှင့် အသစ်တည်ဆောက်မည့် ရထားလမ်းပိုင်းနေရာများ၌ ရေဝင်ရေထွက်ကောင်းမွန်မှုရှိစေရေး ဆောင်ရွက်သွားရန်လိုသကဲ့သို့ တံတားနေရာများ၌ အရှိန်အဟုန်ဖြင့် စီးဆင်းလာမည့် ရေစီးကြောင်းအရှိန်ကို ထိန်းနိုင်မည့် ကျောက်စီနံရံများ ဆောင်ရွက်ခြင်း၊ ချောင်းဖြောင့်ခြင်းတို့ကိုလည်း ထည့်သွင်းဆောင်ရွက်သွားရန်လို**

»»» စာမျက်နှာ ၅ မှ
ဦးစားပေး ဆောင်ရွက်သွားရန်လိုပြီး နောင်အလားတူဖြစ်ရပ်မျိုးဖြစ်ပေါ်လာပါက ခံနိုင်ရည်ရှိစေရေးအတွက် စနစ်တကျ သုတေသနပြု တွက်ချက်၍ ဆောင်ရွက်သွားရန်လိုကြောင်း၊ ပြုပြင်မည့် ရထားလမ်းပိုင်း နေရာများနှင့် အသစ်တည်ဆောက်မည့် ရထားလမ်းပိုင်းနေရာများ၌ ရေဝင်ရေထွက် ကောင်းမွန်မှုရှိစေရေး ဆောင်ရွက်သွားရန် လိုသကဲ့သို့ တံတားနေရာများ၌ အရှိန်အဟုန်ဖြင့် စီးဆင်းလာမည့် ရေစီးကြောင်းအရှိန်ကို ထိန်းနိုင်မည့် ကျောက်စီနံရံများ ဆောင်ရွက်ခြင်း၊ ချောင်းဖြောင့်ခြင်းတို့ကိုလည်း ထည့်သွင်းဆောင်ရွက်သွားရန် လိုကြောင်း၊ အဆက်အသွယ် ပြတ်တောက်မှုမရှိစေရေး ဆောင်ရွက်သွားရန်နှင့် လုပ်ငန်းဆောင်ရွက်မှုများ အချိန်မီပြီးစီးအောင် စီမံဆောင်ရွက်သွားရန်လိုကြောင်း မှာကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် တံတားအမှတ် ၆၉၁(အစုန်)၏ သံပေါင် လေးခုပြုတ်ကျခဲ့ပြီး တိုင်အမှတ် ၃ ရေစီးအားဖြင့် မျောပါပျက်စီးခဲ့မှုအား Triple Double Bailey တံတားပေ ၉၀ ထိုးခြင်းလုပ်ငန်း ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးပြီး မီးရထားလမ်းပြုပြင်နေသည့် ဝန်ထမ်းများအတွက် စားသောက်ဖွယ်ရာများ ချီးမြှင့်ပေးအပ်သည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် အဆိုပါတံတားပြုပြင်နေမှုနေရာမှ သဲတောဘူတာအထိ ရထားစီးနင်းလိုက်ပါခဲ့ပြီး သဲတောဘူတာသို့ ရောက်ရှိပြီးနောက် သဲတော - ဝမ်းတွင်း - မိတ္ထီလာလမ်းကြောင်းအတိုင်း မော်တော်ယာဉ်များဖြင့် ထွက်ခွာခဲ့ကာ လမ်းကြောင်းတစ်လျှောက် ဒေသဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ထားရှိမှုများ၊ စိုက်ပျိုးရေးလုပ်ငန်း ဆောင်ရွက် ထားရှိမှုများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**





**ကြည့်ရှုစစ်ဆေး**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် စမုံချောင်းတံတားပြန်လည်ပြုပြင်ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မီးရထားလမ်းပြုပြင်နေသည့် ဝန်ထမ်းများအား စားသောက်ဖွယ်ရာများ ချီးမြှင့်ပေးအပ်စဉ်။

☆ ကျောဖုံးမှ
ယခုနှစ်မိုးရာသီတွင် တိုင်းဒေသကြီးအတွင်း မိုးစပါး ၁၁၄၈၂၂ ဧက တိုးချဲ့စိုက်ပျိုးရန် လျာထားဆောင်ရွက်ခဲ့ရာ ၁၁၀၁၅၀၆ ဧက စိုက်ပျိုးခဲ့ပြီး ဧရာဝတီမြစ်ရေမှ တစ်ဆင့်လှိုင်မြစ်ရေမြင့်တက်ခဲ့မှုကြောင့် မိုးစပါးစိုက်ခင်း ၉၈၂၀၅ ဧက ရေနစ်မြုပ်ပျက်စီးခဲ့ရာ ၇၄၀၁၁ ဧက ပျက်စီးမှုတွင် စက်တင်ဘာ ၂၅ ရက်အထိ မိုးစပါး ၄၆၇၉၆ ဧက ပြန်လည်စိုက်ပျိုးနိုင်ခဲ့ခြင်းဖြစ်သည်။

ရန်ကုန်တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနသည် ရေကြီးနစ်မြုပ်မှုကြောင့် ထိခိုက်မှုရှိခဲ့သော မိုးစပါးဧရိယာတို့တွင် ကောက်ပင်စိုက်သည့်နေရာမှ ပြန်လည်နုတ်ယူ၍ ကောက်ပင်ကျဲသွားသောနေရာတို့၌ ကောက်ပင်ဖာထေးခြင်း၊ ကောက်ပင်လှုန်နိုင်မှု အားကောင်းစေရန် ရေထုတ်ပေးခြင်း၊ ကျောက်မှုန့်ဂျစ်ပဆန် (၁၁၂ ပေါင်/ဧက)



ရေကြီးနစ်မြုပ်ပျက်စီးခဲ့သည့် စပါးစိုက်ခင်းများနေရာတွင် အစားထိုးပြန်လည်စိုက်ပျိုးနေမှုကို တွေ့ရစဉ်။

ကြဲပက်ခြင်း၊ အပင်လှန်ပြီးချိန်တွင် ယူရီးယား ဓာတ်မြေဩဇာနှင့် ကွန်ပေါင်း ဓာတ်မြေဩဇာကို တစ်အချိုးတစ်နှုန်းဖြင့် တစ်ဧကလျှင် ၅၆ ပေါင်နှုန်းထည့်သွင်းခြင်း၊ စပါးပင်အနံ့လောင်း ဖြစ်တည်ချိန်၌ တစ်ဧကလျှင် ပိုတက်ဓာတ်မြေဩဇာ ၁/၄ အိတ်နှုန်းထည့်သွင်းခြင်း စသည့် သွင်းအားစုလုပ်ငန်းများဆောင်ရွက်နိုင်ရန် ချိတ်ဆက်ဆောင်ရွက်ပေးလျက်ရှိပြီး ရေကြီးနစ်မြုပ်ပျက်စီးသွားသော ဧရိယာအလိုက် လိုအပ်သောမိုးစပါးနှင့် ဓာတ်မြေဩဇာတို့ကို မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်က သီးနှံပေါ်ပေးစနစ်ဖြင့် ထောက်ပံ့ပေးလျက်ရှိကြောင်းလည်း သိရသည်။

၂၀၂၄-၂၀၂၅ ခုနှစ်တွင် ထိခိုက်ပျက်စီးခဲ့သော မိုးစပါးဧရိယာများ အပြည့်အဝ ပြန်လည်စိုက်ပျိုးနိုင်ရန် သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်အလိုက် ရပ်ကွက်၊ ကျေးရွာ စိုက်ပျိုးရေးကြီးကြပ်မှုအဖွဲ့များ ပူးပေါင်း၍ ကြိုတင်ဆောင်ရွက်ထားသည့် အရန်ပျိုးပင်၊ အရန်မျိုးစပါးတို့ စီမံပေးခြင်း၊ ရေကြီး နစ်မြုပ်မှုဖြစ်ပေါ်ခဲ့သော ဧရိယာတို့တွင် အထွက်နှုန်းလျော့နည်းမှုမရှိစေရေး ဆောင်ရွက်မည့်နည်းလမ်းများကို နည်းပညာပေးဆောင်ရွက်ခြင်းနှင့် အသိပညာပေးလုပ်ငန်းတို့ကို ဆောင်ရွက်လျက်ရှိကာ စိုက်ပျိုးရန်ကျန်ရှိသော လယ်ကွက်များ၌ အောက်တိုဘာလကုန်ပိုင်းအထိ အချိန်နှင့်တစ်ပြေးညီ ပြန်လည်စိုက်ပျိုးသွားနိုင်ရန် စိုက်ပျိုးရေးဦးစီးဌာနနှင့် တောင်သူများ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ညိမ်းသူ(သတင်းစဉ်)**

**ဓာတ်ပုံ - ကနူး**

# ခိုင်ကမ်းမြို့၌ ဆည်ကြီးချောင်း သဘာဝရေပြင်သို့ နှစ်လက်မအရွယ် ငါးမျိုးများ စိုက်ထည့်

**ခိုင်ကမ်း စက်တင်ဘာ ၂၉**

ချင်းပြည်နယ် ငါးလုပ်ငန်းဦးစီးဌာနက ကြီးမှူး၍ ခိုင်ကမ်းငါးလုပ်ငန်းစခန်းမှ ခိုင်ကမ်းမြို့အနီး ဆည်ကြီးချောင်းသဘာဝရေပြင်အတွင်း ငါးမျိုးများစိုက်ထည့်ပွဲ အခမ်းအနားကို စက်တင်ဘာ ၂၇ ရက် နံနက် ၉ နာရီက အဆိုပါချောင်းအနီး၌ ကျင်းပသည်။

အဆိုပါအခမ်းအနားတွင် ဆည်ကြီးချောင်းသဘာဝရေပြင်အတွင်းသို့ နှစ်လက်မအရွယ်ရှိ ငါးမြစ်ချင်းသားပေါက်ကောင်ရေ ၁၀၀၀၀၀ နှင့် ငါးခုံးမကြီးသားပေါက်ကောင်ရေ ၇၇၀၀၀ စုစုပေါင်းကောင်ရေ ၁၇၇၀၀၀ ကို ငါးမျိုးစိုက်ထည့်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**




စာအုပ်စာပေ လူ့မိတ်ဆွေ စာပေမြင့်မှ လူမျိုးတင့်မည်

# ကကြီးခခွေး၊ မတတ်သေး၊ လူရေးညံ့တော့သည်

ဒေါက်တာထွန်းတင့်

## ဗျည်း ၃၃ လုံး၏ အနက်နှင့်အဓိပ္ပာယ်

(ယမန်နေ့မှအဆက်)

### ဉ

ဉ လေးသည် မြန်မာဘာသာစကားတွင် အနက်လည်းမရှိ၊ အဓိပ္ပာယ်လည်းမရှိပါ။ ထို့ကြောင့် တည်ပုဒ်ဝေါဟာရလည်း မရှိပါ။ မြန်မာဘာသာတွင်ညကြီးသာရှိပြီး ဉ လေးမရှိ ပါဠိဘာသာတွင် ညကြီး မရှိ ဉ လေးသာရှိသည်ဟု မှတ်ယူနိုင်ပါသည်။ ထို့ကြောင့် မြန်မာဘာသာတွင် ဗျည်းအက္ခရာ ၃၃ လုံး သတ်မှတ်ရာ၌ ဉ လေးမပါဝင်ဘဲ ညကြီးသာ ပါဝင်ခဲ့ပေသည်။ သို့ရာတွင် အသတ် ၁၀ ပါး၌ ဉ လေးသတ် (ဉ်)ကို ထည့်ထားသဖြင့် ဉ လေးသည်လည်း မြန်မာဗျည်းအက္ခရာများတွင် ပါဝင်လာရသည်။ ဤအချက်နှင့်ပတ်သက်၍ ပြောရန်တစ်ချက်ရှိပြန်သည်။ မြန်မာထီးသုံးနန်းသုံးအရေးတို့တွင် ဉ လေးသတ်ကို မသုံးဘဲ ညကြီးသတ် နှစ်မျိုးခွဲ၍ ညကြီးသတ်ပိတ်ရွတ်နှင့် ညကြီးသတ်ဖွင့်ရွတ်ဟူ၍ သုံးနှုန်းရေးသားခဲ့ကြသည်။ မြန်မာအဘိဓာန်တွင် တည်ပုဒ်ယူရာ၌ မြန်မာတို့ တွင်တွင်ကျယ်ကျယ် အသုံးပြုနေကြသော ပါဠိဘာသာစကားနှင့် ပါဠိသက်ဘာသာစကားတို့ကို ထည့်သွင်းထားပေသည်။

**သာဓက။** ။

**ဉာဏလုပ်သား**၊ န - ဉာဏ်ပညာကိုအသုံးပြု၍အလုပ်လုပ်သောသူ။ [ပါ၊ ဉာဏ + မြန်၊ လုပ်သား]

**ဉာတကာ**၊ န - ဆွေမျိုး။ [ပါ၊ ဉာတက]

**ဉာဉ်**၊ န - စိတ်သဘောထား။ အလေ့အထ။ [ပါ၊ ဉာဏ]

**ဉာဏ်**၊ န - သိမြင်တတ်သောတရား။ အသိတရား။ ပညာ။ [ ပါ၊ ဉာဏ ]

**ဉာဏ်တော်**၊ န - စေတီ၊ ပုထိုး၊ ဘုရားဆင်းတု၏အမြင့်ပမာဏ။ [ပါ၊ ဉာဏ + မြန်၊ တော် ]

**ဉာဏ်ပူဇော်ခ**၊ န - ပညာရှင်အား ဉာဏလုပ်အားအတွက် ချီးမြှင့်သော ငွေကြေး။ [ပါ၊ ဉာဏ + ပူဇာ + မြန်၊ အခ]

**ဥတ်ကထိန်**၊ န - ကထိန်အာနိသင်ငါးပါး မြဲမြံခိုင်ခံ့စွာ ရရှိစေနိုင်သော သင်္ကန်းအလှူ။ [ပါ၊ ဥတ္တိ + ကထိန]

**ဉာသ်ကျမ်း**၊ န - ပါဠိသဒ္ဒါကျမ်းတစ်စောင်၏အမည်။ နျာသကျမ်း။ [ပါ၊ ဉာသ + မြန်၊ ကျမ်း ]

### ည

မြန်မာအဘိဓာန်တွင် **ည** ကို "နေဝင်မှနေထွက်ထိအချိန်"ဟု အဓိပ္ပာယ်ဖွင့်ထားပါသည်။ **ည** ၏ အနက်ရင်းသည်လည်း 'ပေါင်းစည်း' ပင်ဖြစ်ပါသည်။ မည်သို့ပေါင်းစည်းသနည်း။ နေ့အချိန်တွင် နေ၏ အလင်းရောင်သည် တဖြည်းဖြည်းလျော့နည်းလာပြီး အဆုံးတွင် အရောင်များ ပေါင်းစည်းချုပ်ငြိမ်းသွားကာအမှောင်ထု ပေါင်းစည်းစုရုံးရောက်ရှိလာသော အချိန်အခါသည် **ည** ဖြစ်လာပါသည်။ ပေါင်းစည်းမှု နှစ်မျိုးဖြစ်ပါသည်။ အလင်းရောင်ပေါင်းစည်းချုပ်ငြိမ်းမှုနှင့် အမှောင်ထု ပေါင်းစည်းစုရုံးမှုဟူ၍ဖြစ်ပါသည်။

မြန်မာဘာသာစကား ည ၏ ပရိယာယ်ဝေါဟာရမှာ ညဥ့် ဖြစ်ပါသည်။ ညဥ့် ဟူသောဝေါဟာရကြောင့် **ည** ၏အနက် ပို၍ထင်ရှားသည်ဟု ဆိုရပါမည်။ **ညဥ့်** သည် စုတူသတ်စနစ်အရ **ညစ်** နှင့်တူပါသည်။ ညစ်၏အဓိပ္ပာယ်သည် အစွန်းအထင်းတစ်စုံတစ်ရာကြောင့် ပေရေမှောင်မည်းသည့် သဘောကိုဆောင်ပါသည်။ ထို့ကြောင့် **ည** ဟူသည်မှာ အရောင်မလင်းသော၊ ညစ်မှောင်သော၊ မှောင်မည်းသော အချိန်အခါဟူ၍ အဓိပ္ပာယ်ပေါ်လွင်ပါသည်။

ထို့ပြင် **ညပ်** သည် **ည** ၏ တိုင်းသံဖြစ်သည်။ **ည** နှင့် **ညပ်** တို့အနက်ရင်းတူညီသဖြင့် **ည** နှင့် **ညပ်** တို့၏အဓိပ္ပာယ်လည်း ဆက်စပ်မှုရှိသည်။ **ညပ်** ကို မြန်မာအဘိဓာန်တွင် "အကြားတစ်နေရာတွင် ကျပ်တည်းစွာတည်သည်။"ဟု အဓိပ္ပာယ် ဖွင့်ထားပါသည်။ အနက်ရင်းမှာ ပေါင်းစည်းခြင်းပင်ဖြစ်သည်။ အလျဉ်းသင့်သဖြင့်ဆိုရသော် **ညပ်** နှင့် **ကျပ်** သည် အသံပြောင်းအနက်တူပင်ဖြစ်သည်။ ပေါင်းစည်းနက်ဖြစ်သည်။

### ဋ

မြန်မာဗျည်းအက္ခရာ ၃၃ လုံးတွင် ဋ၊ ဌ၊ ဍ၊ ဎ၊ ဏ ဟု ဆိုအပ်သော ဗျည်းအက္ခရာငါးလုံးလည်း ပါဝင်နေပါသည်။ ယင်းတို့ကို ဋဝဂ်ဗျည်းအက္ခရာငါးလုံးဟုဆိုပါသည်။ အကယ်စင်စစ် ထိုဋဝဂ်ဗျည်းအက္ခရာငါးလုံးသည် မြန်မာဘာသာတွင် အနက်မရှိ၊ အဓိပ္ပာယ်မရှိသော ဗျည်းအက္ခရာများဖြစ်ကြပါသည်။ သို့ရာတွင် ထိုဋဝဂ်အက္ခရာ ငါးလုံးတို့သည် ပါဠိဘာသာ၊ သက္ကတဘာသာတို့တွင် အနက်ရှိ၊ အဓိပ္ပာယ်ရှိသော အက္ခရာများဖြစ်ကြပါသည်။ မြန်မာဘာသာသည် အဆိုပါ ဋဝဂ် အက္ခရာများကို ပါဠိသက်၊ သက္ကတသက် ဝေါဟာရများအဖြစ် မွေးစားသုံးနှုန်းနေကြရသဖြင့် ဋဝဂ်အက္ခရာတို့ကို မြန်မာဗျည်းအက္ခရာများတွင် ထည့်သွင်းထားရပါသည်။ မြန်မာဘာသာတွင် ပါဠိသက်ဝေါဟာရများ၊ သက္ကတသက်ဝေါဟာရများနှင့် မကင်းနိုင်ကြောင်း သာဓကအချို့ ထုတ်ပြပါမည်။

**သာဓက။** ။

**ကုဋီ**၊ န - ၁၊ တိုက်ခန်း။ အိမ်။ ကျောင်း။ ၂၊ ရဟန်းတော်များ ကျင်ကြီးကျင်ငယ်စွန့်ရာ အဆောက်အအုံ။ [ ပါ၊ ကုဋိ]

**ကုဋေ**၊ န - ဆယ်သန်းရှိသောအရေအတွက်။ [ ပါ၊ ကောဋိ]

**ကဏ္ဍကောစ**၊ ကြိဝိ - ဆန့်ကျင်လျက်။ ဖီဆန်လျက်။ [ပါ၊ ကဏ္ဍက]

**ဋီကာ**၊ န - အဋ္ဌကထာကိုအကျယ်ဖွင့်ဆိုရေးသားသောကျမ်း။ [ပါ၊ ဋီကာ]

**ဋီကာချဲ့**၊ ကြိ - ချဲ့ထွင်ပြောဆိုရေးသားသည်။ [ ပါ၊ ဋီကာ + မြန်၊ ချဲ့ ]

**ဝဋ်လိုက်**၊ ကြိ - မကောင်းမှု အကျိုးကို တန်ပြန်ခံစားရသည်။ ဝဋ်လည်သည်။ [ပါ၊ ဝဋ္ဋ + မြန်၊ လိုက်]

**ကုဋ္ဌ**၊ န - အနာကြီးရောဂါ။ နူနာ။ [ပါ၊ ကုဋ္ဌ ( ဋ္ဌ = ဋ် + ဌ )]

### ဌ

**သာဓက။** ။

**ကဏ္ဌဌာန်**၊ န - က၊ ခ၊ ဂ၊ ဃ၊ င၊ ဟ၊ အ၊ အာ ဟူသော အက္ခရာရှစ်လုံးတို့ဖြစ်ရာ လည်ချောင်းအရပ်။ [ပါ၊ ကဏ္ဌ + ဌာန ]

**ဌာန**၊ န - ၁၊ နေရာ။ အရပ်။ ၂၊ လုပ်ငန်းရပ်တစ်ခုခုကို စီမံခန့်ခွဲရာ နေရာ။ [ ပါ၊ ဌာန]

**ဌာနန္တရ**၊ န - ရာထူး။ [ပါ၊ ဌာနန္တရ]

**ဌာပနာ**၊ ကြိ - ၁၊ မွေတော်ဓာတ်တော်စသည်ကို စေတီပုထိုးတွင် ထည့်သွင်းသည်။ ၂၊ မုန့်အတွင်းတွင် ထန်းလျက်စသည်ကို ထည့်သည်။

န- ထိုသို့ထည့်သွင်းသောပစ္စည်း။ [ပါ၊ ဌပန]

**ဌာန်**၊ န - စကားသံဖြစ်ရာ လည်ချောင်းစသောနေရာ။ [ပါ၊ ဌာန]

**ဒိဋ္ဌ**၊ ကြိဝိ - ၁၊ မျက်မြင်ကိုယ်တွေ့။ ၂၊ ကေန်မုချ။ [ပါ၊ ဒိဋ္ဌ (ဋ္ဌ = ဋ် + ဌ )]

**ပဋ္ဌာန်း**၊ န - အကြောင်းတရား၂၄ပါးကိုအကျယ်ဝေဖန်ဟောပြောသော ဗုဒ္ဓဒေသနာတစ်ရပ်။ [ပါ၊ ပဋ္ဌာန (ဋ္ဌ = ဋ် + ဌ )]

**သန္နိဋ္ဌာန်**၊ န - ဆုံးဖြတ်ချက်။ [ပါ၊ သန္နိဋ္ဌာန (ဋ္ဌ = ဋ် + ဌ )]

**ဥက္ကဋ္ဌ**၊ န - အဖွဲ့အစည်းတစ်ခုခု၏ အကြီးအကဲ၊ အကြီးအမှူး။ [ပါ၊ ဥက္ကဋ္ဌ (ဋ္ဌ = ဋ် + ဌ )]

### ဍ

**သာဓက။** ။

**ကဏ္ဍ**၊ န - အပိုင်း။ အခန်း။ [ပါ၊ ကဏ္ဍ ]

**ကဏ္ဍကမြင်း**၊ န - ဘုရားလောင်း သိဒ္ဓတ္ထမင်းသား၏ ဖွားဖက်တော် ခုနစ်ပါးတွင်ပါဝင်သော စီးတော်မြင်း၏ အမည်။ [ပါ၊ ကဏ္ဍက + မြန်၊ မြင်း]

**စဏ္ဍာလ**၊ န - အမျိုးဇာတ် ယုတ်နိမ့်သောသူ။ (သုသာန်စောင့်စသည်။) [ပါ၊ စဏ္ဍာလ]

**ဍရင်ကောက်ပင်**၊ န - ကွေးကောက်သည့်အညွန့်နုကိုစားရသော ဟင်းရွက်ပင်တစ်မျိုး။

**ပိဏ္ဍပါတ်ဆွမ်း**၊ န - ဆွမ်းခံ၍ရသောဆွမ်း။ [ပါ၊ ပိဏ္ဍပါတိက + မြန်၊ ဆွမ်း]

**ပုဏ္ဍရိက်**၊ န - ကြာဖြူ။ [ပါ၊ ပုဏ္ဍရိက ]

**ဘဏ္ဍာရေးနှစ်**၊ န - နိုင်ငံ့ဘဏ္ဍာကို စီမံခန့်ခွဲရာ၌ တစ်နှစ်တာ ပိုင်းခြား သတ်မှတ်ထားသည့် ကာလ။ [ပါ၊ ဘဏ္ဍ + မြန်၊ ရေးနှစ် ]

(ဆက်လက်ဖော်ပြပါမည်)

## တရားမအမှုလိုက် လက်တွေ့ဘာသာရပ် သင်တန်းဆင်းပွဲကျင်းပ

မော်လမြိုင် စက်တင်ဘာ ၂၉

တရားမအမှုလိုက် လက်တွေ့ဘာသာရပ် သင်တန်းအမှတ်စဉ် (၁/၂၀၂၄) ဆင်းပွဲအခမ်းအနားကို ယနေ့မွန်းလွဲပိုင်းက မွန်ပြည်နယ်ဥပဒေချုပ်ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ မွန်ပြည်နယ်ဥပဒေချုပ် ဦးမြင့်အောင်က အမှာစကားပြောကြားသည်။

ဆက်လက်၍ပြည်နယ် ဥပဒေချုပ်က သင်တန်းတွင် ပထမဆုရရှိသူ ပြည်နယ်ဥပဒေချုပ်ရုံးမှ လက်ထောက်ပြည်နယ်ဥပဒေအရာရှိ ဒေါ်အိကေခိုင်နှင့် ဆုရရှိသူများအား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ပြီး ပြည်နယ်ဥပဒေအရာရှိက သင်တန်းဆင်း ဥပဒေအရာရှိများအား သင်တန်းဆင်းလက်မှတ်များ ပေးအပ်ခဲ့သည်။

အဆိုပါသင်တန်းသို့ မွန်ပြည်နယ်အတွင်းရှိ ဥပဒေရုံးအဆင့်ဆင့်မှ ဥပဒေအရာရှိ သင်တန်းသား သင်တန်းသူ ၅၀ ဖြင့် တရားမအမှုလိုက်ပညာရပ်၊ စာတွေ့၊ လက်တွေ့ဘာသာရပ်များကို စက်တင်ဘာ ၂၈ ရက်မှ ၂၉ ရက်အထိ သင်ကြားပို့ချပေးခဲ့ကြောင်း သိရသည်။

ခင်စန်းမြင့်(ပြန်/ဆက်)





## မအူပင်မြို့၌ စဉ်ဆက်ပညာရေးလုပ်ငန်း မြို့နယ်အဆင့်နည်းပြသင်တန်းဖွင့်ပွဲ ကျင်းပ

မအူပင် စက်တင်ဘာ ၂၉

ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့တွင် ၂၀၂၄ ခုနှစ် စဉ်ဆက်ပညာရေးလုပ်ငန်း မြို့နယ်အဆင့် နည်းပြသင်တန်းဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် အမှတ် (၁) အခြေခံပညာ အထက်တန်းကျောင်း မြတ်ပညာခန်းမ၌ ကျင်းပသည်။

ဦးစွာ မအူပင်မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးတိုးတိုးဝင်းက အဖွင့်အမှာစကား ပြောကြားပြီး ခရိုင်ပညာရေးမှူး ဒေါက်တာသန္တာဆွေက စဉ်ဆက်ပညာရေးလုပ်ငန်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မအူပင်မြို့နယ် စဉ်ဆက်ပညာရေး လုပ်ငန်း သင်တန်းကြီးကြပ် ဆရာကြီး ဦးဝင်းနိုင်က သင်တန်းအချိန်ဇယားနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးတိုးတိုးဝင်းက နည်းပြသင်တန်းသား သင်တန်းသူများအား သင်တန်းသုံးဆက်စပ်ပစ္စည်းများ ပေးအပ်သည်။

အဆိုပါ သင်တန်းကာလမှာ စက်တင်ဘာ ၂၉ ရက်မှ အောက်တိုဘာ ၃ ရက်အထိဖြစ်ကြောင်း သိရသည်။ **အောင်မြင့်မြတ် (ပြန်/ဆက်)**

# ပုဂံယဉ်ကျေးမှုအမွေအနှစ်ဒေသရှိ ရွှေစည်းခုံစေတီတော် အထွေထွေပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများ စနစ်တကျဆောင်ရွက်နိုင်ရေး ဘက်စုံလွှမ်းခြုံသောအစီအစဉ်ရေးဆွဲရန် လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ



**နေပြည်တော် စက်တင်ဘာ ၂၉**

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်သည် ဒုတိယဝန်ကြီး ဒေါ်နုမြဖံ၊ တာဝန်ရှိသူများနှင့်အတူ ယနေ့ညနေပိုင်းတွင် ပုဂံကမ္ဘာ့အမွေအနှစ်ဒေသရှိ ရွှေစည်းခုံစေတီတော်သို့ရောက်ရှိပြီး ကျန်စစ်သားမင်းကြီး၏ အတ္ထုပ္ပတ္တိကျောက်စာထိန်းသိမ်းထားရှိမှု၊ ကမ္ဘာ့မှတ်တမ်းအမွေအနှစ်စာရင်းဝင် (Memory of the World–MoW)ရရှိထားသော ဘုရင့်နောင်မင်းတရားကြီး လှူဒါန်းခဲ့သည့် ခေါင်းလောင်းတွင် ဘုရင့်နောင်မင်းတရားကြီး၏ တိုက်ခိုက်အောင်မြင်ရာ အရပ်ဒေသနှင့် သာသနာပြုခဲ့ပုံတို့ကို ရေးထိုးထားသည့် စာသားများအား ထင်ရှားအောင် ကြေးချွတ်သန့်စင်ဆောင်ရွက်နေမှု၊ အရှေ့ဘက်ကြေးကူတိုက် ပြုပြင်ထိန်းသိမ်းနေမှု၊ မူလခင်းထားသည့် သဘာဝသဲကျောက်ပြားများအား စမ်းသပ်တူးဖော်နေမှုများကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ပုဂံယဉ်ကျေးမှုအမွေအနှစ်ဒေသရှိ ရွှေစည်းခုံဘုရား အထွေထွေပြုပြင်ထိန်းသိမ်းရေး လုပ်ငန်းများ စနစ်တကျဆောင်ရွက်နိုင်ရေး ဘက်စုံလွှမ်းခြုံသော အစီအစဉ်(Master Plan)ရေးဆွဲရေးလုပ်ငန်း ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်သည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်များနှင့်အညီ ရွှေစည်းခုံစေတီတော်ကြီး ပြုပြင်ထိန်းသိမ်းရေး ဆောင်ရွက်ရာတွင် ဘက်စုံလွှမ်းခြုံသောအစီအစဉ် ရေးဆွဲနိုင်ရေးအတွက် ယခုအစည်းအဝေး ပြုလုပ်ရခြင်းဖြစ်ကြောင်း၊ ရွှေစည်းခုံစေတီတော်ကြီးတွင် ရေးဟောင်းလက်ရာ ကျန်ရှိမှုအဆင့်သည် Grade 1 ဖြစ်ပြီး ကျန်စစ်သားမင်းကြီး အတ္ထုပ္ပတ္တိကျောက်စာတိုင် နှစ်တိုင်၊ ကမ္ဘာ့မှတ်တမ်း အမွေအနှစ်စာရင်းဝင်(Memory of the World–MoW) ဘုရင့်နောင်မင်းတရားကြီး၏ ဘာသာသုံးမျိုးဖြင့်ရေးထိုးထားသည့်ခေါင်းလောင်းကြီးလည်း ရှိကြောင်း၊ လေးဘက်လေးတန်ရှိ ကြေးကူတိုက်များသည် သမိုင်းအရ အရေးပါသည့်နေရာများဖြစ်ကြောင်း၊ ဘုရားရင်ပြင်တော်ကိုလည်း ကမ္ဘာ့အမွေအနှစ်ဒေသတစ်ခုနှင့်အညီ ဆီလျော်တင့်တယ်မှုရှိအောင် ဆောင်ရွက်ရန်လိုအပ်သည်ကို တွေ့ရှိရကြောင်း။

ရွှေစည်းခုံစေတီတော်ဝင်း အတွင်းရှိ ခေတ်အဆက်ဆက် အလှူရှင်များလှူဒါန်းမှုဖြင့် ဆောက်လုပ်ထားသော အဆောက်အအုံများကို လိုအပ်သည့် ပြုပြင်ထိန်းသိမ်းမှုများ ဆောင်ရွက်ရန် လိုအပ်သကဲ့သို့ မူလအလှူရှင်များ ပြုပြင်နိုင်ခြင်း မရှိပါက ဂေါပကအဖွဲ့အနေဖြင့် ဆောင်ရွက်ရန်လိုအပ်မည်ဖြစ်ကြောင်း၊ ရွှေစည်းခုံစေတီတော်ကြီးတည်ထားခဲ့စဉ်ကတည်းက ခင်းထားသည့် သဲကျောက်ပြားများနှင့် ပျက်စီးမှုကို အစားထိုးထားသည့် စကျင်ကျောက်ပြားများကို အချိန်ယူပြန်ဖော်ပြီး စနစ်တကျထိန်းသိမ်းကာ ယခုပြုပြင်ခင်းထားသည့် စကျင်လျှောက်လမ်းနှင့် Level ညှိ၍ ဥပမိရပ်ကောင်းမွန်စေရေး ဆောင်ရွက်သွားရန်လိုအပ်ကြောင်းနှင့် ယခုရေးဆွဲမည့် Master Plan ကို အမြန်ဆုံးရေးဆွဲပြီးစီးနိုင်ရေး ဆောင်ရွက်ပေးကြရန် တိုက်တွန်းပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးက ပညာရှင်များ ပူးပေါင်း၍ Master Plan ရေးဆွဲနိုင်ရေးအတွက် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်များနှင့်အညီ ဆောင်ရွက်နိုင်ရေး လိုအပ်သည့် အကြံပြုတင်ပြချက်များကို ဆွေးနွေးသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက နယ်ပယ်အသီးသီးမှ ပညာရှင်များပါဝင်သော ရွှေစည်းခုံစေတီတော် အထွေထွေပြုပြင်ထိန်းသိမ်းရေး လုပ်ငန်းများ ရေရှည်စနစ်တကျ ဆောင်ရွက်နိုင်ရန် Master Plan ရေးဆွဲရေးအဖွဲ့ ဖွဲ့စည်းဆောင်ရွက်ရန် တို့ကိုမှာကြားပြီး အစည်းအဝေးကို ရုပ်သိမ်းကာ ရွှေစည်းခုံစေတီတော်ကြီးအား ဖူးမြော်ကြည်ညို၍ လှည့်လည်စစ်ဆေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဆရာအတတ်သင်ကောလိပ် (TTTC ဘယ်လင်း)၌ EV ပြုပြင်ထိန်းသိမ်းမှုသင်တန်းဆင်းပွဲ ကျင်းပ

**နေပြည်တော် စက်တင်ဘာ ၂၉**

လျှပ်စစ်သုံးယာဉ်နှင့် ဆက်စပ်ပစ္စည်းများ သုတေသနဖွံ့ဖြိုးရေးနှင့် နည်းပညာပြန့်ပွားရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဒေါက်တာ အောင်ဇေယျသည် စက်တင်ဘာ ၂၇ ရက် မွန်းလွဲပိုင်းက နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေး ဆရာအတတ်သင်ကောလိပ် (TTTC ဘယ်လင်း) EV Workshop ၌ EV ပြုပြင်ထိန်းသိမ်းမှုသင်တန်း(၂/၂၀၂၄) သို့ တက်ရောက်လျက်ရှိသည့် သင်တန်းသားများ၏ လက်တွေ့လုပ်ငန်းများ ဆောင်ရွက်နေမှုများ ကြည့်ရှုအားပေးကာ လိုအပ်သည်များကို မှာကြားသည်။

**သင်တန်းဆင်း**
**အောင်လက်မှတ်များ ပေးအပ်**

ထို့နောက် ဒုတိယဝန်ကြီးသည် EV ပြုပြင်ထိန်းသိမ်းမှုသင်တန်း (၂/၂၀၂၄)သင်တန်းဆင်းပွဲ အခမ်းအနားသို့ တက်ရောက်၍ EV နည်းပညာသင်တန်းများကို စံနှုန်းများနှင့်အညီ ဖွင့်လှစ်ကာ ကျွမ်းကျင်သူများကို စဉ်ဆက်မပြတ် ပျိုးထောင်ပေးလျက်ရှိကြောင်း၊ သင်တန်းဆင်းများသည် လေ့လာသိရှိခဲ့သည့် နည်းပညာများကို မိမိတို့၏ ဌာနနှင့် လုပ်ငန်းခွင်များတွင် ပိုမိုတိုးတက်မှုရှိစေရန် အကျိုးရှိစွာ ပြန်လည်အသုံးချရန်၊ EV သုံးစွဲသည့်ပြည်သူများ၏လက်ဝယ်အရောက် နည်းပညာများကို ဆက်လက် ဖြန့်ဝေပေးသွားရန် တိုက်တွန်းပြောကြားပြီး သင်တန်းသားများထံ သင်တန်းဆင်း အောင်လက်မှတ်များ ပေးအပ်ချီးမြှင့်သည်။

သင်တန်းသို့ ပြင်ပ EV ကုမ္ပဏီများနှင့် EV Workshop များမှ သင်တန်းသား ၁၈ ဦးနှင့် ဝန်ကြီးဌာနများမှ သင်တန်းသား ခုနစ်ဦး တက်ရောက်ပြီး EV အဆင့်မြင့် သင်ထောက်ကူ ပစ္စည်းများကို




Electude Digital Learning Management System ဖြင့် စက်တင်ဘာ ၉ ရက်မှ ၂၇ ရက်အထိ သင်တန်းကာလ သုံးပတ်အတွင်း တစ်ပတ်လျှင် ငါးရက်၊ တစ်ရက်လျှင် ၆ နာရီနှုန်းဖြင့် ပို့ချခဲ့ပြီး ပြင်ပ EV လုပ်ငန်းရှင်များ၏ နည်းပညာလိုအပ်ချက်နှင့် တက်ရောက်နိုင်မှုတို့အပေါ် မူတည်၍ သင်တန်းများကို တိုးချဲ့ဖွင့်လှစ်သွားရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**



၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူရေး မြို့နယ်အဆင့် စာရင်းစစ်၊ စာရင်းကောက်သင်တန်းဆင်းပွဲကို စက်တင်ဘာ ၂၈ ရက်က သန်လျင်မြို့ အထက(၁)ရတနာရှင်းသန့်ခန်းမ၌ကျင်းပရာ မြို့နယ်သန်းခေါင်စာရင်းကော်မတီဥက္ကဋ္ဌ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစိုးတင့်က စာရင်းစစ်၊ စာရင်းကောက် ခန့်အပ်လွှာများ ပေးအပ်စဉ်။ သျှင်ဝင်းသျှင်

# သံဖြူဇရပ်မြို့နယ်၌ ကွန်ကရစ်လမ်းသစ်ဖွင့်ပွဲ ကျင်းပ

**သံဖြူဇရပ် စက်တင်ဘာ ၂၉**

မွန်ပြည်နယ် သံဖြူဇရပ်မြို့နယ်တွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန ငါးလုပ်ငန်းဦးစီးဌာနက ကြီးကြပ်ဆောင်ရွက်သည့် အောင်ပင်လယ်(ဆင်ပုန်း) မြစိမ်းရောင်(ငါးကဏ္ဍ) ကျေးရွာစီမံကိန်းက အကောင်အထည်ဖော် ဆောင်ရွက်သည့် အောင်ပင်လယ်(ဆင်ပုန်း)မြစိမ်းရောင်(ငါးကဏ္ဍ)ကျေးရွာ(ခမင်းဆိပ်) ကွန်ကရစ်လမ်းသစ်ဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက် ၁၀ နာရီက အဆိုပါလမ်း၌ ကျင်းပသည်။

ဖွင့်ပွဲအခမ်းအနားကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ



ဦးအောင်မိုးလွင်၊ မြို့နယ်ငါးလုပ်ငန်း ဦးစီးမှူး ဦးသက်နိုင်ဝင်း၊ မြစိမ်းရောင်ကျေးရွာကော်မတီ ဥက္ကဋ္ဌ ဦးဌေးဝင်းတို့က အဆိုပါလမ်းသစ်အား ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးခဲ့သည်။

ယခုဖွင့်လှစ်သည့် လမ်းသည် ၂၀၁၄–၂၀၁၅ ခုနှစ်မှ စတင်၍ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သော အောင်ပင်လယ် (ဆင်ပုန်း) မြစိမ်းရောင်(ငါးကဏ္ဍ)ကျေးရွာ စီမံကိန်းကော်မတီ၏ အရင်းမပျောက် မတည်ရန်ပုံငွေကျပ်သိန်း ၃၀၀ ၏ ၁၀ နှစ်တာကာလအတွင်း အတိုးငွေ ၅၀ ရာခိုင်နှုန်းဖြစ်သော ငွေကျပ်သိန်း ၂၀၀ ဖြင့် လမ်းအရှည် ပေ ၄၅၀၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မဖြင့် ဆောင်ရွက်ခဲ့သော လမ်းဖြစ်ပြီး ကျေးရွာရေလုပ်သားများအတွက် များစွာ အထောက်အကူပြုသော လမ်းတစ်ခုဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

❖

# နိုင်ငံရေးပါတီ (၂၆)ပါတီ၏ ပူးတွဲသဘောထားထုတ်ပြန်ကြေညာချက်

**နိုင်ငံရေးပါတီ (၂၆)ပါတီ၏**
**ပူးတွဲသဘောထားထုတ်ပြန်ကြေညာချက်**
**၁၃၈၆ ခုနှစ်၊ တော်သလင်းလပြည့်ကျော် (၁၂) ရက်**
**၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ (၂၉) ရက်**

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ ၂၆ ရက်နေ့တွင် နိုင်ငံရေးပြဿနာအား နိုင်ငံရေးနည်းလမ်းဖြင့် ဖြေရှင်းရန် ကမ်းလှမ်းဖိတ်ခေါ်ခြင်း ပြုလုပ်ခဲ့ပါသည်။

၂။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ချမှတ်ထားသည့် ရှေ့လုပ်ငန်းစဉ် (၅)ရပ်ပါ လွှတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်အာဏာလွှဲအပ်ရေးကို ဦးတည်ဆောင်ရွက်နေသော်လည်း နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းလမ်းဖြင့် ဖြေရှင်းခြင်းမပြုဘဲ လက်နက်ကိုင်အကြမ်းဖက်တိုက်ခိုက်သည့်နည်းလမ်းကို ရွေးချယ်အသုံးပြုခဲ့ကြသည့် လူပုဂ္ဂိုလ်/အဖွဲ့အစည်းများကြောင့် နိုင်ငံတော်၏ လူသားအရင်းအမြစ်များ၊ အခြေခံအဆောက်အဦများ၊ အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့ရသည့်အပြင် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို များစွာအဟန့်အတား ဖြစ်စေခဲ့ပါသည်။ ဤကဲ့သို့ ဖြစ်ပျက်တွေ့ကြုံခံစားနေရမှုများကို ပြည်သူလူထုတစ်ရပ်လုံးက လိုလားကြခြင်းလည်း မရှိကြပါ။

၃။ မကြာမီရက်ပိုင်းကလည်း နိုင်ငံအနှံ့အပြားတွင် သဘာဝဘေးဒဏ်ကြောင့် ရေကြီးရေလျှံမှုဒဏ်ကို နှစ်ပေါင်း ( ၅၀/ ၁၀၀)အတွင်း အဆိုးရွားဆုံးဖြစ်စဉ်အနေဖြင့် ရင်ဆိုင်ကြုံတွေ့ခဲ့ရပါသည်။ ရေဘေးဒဏ်ကြောင့် ပျက်စီးဆုံးရှုံးမှုများအတွက် ပြန်လည်ထူထောင်ရေးလုပ်ငန်းစဉ်များကို အလျင်အမြန်ပြန်လည်ဆောင်ရွက်နိုင်ရန် တည်ငြိမ်၊ အေးချမ်း၊ လုံခြုံမှုမှာ အထူးလိုအပ်ချက်ဖြစ်ပါသည်။

၄။ ယခုအခါ ကျင်းပရန်ရှိသည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအတွက် မဲစာရင်းမှန်ကန်မှုကို အထောက်အကူပြုစေမည့် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းစဉ်အား ၂၀၂၄ ခုနှစ် အောက်တိုဘာလ ၁ ရက်နေ့မှစ၍ ဆောင်ရွက်တော့မည်ဖြစ်ပါသည်။ လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူမည့်လုပ်ငန်းစဉ်ကြီး အဆင်ပြေအေးချမ်းစွာ ဆောင်ရွက်နိုင်ရန်လည်း လိုအပ်ပါသည်။

၅။ သို့ပါ၍ နိုင်ငံတော်တွင်ဖြစ်ပေါ်ခဲ့ရသည့် ဆုံးရှုံးနစ်နာမှုများကိုထောက်ရှု၍ လည်းကောင်း၊ ရေဘေးသင့်ပြည်သူများအတွက် ပြန်လည်ထူထောင်ရေးလုပ်ငန်းစဉ်များအား ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ပေးနိုင်ရေးအတွက် လည်းကောင်း၊ ပါတီစုံအထွေထွေရွေးကောက်ပွဲအတွက် အထောက်အကူပြုနိုင်မည့် သန်းခေါင်စာရင်းကောက်ယူရေးလုပ်ငန်းစဉ်အား တည်ငြိမ်အေးချမ်းစွာဖြင့် အချိန်မီဆောင်ရွက်နိုင်ရန်အတွက် လည်းကောင်း၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးနှင့် ထာဝရငြိမ်းချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများအား ပြည်သူနှင့်အတူ လက်တွဲဆောင်ရွက်ရန်လိုအပ်ချက်အရ လည်းကောင်း၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၊ အကြမ်းဖက်အဖွဲ့များအား လက်နက်ကိုင်အကြမ်းဖက်တိုက်ခိုက်သည့်လမ်းစဉ်ကို စွန့်လွှတ်ကာ ပါတီနိုင်ငံရေးလမ်းကြောင်းဖြင့်ဖြစ်စေ၊ ရွေးကောက်ပွဲလမ်းကြောင့်ဖြင့်ဖြစ်စေ နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းလမ်းဖြင့် ဖြေရှင်းနိုင်ရေးအတွက် ကမ်းလှမ်းဖိတ်ခေါ်ထားခြင်းဖြစ်ကြောင်း တွေ့ရှိရပါသည်။

၆။ သို့ပါ၍ အထက်အပိုဒ်ပါ ထုတ်ပြန်ကမ်းလှမ်းချက်သည် ပြည်သူတစ်ရပ်လုံး၏ အမှန်တကယ်လိုလားချက်အား ကိုယ်စားပြုရာရောက်သည့် နိုင်ငံတော်၏အပြုသဘောဆောင်သော ကမ်းလှမ်းချက်ဖြစ်သောကြောင့် လည်းကောင်း၊ နိုင်ငံတော်နှင့် နိုင်ငံသားအားလုံး၏အကျိုးကိုရှေးရှုသော လိုက်နာပူးပေါင်းဆောင်ရွက်သင့်သည့် လုပ်ငန်းစဉ်တစ်ရပ်ဖြစ်ကြောင်း ရှုမြင်ပါသဖြင့် ၎င်းထုတ်ပြန်ချက်အပေါ် ကျွန်ုပ်တို့ နိုင်ငံရေးပါတီများက အပြည့်အဝထောက်ခံအပ်ပါကြောင်း ပူးတွဲသဘောထားထုတ်ပြန်အပ်ပါသည်။

| စဉ် | အမည် | ပါတီတာဝန် | ပါတီအမည် | လက်မှတ် |
|---|---|---|---|---|
| ၁။ | ဦးခင်ရီ | ဥက္ကဋ္ဌ | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | |
| ၂။ | ဦးဌေးကျော် | ဥက္ကဋ္ဌ | မြန်မာပြည်သူ့ဒီမိုကရက်တစ်ပါတီ | |
| ၃။ | ဦးခေါ်တိန့် | အတွင်းရေးမှူး | ဒီမိုကရေစီပါတီသစ်(ကချင်) | |
| ၄။ | ဦးဟန်ရွှေ | ဥက္ကဋ္ဌ | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | |
| ၅။ | ဦးအေးကြိုင် | ဥက္ကဋ္ဌ | ရခိုင်ပြည်နယ်အမျိုးသားအင်အားစုပါတီ | |
| ၆။ | ဦးလီပေါ်ရဲ့ | ဥက္ကဋ္ဌ | လီဆူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ (ဒူးလေးပါတီ) | |
| ၇။ | ဦးဦးသန်းဌေး | ဒုတိယဥက္ကဋ္ဌ | ခမီအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ | |
| ၈။ | ဦးထွန်းအောင် | ဥက္ကဋ္ဌ | အာခါအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ | |
| ၉။ | ဦးသိန်းကြည် | ဥက္ကဋ္ဌ | အမျိုးသားနိုင်ငံရေးမဟာမိတ်များအဖွဲ့ချုပ်ပါတီ | |
| ၁၀။ | ဦးကျော်ဇင် | ဥက္ကဋ္ဌ | ပြည်သူ့အလုပ်သမားပါတီ | |
| ၁၁။ | ဦးကျော်စွာစိုး | ဥက္ကဋ္ဌ | မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီ | |
| ၁၂။ | ဦးတင်ဆွေ | ဒုတိယဥက္ကဋ္ဌ | ဒီမိုကရက်တစ်ပါတီ | |
| ၁၃။ | ဒေါ်တင်တင်မာ | ဥက္ကဋ္ဌ | ဒီမိုကရက်တစ်အင်အားစုလေဘာပါတီ | |
| ၁၄။ | ဦးစိုင်းအိုက်ပေါင်း | ဥက္ကဋ္ဌ | ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ (ကျားဖြူပါတီ) | |
| ၁၅။ | ဦးစံသာအောင် | ဥက္ကဋ္ဌ | မြို့တိုင်းရင်းသားဖွံ့ဖြိုးရေးပါတီ | |
| ၁၆။ | ဦးနိုင်မင်း | ဒုတိယဥက္ကဋ္ဌ | အမျိုးသားဒီမိုကရေစီပါတီသစ် | |
| ၁၇။ | ဦးအောင်ဖြိုးကျော် | နာယက | အမျိုးသားအကျိုးစီးပွားတိုးတက်ရေးပါတီ | |
| ၁၈။ | ဦးအောင်ဘ | ဗဟို အလုပ်အမှုဆောင် | ခူမီး အမျိုးသားပါတီ | |
| ၁၉။ | ဒေါ်ဝင်းကေခိုင်အေး | ဥက္ကဋ္ဌ | အမျိုးသားနိုင်ငံရေးအားမာန်သစ်ပါတီ | |
| ၂၀။ | ဒေါ်စောယုမာ | ဥက္ကဋ္ဌ | ပြည်ထောင်စုငြိမ်းချမ်းရေးနှင့်ညီညွတ်ရေးပါတီ | |
| ၂၁။ | ဦးထွန်းအောင်ကျော် | ဥက္ကဋ္ဌ | ခေတ်သစ်ပြည်သူ့ပါတီ | |
| ၂၂။ | ဦးမြင့်သန်း | ဥက္ကဋ္ဌ | လေဘာပါတီ | |
| ၂၃။ | ဦးသန်းဦး | ဒုတိယဥက္ကဋ္ဌ | ၈၈ မျိုးဆက်ကျောင်းသားလူငယ်များ (ပြည်ထောင်စုမြန်မာနိုင်ငံ)ပါတီ | |
| ၂၄။ | ဦးအေးလွင် | ဥက္ကဋ္ဌ | ပြည်ထောင်စုမြန်မာနိုင်ငံအမျိုးသားနိုင်ငံရေးအဖွဲ့ချုပ်ပါတီ | |
| ၂၅။ | ဦးပါစီပြည်ဟိန်း | ဥက္ကဋ္ဌ | လူထုပါတီ | |
| ၂၆။ | ဒေါ်စန္ဒာဦး | ဥက္ကဋ္ဌ | မတူကွဲပြားခြင်းနှင့်ငြိမ်းချမ်းရေးပါတီ | |



မွန်ပြည်နယ် မုဒုံမြို့နယ်တွင် ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း စာရင်းစစ်၊ စာရင်းကောက်သင်တန်းဆင်းပွဲ အခမ်းအနားကို စက်တင်ဘာ ၂၈ရက်ကအထက(၁) ရှင်အရဟံခန်းမ၌ ကျင်းပစဉ်။
အောင်မျိုးသူ(ပြန်/ဆက်)



ဧရာဝတီ တိုင်းဒေသကြီး ပန်းတနော်မြို့တွင် ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း မြို့နယ်အဆင့် စာရင်းစစ်၊ စာရင်းကောက်သင်တန်းဆင်းပွဲကို စက်တင်ဘာ ၂၈ ရက် မွန်းလွဲ ၁ နာရီက ပြည်လုံးချမ်းသာသာသနာ့ဗိမာန်၌ ကျင်းပစဉ်။ ကျော်သူအောင်(ပြန်/ဆက်)

# နိုင်ငံရေးပြဿနာအား နိုင်ငံရေးနည်းလမ်းဖြင့် ဖြေရှင်းရန် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ကမ်းလှမ်းဖိတ်ခေါ်ခြင်းအပေါ် အဖွဲ့အစည်းအသီးသီးမှ ကြိုဆိုထောက်ခံကြောင်း သဘောထားများ ထုတ်ပြန်

**နေပြည်တော် စက်တင်ဘာ ၂၉**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် လက်နက်ကိုင်လမ်းစဉ်နှင့် အကြမ်းဖက်လမ်းစဉ်တို့ကြောင့် နိုင်ငံတော်တွင်ဖြစ်ပေါ်ခဲ့ရသည့် ဆုံးရှုံးနစ်နာမှုများကို ထောက်ရှု၍ ထာဝရငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို ပြည်သူများနှင့်အတူ လက်တွဲဖော်ဆောင်နိုင်ရန်အလို့ငှာ နိုင်ငံတော်အားဆန့်ကျင်တိုက်ခိုက်နေသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၊ အကြမ်းဖက်သောင်းကျန်းသူအဖွဲ့အစည်းများ၊ အကြမ်းဖက် PDF အဖွဲ့များအား လက်နက်ကိုင်အကြမ်းဖက်တိုက်ခိုက်သည့် လမ်းစဉ်ကို စွန့်လွှတ်ကာ ပါတီနိုင်ငံရေးလမ်းကြောင်းဖြင့်သော်လည်းကောင်း၊ ရွေးကောက်ပွဲလမ်းကြောင်းမှသော်လည်းကောင်း နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းလမ်းဖြင့် ဖြေရှင်းနိုင်ရေး ဆက်သွယ်ဆောင်ရွက်နိုင်ပါရန် ၂၀၂၄ ခုနှစ်၊ စက်တင်ဘာ ၂၆ ရက်တွင် ကမ်းလှမ်းဖိတ်ခေါ်ခဲ့သည်။

ထိုသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက နိုင်ငံတော်တွင်ဖြစ်ပေါ်ခဲ့ရသည့် ဆုံးရှုံးနစ်နာမှုများကိုထောက်ရှု၍ နိုင်ငံရေးပြဿနာအား နိုင်ငံရေးနည်းလမ်းဖြင့် ဖြေရှင်းရန် ကမ်းလှမ်းဖိတ်ခေါ်ခဲ့မှုအပေါ် ကြိုဆိုထောက်ခံပါကြောင်း ဗုဒ္ဓဘာသာကလျာဏယုဝအသင်း YMBA(ဗဟို)၊ ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့(ဗဟို)၊ မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ၊ မြန်မာနိုင်ငံအားကစားမီဒီယာများအဖွဲ့ချုပ်၊ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး၊ မြန်မာနိုင်ငံစာရေးဆရာအသင်း၊ မြန်မာနိုင်ငံဂီတအစည်းအရုံး(ဗဟို)၊ လူမျိုးပေါင်းစုံညီညွတ်ရေးနှင့် အကျိုးဆောင်အဖွဲ့(ယာယီ)၊ မြန်မာနိုင်ငံ ပန်းချီပန်းပုအစည်းအရုံး(ဗဟို)၊ မြန်မာနိုင်ငံသဘင်အစည်းအရုံး(ဗဟို)၊ မြန်မာနိုင်ငံ ဟာသပညာရှင်များအစည်းအရုံး၊ မြန်မာနိုင်ငံ ဇဝံဂေလိ ခရစ်ယာန်မဟာမိတ်အဖွဲ့ချုပ်၊ ပြည်ထောင်စုမြန်မာနိုင်ငံမက်သဒစ်အသင်းတော် (အောက်မြန်မာပြည်)၊ ယုံကြည်ခြင်း ဇဝံဂေလိအသင်းတော်(ပဲခူး)၊ လွတ်မြောက်ခြင်းအသင်းတော်(ရန်ကုန်)၊ မြန်မာနိုင်ငံလုံးဆိုင်ရာ ဟိန္ဒူဘာသာရေးဗဟိုအဖွဲ့ချုပ်၊ မြန်မာနိုင်ငံလုံးဆိုင်ရာ တမီလ်ဟိန္ဒူဖောင်ဒေးရှင်း(ဗဟို)၊ သနန္တဓမ္မပါလက(ဟိန္ဒူ)အဖွဲ့ချုပ်၊ မြန်မာနိုင်ငံလုံးဆိုင်ရာ အစ္စလာမ်ဘာသာရေးအဖွဲ့ကြီးနှင့် ပိန္နဲကုန်း ရခိုင်ဂျာမေဗလီတို့မှ ကြိုဆိုထောက်ခံပါကြောင်း သဘောထားများ ထုတ်ပြန်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

## နိုင်ငံရေးပြဿနာအား နိုင်ငံရေးနည်းလမ်းဖြင့် ဖြေရှင်းရန် ကမ်းလှမ်းဖိတ်ခေါ်ခြင်းအား ဗုဒ္ဓဘာသာကလျာဏယုဝအသင်း YMBA (ဗဟို) က ကြိုဆိုထောက်ခံကြောင်း ကြေညာချက်

**၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ ၂၉ ရက်**

၁။ လက်နက်ကိုင်လမ်းစဉ်နှင့် အကြမ်းဖက်လမ်းစဉ်တို့ကြောင့် နိုင်ငံတော်တွင် ဖြစ်ပေါ်ခဲ့ရသည့် ဆုံးရှုံးနစ်နာမှုများကို ထောက်ရှု၍ ထာဝရငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို ပြည်သူများနှင့်အတူ လက်တွဲဖော်ဆောင်နိုင်ရန်အလို့ငှာ နိုင်ငံတော်အား ဆန့်ကျင်တိုက်ခိုက်နေသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၊ အကြမ်းဖက်သောင်းကျန်းသူအဖွဲ့အစည်းများ၊ အကြမ်းဖက် PDF အဖွဲ့များအနေဖြင့် အကြမ်းဖက်တိုက်ခိုက်သည့်လမ်းစဉ်ကို စွန့်လွှတ်ကာ ပါတီနိုင်ငံရေးလမ်းကြောင်းဖြင့်သော်လည်းကောင်း၊ ရွေးကောက်ပွဲလမ်းကြောင်းမှသော်လည်းကောင်း နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းလမ်းဖြင့် ဖြေရှင်းနိုင်ရေး ဆက်သွယ်ဆောင်ရွက်နိုင်ပါရန် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ ၂၆ ရက်နေ့တွင် ထုတ်ပြန်ခဲ့ပါသည်။

၂။ ထိုသို့ လက်နက်ကိုင်လမ်းစဉ်နှင့် အကြမ်းဖက်လမ်းစဉ်တို့ကြောင့် နိုင်ငံတော်တွင် ဖြစ်ပေါ်ခဲ့ရသည့် ဆုံးရှုံးနစ်နာမှုများကို ထောက်ရှု၍ နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းလမ်းဖြင့် ဖြေရှင်းရန် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ကမ်းလှမ်းဖိတ်ခေါ်ခြင်းအား ဗုဒ္ဓဘာသာကလျာဏယုဝအသင်းYMBA(ဗဟို)က ကြိုဆိုထောက်ခံပါကြောင်း သဘောထားထုတ်ပြန်ကြေညာအပ်ပါသည်။

**ဗုဒ္ဓဘာသာကလျာဏယုဝအသင်း YMBA (ဗဟို)**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့(ဗဟို) သဘောထားထုတ်ပြန်ချက်

**၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ ၂၉ ရက်**

၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ ၂၆ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက လက်နက်ကိုင်လမ်းစဉ်နှင့် အကြမ်းဖက်လမ်းစဉ်တို့ကြောင့် နိုင်ငံတော်တွင် ဖြစ်ပေါ်ခဲ့ရသည့် ဆုံးရှုံးနစ်နာမှုများကို ထောက်ရှု၍ ထာဝရငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို ပြည်သူများနှင့်အတူ လက်တွဲဖော်ဆောင်နိုင်ရန်အလို့ငှာ နိုင်ငံတော်အား ဆန့်ကျင်တိုက်ခိုက်နေသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၊ အကြမ်းဖက်သောင်းကျန်းသူအဖွဲ့အစည်းများ၊ အကြမ်းဖက် PDF အဖွဲ့များကို အကြမ်းဖက်တိုက်ခိုက်သည့် လမ်းစဉ်ကို စွန့်လွှတ်ပြီး ပါတီနိုင်ငံရေးလမ်းကြောင်းဖြင့်သော်လည်းကောင်း၊ ရွေးကောက်ပွဲလမ်းကြောင်းမှသော်လည်းကောင်း နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းလမ်းဖြင့် ဖြေရှင်းနိုင်ရေး ဆက်သွယ်ဆောင်ရွက်နိုင်ပါရန် ထုတ်ပြန်ကြေညာခဲ့ပါသည်။

ထိုသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ဖိတ်ခေါ်ကမ်းလှမ်းချက်ကို လက်ခံခြင်းအားဖြင့် နိုင်ငံ၏စည်းလုံးရေး၊ အေးချမ်းသာယာရေး၊ တိုးတက်စည်ပင်ဝပြောရေးအကျိုးများ ရရှိခံစားရမည်ဖြစ်သည်ဟု ယုံကြည်ပါသောကြောင့် ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့(ဗဟို)က ကြိုဆိုထောက်ခံပါကြောင်း သဘောထားထုတ်ပြန်ကြေညာအပ်ပါသည်။

**ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့ (ဗဟို)**
**အလုပ်အမှုဆောင်အဖွဲ့**

## မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ၏ သဘောထားထုတ်ပြန်ချက်

**ကြေညာချက် (၈/၂၀၂၄)**
**၂၀၂၄ခုနှစ်၊ စက်တင်ဘာလ ၂၉ရက်၊ တနင်္ဂနွေနေ့**

၁။ နိုင်ငံတော်တွင် ဖြစ်ပေါ်ခဲ့ရသော ဆုံးရှုံးနစ်နာမှုများသည် လက်နက်ကိုင်လမ်းစဉ်နှင့် အကြမ်းဖက်လမ်းစဉ်တို့ကြောင့်ဖြစ်သည်ကို ထောက်ရှု၍ ထာဝရငြိမ်းချမ်းရေး ရရှိစေရန်နှင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်စေရန်အလို့ငှာ နိုင်ငံတော်ကို ဆန့်ကျင်တိုက်ခိုက်နေသည့် အဖွဲ့အစည်းများအားလုံးသည် အကြမ်းဖက်လမ်းစဉ်ကို စွန့်လွှတ်ကာ နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းလမ်းဖြင့် ဖြေရှင်းနိုင်ရေး ဆက်သွယ်ဆောင်ရွက်နိုင်ပါရန် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ ၂၆ ရက်နေ့တွင် ထုတ်ပြန်ခဲ့ပါသည်။

၂။ အဆိုပါထုတ်ပြန်ကြေညာချက်အား မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီက ကြိုဆိုထောက်ခံပါကြောင်း သဘောထားထုတ်ပြန်ကြေညာအပ်ပါသည်။

**မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ**

## မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး၏ သဘောထားထုတ်ပြန်ချက်

**၂၀၂၄ ခုနှစ် စက်တင်ဘာလ ၂၉ ရက်**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ၂၀၂၄ ခုနှစ် စက်တင်ဘာ ၂၆ ရက်နေ့တွင် နိုင်ငံတော်အား ဆန့်ကျင်တိုက်ခိုက်နေသည့် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများ၊ အကြမ်းဖက်သောင်းကျန်းသူအဖွဲ့အစည်းများ၊ PDF အဖွဲ့များအနေဖြင့် လက်နက်ကိုင်အကြမ်းဖက်တိုက်ခိုက်သည့်လမ်းစဉ်ကို စွန့်လွှတ်ကာ ပါတီနိုင်ငံရေးလမ်းကြောင်းဖြင့်သော်လည်းကောင်း၊ ရွေးကောက်ပွဲလမ်းကြောင်းမှသော်လည်းကောင်း နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းလမ်းဖြင့် ဖြေရှင်းနိုင်ရေးဆက်သွယ်ဆောင်ရွက်ပါရန် ကမ်းလှမ်းဖိတ်ခေါ်ခဲ့သည်။

အထက်ပါဖိတ်ခေါ်ချက်ကို လက်ခံခြင်းအားဖြင့် နိုင်ငံ၏စည်းလုံးရေး၊ အေးချမ်းသာယာရေး၊ တိုးတက်စည်ပင်ဝပြောရေးအကျိုးများ ရရှိခံစားရမည်ဖြစ်သည်ဟု ယုံကြည်ပါသောကြောင့် မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ဖိတ်ခေါ်ချက်ကို ထောက်ခံပါကြောင်း သဘောထားထုတ်ပြန်ကြေညာအပ်ပါသည်။

**မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး**

## မြန်မာနိုင်ငံစာရေးဆရာအသင်းက သဘောထားထုတ်ပြန်ချက်

**၂၀၂၄ခုနှစ်၊ စက်တင်ဘာလ ၂၉ ရက်**

၁။ လက်နက်ကိုင်လမ်းစဉ်နှင့် အကြမ်းဖက်လမ်းစဉ်တို့ကြောင့် နိုင်ငံတော်တွင် ဖြစ်ပေါ်ခဲ့ရသည့် ဆုံးရှုံးနစ်နာမှုများကို ထောက်ရှု၍ ထာဝရငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို ပြည်သူများနှင့်အတူ လက်တွဲဖော်ဆောင်နိုင်ရန်အလို့ငှာ နိုင်ငံတော်အား ဆန့်ကျင်တိုက်ခိုက်နေသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၊ အကြမ်းဖက်သောင်းကျန်းသူအဖွဲ့အစည်းများနှင့် အကြမ်းဖက် PDF အဖွဲ့များအနေဖြင့် အကြမ်းဖက်တိုက်ခိုက်သည့်လမ်းစဉ်ကို စွန့်လွှတ်ကာ ပါတီနိုင်ငံရေးလမ်းကြောင်းဖြင့်သော်လည်းကောင်း၊ ရွေးကောက်ပွဲလမ်းကြောင်းမှသော်လည်းကောင်း နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းလမ်းဖြင့် ဖြေရှင်းနိုင်ရေး ဆက်သွယ်ဆောင်ရွက်နိုင်ပါရန် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ ၂၆ ရက်တွင် ထုတ်ပြန်ခဲ့ပါသည်။

၂။ ထိုသို့ နိုင်ငံတော်အား နည်းလမ်းပေါင်းစုံဖြင့် ဆန့်ကျင်တိုက်ခိုက်နေသည့် လက်နက်ကိုင်အဖွဲ့အစည်းများအားလုံး နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းလမ်းဖြင့် ဖြေရှင်းရန် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ကမ်းလှမ်းဖိတ်ခေါ်ခြင်းအား မြန်မာနိုင်ငံစာရေးဆရာအသင်းက ကြိုဆိုထောက်ခံပါကြောင်း သဘောထားထုတ်ပြန်အပ်ပါသည်။

**မြန်မာနိုင်ငံစာရေးဆရာအသင်း**

## မြန်မာနိုင်ငံ အားကစားမီဒီယာများအဖွဲ့ချုပ် သဘောထားထုတ်ပြန်ကြေညာချက်

**၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ ၂၉ ရက်**

နိုင်ငံတော်အား ဆန့်ကျင်တိုက်ခိုက်နေသည့် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများ၊ အကြမ်းဖက်သောင်းကျန်းသူအဖွဲ့အစည်းများ၊ အကြမ်းဖက် PDF အဖွဲ့များအနေဖြင့် အကြမ်းဖက်တိုက်ခိုက်သည့်လမ်းစဉ်ကို စွန့်လွှတ်ကာ ပါတီနိုင်ငံရေးလမ်းကြောင်းဖြင့်သော်လည်းကောင်း၊ ရွေးကောက်ပွဲလမ်းကြောင်းမှသော်လည်းကောင်း နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းလမ်းဖြင့် ဖြေရှင်းနိုင်ရေး ဆက်သွယ်ဆောင်ရွက်နိုင်ပါရန် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ ၂၆ ရက်နေ့တွင် ထုတ်ပြန်ခဲ့ပါသည်။

အဆိုပါ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ သတင်းထုတ်ပြန်ချက်အား မြန်မာနိုင်ငံ အားကစားမီဒီယာများအဖွဲ့ချုပ်က ကြိုဆိုထောက်ခံပါကြောင်း သဘောထားထုတ်ပြန်ကြေညာအပ်ပါသည်။

**မြန်မာနိုင်ငံအားကစားမီဒီယာများအဖွဲ့ချုပ်**

## မြန်မာနိုင်ငံဂီတအစည်းအရုံး(ဗဟို)၏ သဘောထားထုတ်ပြန်ချက်

**၂၀၂၄ ခုနှစ်၊ စက်တင်ဘာ ၂၉ ရက်**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် နိုင်ငံတော်အား ဆန့်ကျင်တိုက်ခိုက်နေသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၊ အကြမ်းဖက်သောင်းကျန်းသူအဖွဲ့အစည်းများ၊ အကြမ်းဖက် PDF အဖွဲ့အစည်းများအနေဖြင့် လက်နက်ကိုင်အကြမ်းဖက်တိုက်ခိုက်သည့် လမ်းစဉ်ကို စွန့်လွှတ်ကာ ပါတီနိုင်ငံရေးလမ်းကြောင်းဖြင့်သော်လည်းကောင်း၊ ရွေးကောက်ပွဲလမ်းကြောင်းမှသော်လည်းကောင်း နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းလမ်းဖြင့် ဖြေရှင်းနိုင်ရေး ဆက်သွယ်ဆောင်ရွက်နိုင်ပါရန် ကမ်းလှမ်းဖိတ်ခေါ်ခဲ့ပါသည်။

ထိုသို့ ကမ်းလှမ်းဖိတ်ခေါ်ချက်ကို မြန်မာနိုင်ငံ ဂီတအစည်းအရုံး(ဗဟို)က ကြိုဆိုထောက်ခံပါကြောင်း သဘောထားထုတ်ပြန်အပ်ပါသည်။

**မြန်မာနိုင်ငံဂီတအစည်းအရုံး(ဗဟို)**

ပြင်ပအလင်းရောင်ကို အသုံးချပါ၊ မလိုအပ်သော အိမ်တွင်းလျှပ်စစ်မီးများကို လျှော့သုံးပါ

## လူမျိုးပေါင်းစုံညီညွတ်ရေးနှင့် အကျိုးဆောင်အဖွဲ့ (ယာယီ)၏ သဘောထားထုတ်ပြန်ချက်

၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ ၂၉ ရက်

လက်နက်ကိုင်လမ်းစဉ်နှင့် အကြမ်းဖက်လမ်းစဉ်တို့ကြောင့် နိုင်ငံတော်တွင် ဖြစ်ပေါ်ခဲ့ရသည့်ဆုံးရှုံးနစ်နာမှုများကို ထောက်ရှု၍ ထာဝရငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို ပြည်သူများနှင့်အတူ လက်တွဲဖော်ဆောင်နိုင်ရန်အလို့ငှာ နိုင်ငံတော်အား ဆန့်ကျင်တိုက်ခိုက်နေသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၊ အကြမ်းဖက်သောင်းကျန်းသူအဖွဲ့အစည်းများ၊ အကြမ်းဖက် PDF အဖွဲ့များအား အကြမ်းဖက်တိုက်ခိုက်သည့်လမ်းစဉ်ကို စွန့်လွှတ်ကာ ပါတီနိုင်ငံရေးလမ်းကြောင်းဖြင့်သော်လည်းကောင်း၊ ရွေးကောက်ပွဲလမ်းကြောင်းမှသော်လည်းကောင်း နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းလမ်းဖြင့် ဖြေရှင်းနိုင်ရေး ဆက်သွယ်ဆောင်ရွက်နိုင်ပါရန် ၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ ၂၆ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ကမ်းလှမ်းဖိတ်ခေါ်ခဲ့ပါသည်။

ယင်းသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းဖြင့် ဖြေရှင်းရန် ကမ်းလှမ်းဖိတ်ခေါ်မှုအား လူမျိုးပေါင်းစုံညီညွတ်ရေးနှင့် အကျိုးဆောင်အဖွဲ့(ယာယီ)က ကြိုဆိုထောက်ခံပါကြောင်း သဘောထားထုတ်ပြန် ကြေညာအပ်ပါသည်။

**လူမျိုးပေါင်းစုံညီညွတ်ရေးနှင့် အကျိုးဆောင်အဖွဲ့(ယာယီ)**

## မြန်မာနိုင်ငံ ဟာသပညာရှင်များအစည်းအရုံး၏ သဘောထားထုတ်ပြန်ချက်

၂၀၂၄ ခုနှစ်၊ စက်တင်ဘာ ၂၉ ရက်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီမှ ၂၆-၉-၂၀၂၄ ရက်နေ့တွင် လက်နက်ကိုင်လမ်းစဉ်နှင့် အကြမ်းဖက်လမ်းစဉ်တို့ကြောင့် နိုင်ငံတော်တွင် ဖြစ်ပေါ်ခဲ့ရသည့် ဆုံးရှုံးနစ်နာမှုများကို ထောက်ရှု၍ ထာဝရငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို ပြည်သူများနှင့်အတူ လက်တွဲဖော်ဆောင်နိုင်ရန်အလို့ငှာ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၊ အကြမ်းဖက်သောင်းကျန်းသူအဖွဲ့အစည်းများ၊ အကြမ်းဖက် PDF အဖွဲ့များအနေဖြင့် အကြမ်းဖက်တိုက်ခိုက်သည့်လမ်းစဉ်ကို စွန့်လွှတ်ပြီး ပါတီနိုင်ငံရေးလမ်းကြောင်းဖြင့် သော်လည်းကောင်း၊ ရွေးကောက်ပွဲလမ်းကြောင်းမှသော်လည်းကောင်း နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းလမ်းဖြင့် ဖြေရှင်းနိုင်ရေး ဆက်သွယ်ဆောင်ရွက်နိုင်ပါရန် ကမ်းလှမ်းဖိတ်ခေါ် ခဲ့ပါသည်။

ထိုကဲ့သို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ထာဝရငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို ရှေးရှု၍ နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းလမ်းဖြင့် ဖြေရှင်းရန် ကမ်းလှမ်းဖိတ်ခေါ်မှုအား မြန်မာနိုင်ငံ ဟာသပညာရှင်များအစည်းအရုံးက ကြိုဆိုထောက်ခံပါကြောင်း သဘောထားထုတ်ပြန်ကြေညာအပ်ပါသည်။

**မြန်မာနိုင်ငံဟာသပညာရှင်များအစည်းအရုံး**

## ယုံကြည်ခြင်း ဧဝံဂေလိအသင်းတော်(ပဲခူး)၏ သဘောထားထုတ်ပြန်ချက်

၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ ၂၉ ရက်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ၂၆-၉-၂၀၂၄ ရက်တွင် နိုင်ငံတော်အား ဆန့်ကျင်တိုက်ခိုက်နေသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၊ အကြမ်းဖက်သောင်းကျန်းသူအဖွဲ့အစည်းများ၊ အကြမ်းဖက် PDF အဖွဲ့များအနေဖြင့် အကြမ်းဖက်တိုက်ခိုက်သည့် လမ်းစဉ်ကို စွန့်လွှတ်ကာ နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းလမ်းဖြင့် ဖြေရှင်းနိုင်ရေး ကမ်းလှမ်းဖိတ်ခေါ်ချက်အား ထုတ်ပြန်ကြေညာခဲ့ပါသည်။

အဆိုပါ ဖိတ်ခေါ်ချက်ကို လက်ခံခြင်းအားဖြင့် နိုင်ငံ၏စည်းလုံးရေး၊ အေးချမ်းသာယာရေး၊ တိုးတက်စည်ပင်ဝပြောရေးအကျိုးများ ရရှိခံစားရမည် ဖြစ်သည်ဟု ယုံကြည်ပါသောကြောင့် ယုံကြည်ခြင်း ဧဝံဂေလိအသင်းတော်(ပဲခူး)က ကြိုဆိုထောက်ခံပါကြောင်း သဘောထား ထုတ်ပြန်ကြေညာအပ်ပါသည်။

**ယုံကြည်ခြင်း ဧဝံဂေလိအသင်းတော်(ပဲခူး)**

## မြန်မာနိုင်ငံပန်းချီပန်းပုအစည်းအရုံး(ဗဟို) ၏ သဘောထားထုတ်ပြန်ချက်

၁။ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၊ အကြမ်းဖက်သောင်းကျန်းသူအဖွဲ့အစည်းများ၊ အကြမ်းဖက် PDF အဖွဲ့များအား အကြမ်းဖက်တိုက်ခိုက်သည့်လမ်းစဉ်ကို စွန့်လွှတ်ကာ ပါတီနိုင်ငံရေးလမ်းကြောင်းဖြင့်သော်လည်းကောင်း၊ ရွေးကောက်ပွဲလမ်းကြောင်းမှသော်လည်းကောင်း နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းလမ်းဖြင့် ဖြေရှင်းနိုင်ရေး ဆက်သွယ်ဆောင်ရွက်နိုင်ပါရန် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ ၂၆ ရက်နေ့တွင် ကမ်းလှမ်းဖိတ်ခေါ်ခဲ့ခြင်းအား ထုတ်ပြန်ကြေညာခဲ့ပါသည်။

၂။ ထိုသို့ နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းလမ်းဖြင့်ဖြေရှင်းရန် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ကမ်းလှမ်းဖိတ်ခေါ်ခြင်းအား မြန်မာနိုင်ငံပန်းချီပန်းပုအစည်းအရုံး(ဗဟို)က ကြိုဆိုထောက်ခံပါကြောင်း သဘောထား ထုတ်ပြန်ကြေညာအပ်ပါသည်။

**မြန်မာနိုင်ငံပန်းချီပန်းပုအစည်းအရုံး(ဗဟို)**
(၂၉ - ၉ -၂၀၂၄)

## မြန်မာနိုင်ငံ ဧဝံဂေလိခရစ်ယာန်မဟာမိတ်အဖွဲ့ချုပ်၏ သဘောထားထုတ်ပြန်ချက်

၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ (၂၉) ရက်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ ၂၆ ရက်နေ့တွင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၊ အကြမ်းဖက်သောင်းကျန်းသူအဖွဲ့အစည်းများ၊ အကြမ်းဖက် PDF အဖွဲ့များအား အကြမ်းဖက်တိုက်ခိုက်သည့်လမ်းစဉ်ကို စွန့်လွှတ်ကာ ပါတီနိုင်ငံရေးလမ်းကြောင်းဖြင့်သော်လည်းကောင်း၊ ရွေးကောက်ပွဲလမ်းကြောင်းမှသော်လည်းကောင်း နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းလမ်းဖြင့် ဖြေရှင်းနိုင်ရေး ဆက်သွယ်ဆောင်ရွက်နိုင်ပါရန် ကမ်းလှမ်းဖိတ်ခေါ်ခဲ့ခြင်းနှင့်ပတ်သက်၍ မြန်မာနိုင်ငံ ဧဝံဂေလိခရစ်ယာန်မဟာမိတ်အဖွဲ့ချုပ်က ကြိုဆိုထောက်ခံပါကြောင်း သဘောထားထုတ်ပြန်ကြေညာအပ်ပါသည်။

**မြန်မာနိုင်ငံဧဝံဂေလိခရစ်ယာန်မဟာမိတ်အဖွဲ့ချုပ်**

## မြန်မာနိုင်ငံလုံးဆိုင်ရာဟိန္ဒူဘာသာရေးဗဟိုအဖွဲ့ချုပ်၏ သဘောထားထုတ်ပြန်ချက်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၊ အကြမ်းဖက်သောင်းကျန်းသူအဖွဲ့အစည်းများ၊ အကြမ်းဖက် PDF အဖွဲ့များကို အကြမ်းဖက်တိုက်ခိုက်သည့်လမ်းစဉ်ကို စွန့်လွှတ်ပြီး ပါတီနိုင်ငံရေးလမ်းကြောင်းဖြင့်သော်လည်းကောင်း၊ ရွေးကောက်ပွဲလမ်းကြောင်းမှသော်လည်းကောင်း နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းလမ်းဖြင့် ဖြေရှင်းနိုင်ရေး ဆက်သွယ်ဆောင်ရွက်နိုင်ပါရန် ၂၆-၉-၂၀၂၄ ရက်နေ့တွင် ကမ်းလှမ်းဖိတ်ခေါ်ခဲ့မှုအား မြန်မာနိုင်ငံလုံးဆိုင်ရာ ဟိန္ဒူဘာသာရေးဗဟိုအဖွဲ့ချုပ်အနေဖြင့် ကြိုဆိုထောက်ခံပါကြောင်း သဘောထားထုတ်ပြန်ကြေညာအပ်ပါသည်။

**မြန်မာနိုင်ငံလုံးဆိုင်ရာဟိန္ဒူဘာသာရေးဗဟိုအဖွဲ့ချုပ်**

## မြန်မာနိုင်ငံလုံးဆိုင်ရာ တမီလ်ဟိန္ဒူဖောင်ဒေးရှင်း (ဗဟို)၏ သဘောထားထုတ်ပြန်ချက်

နိုင်ငံတော်အား ဆန့်ကျင်တိုက်ခိုက်နေသည့် တိုင်ရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၊ အကြမ်းဖက်သောင်းကျန်သူအဖွဲ့အစည်းများ၊ အကြမ်းဖက် PDF အဖွဲ့များအနေဖြင့် လက်နက်ကိုင်အကြမ်းဖက်တိုက်ခိုက်သည့်လမ်းစဉ်ကို စွန့်လွှတ်ကာ နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းလမ်းဖြင့် ဖြေရှင်းနိုင်ရန် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ကမ်းလှမ်းဖိတ်ခေါ်ခြင်းအား မြန်မာနိုင်ငံလုံးဆိုင်ရာ တမီလ်ဟိန္ဒူဖောင်ဒေးရှင်း (ဗဟို)က ကြိုဆိုထောက်ခံပါကြောင်း သဘောထား ထုတ်ပြန်ကြေညာအပ်ပါသည်။

**မြန်မာနိုင်ငံလုံးဆိုင်ရာ တမီလ်ဟိန္ဒူဖောင်ဒေးရှင်း(ဗဟို)**

## လွတ်မြောက်ခြင်းအသင်းတော်(ရန်ကုန်)၏ သဘောထားထုတ်ပြန်ချက်

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီမှ ၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ ၂၆ ရက်နေ့တွင် ထုတ်ပြန်ခဲ့သည့် နိုင်ငံပြဿနာကို နိုင်ငံရေးနည်းလမ်းဖြင့် ဖြေရှင်းနိုင်ရေး ကမ်းလှမ်းဖိတ်ခေါ်ချက်အား လွတ်မြောက်ခြင်းအသင်းတော်(ရန်ကုန်)က ကြိုဆိုထောက်ခံပါကြောင်း သဘောထားထုတ်ပြန်ကြေညာအပ်ပါသည်။

**လွတ်မြောက်ခြင်း အသင်းတော်(ရန်ကုန်)**
**၂၀၂၄ ခုနှစ်၊ စက်တင်ဘာ ၂၉ ရက်**

## မြန်မာနိုင်ငံသဘင်အစည်းအရုံး(ဗဟို)၏ သဘောထားထုတ်ပြန်ချက်

၂၀၂၄ ခုနှစ်၊ စက်တင်ဘာ ၂၉ ရက်

၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ ၂၆ ရက်တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ထုတ်ပြန်ကြေညာခဲ့သည့် နိုင်ငံတော်အားဆန့်ကျင်တိုက်ခိုက်နေသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၊ အကြမ်းဖက်သောင်းကျန်းသူအဖွဲ့အစည်းများ၊ အကြမ်းဖက် PDF အဖွဲ့များအနေဖြင့် အကြမ်းဖက်တိုက်ခိုက်သည့်လမ်းစဉ်ကို စွန့်လွှတ်ကာ နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းလမ်းဖြင့် ဖြေရှင်းနိုင်ရေး ကမ်းလှမ်းဖိတ်ခေါ်မှုအား မြန်မာနိုင်ငံသဘင်အစည်းအရုံး(ဗဟို)က ကြိုဆိုထောက်ခံပါကြောင်း သဘောထားထုတ်ပြန်ကြေညာအပ်ပါသည်။

**မြန်မာနိုင်ငံသဘင်အစည်းအရုံး(ဗဟို)**

## ပြည်ထောင်စုမြန်မာနိုင်ငံ မက်သဒစ်အသင်းတော် (အောက်မြန်မာပြည်)၏ သဘောထားထုတ်ပြန်ချက်

၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ ၂၉ ရက်

နိုင်ငံတော်အား ဆန့်ကျင်တိုက်ခိုက်နေသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၊ အကြမ်းဖက်သောင်းကျန်းသူအဖွဲ့အစည်းများ၊ အကြမ်းဖက် PDF အဖွဲ့များအနေဖြင့် အကြမ်းဖက်တိုက်ခိုက်သည့်လမ်းစဉ်ကို စွန့်လွှတ်ကာ ပါတီနိုင်ငံရေးလမ်းကြောင်းဖြင့်သော်လည်းကောင်း၊ ရွေးကောက်ပွဲလမ်းကြောင်းမှသော်လည်းကောင်း နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းလမ်းဖြင့် ဖြေရှင်းနိုင်ရေး ဆက်သွယ်ဆောင်ရွက်နိုင်ပါရန် ၂၆-၉-၂၀၂၄ ရက်တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ဖိတ်ခေါ်ခဲ့ပါသည်။

ထိုသို့ နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းလမ်းဖြင့် ဖြေရှင်းရန် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ကမ်းလှမ်းဖိတ်ခေါ်ချက်အား ပြည်ထောင်စုမြန်မာနိုင်ငံ မက်သဒစ်အသင်းတော် (အောက်မြန်မာပြည်)က ကြိုဆိုထောက်ခံပါကြောင်း သဘောထားထုတ်ပြန်ကြေညာအပ်ပါသည်။

**ပြည်ထောင်စုမြန်မာနိုင်ငံမက်သဒစ်အသင်းတော်**
**(အောက်မြန်မာပြည်)**

## သနန္တဓမ္မပါလက(ဟိန္ဒူ)အဖွဲ့ချုပ်၏ သဘောထားထုတ်ပြန်ချက်

၂၀၂၄ ခုနှစ်၊ စက်တင်ဘာ ၂၆ ရက်တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီမှ လက်နက်ကိုင်လမ်းစဉ်နှင့် အကြမ်းဖက်လမ်းစဉ်တို့ကြောင့် နိုင်ငံတော်ကြီးဖွံ့ဖြိုးတိုးတက်မှု နှောင့်နှေးခဲ့ရသည့်အတွက် ထာဝရငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို ပြည်သူများနှင့်အတူ လက်တွဲဖော်ဆောင်နိုင်ရန် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၊ အကြမ်းဖက်သောင်းကျန်းသူအဖွဲ့အစည်းများ၊ အကြမ်းဖက် PDF အဖွဲ့များအနေဖြင့် အကြမ်းဖက်တိုက်ခိုက်သည့်လမ်းစဉ်ကို စွန့်လွှတ်ကာ ပါတီနိုင်ငံရေးလမ်းကြောင်းဖြင့်သော်လည်းကောင်း၊ ရွေးကောက်ပွဲလမ်းကြောင်းမှသော်လည်းကောင်း နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းလမ်းဖြင့် ဖြေရှင်းနိုင်ရေးဆက်သွယ်ဆောင်ရွက်နိုင်ပါရန် ကမ်းလှမ်းဖိတ်ခေါ်ခဲ့ပါသည်။

အထက်ပါဖိတ်ခေါ်ချက်ကို လက်ခံခြင်းအားဖြင့် နိုင်ငံ၏စည်းလုံးရေး၊ အေးချမ်းသာယာရေး၊ တိုးတက်စည်ပင်ဝပြောရေးအကျိုးများ ရရှိခံစားရမည်ဖြစ်သည်ဟု ယုံကြည်ပါသောကြောင့် သနန္တဓမ္မပါလက (ဟိန္ဒူ)အဖွဲ့ချုပ်က ကြိုဆို ထောက်ခံပါကြောင်း သဘောထားထုတ်ပြန်ကြေညာအပ်ပါသည်။

**သနန္တဓမ္မပါလက(ဟိန္ဒူ)အဖွဲ့ချုပ်**
**၂၀၂၄ ခုနှစ်၊ စက်တင်ဘာ ၂၉ ရက်**

## ပိန္နဲကုန်းရခိုင်ဂျာမေဗလီ၏ သဘောထားထုတ်ပြန်ချက်

(၂၉ - ၉ -၂၀၂၄)

၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ ၂၆ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၊ အကြမ်း ဖက်သောင်းကျန်းသူအဖွဲ့အစည်းများ၊ အကြမ်းဖက် PDF အဖွဲ့များအား အကြမ်းဖက်တိုက်ခိုက်သည့်လမ်းစဉ်ကို စွန့်လွှတ်ကာ နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းလမ်းဖြင့် ဖြေရှင်းနိုင်ရေး ဆက်သွယ်ဆောင်ရွက်နိုင်ပါရန် ကမ်းလှမ်းဖိတ်ခေါ်ခဲ့ခြင်းအပေါ် ပိန္နဲကုန်း ရခိုင်ဂျာမေဗလီက ကြိုဆိုထောက်ခံပါကြောင်း သဘောထား ထုတ်ပြန်ကြေညာအပ်ပါသည်။

**ပိန္နဲကုန်းရခိုင်ဂျာမေဗလီ**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေ မိတ္ထီလာတက္ကသိုလ်နှင့် အခြေခံပညာကျောင်းများသို့ သွားရောက်ကြည့်ရှုစစ်ဆေး

**နေပြည်တော် စက်တင်ဘာ ၂၉**

ပညာရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ညွန့်ဖေသည် ယနေ့နံနက်ပိုင်းတွင် မိတ္ထီလာတက္ကသိုလ်အစည်းအဝေးခန်းမ၌ မိတ္ထီလာတက္ကသိုလ်နှင့် မိတ္ထီလာစီးပွားရေးတက္ကသိုလ်တို့မှ ပါမောက္ခချုပ်များ၊ ဒုတိယပါမောက္ခချုပ်များ၊ ပါမောက္ခ (ဌာနမှူး)များ၊ မိတ္ထီလာပညာရေးဒီဂရီကောလိပ်ကျောင်းအုပ်ကြီးနှင့် မန္တလေးတိုင်းဒေသကြီး ပညာရေးမှူးတို့နှင့် တွေ့ဆုံသည်။



တွေ့ဆုံစဉ် တက္ကသိုလ်ဥပစာရပ်ကောင်းမွန်ရေး အလေးထားဆောင်ရွက်ကြရန်၊ ကျောင်းသားကျောင်းသူများ အမှန်တကယ် စာတတ်မြောက်အောင် လေ့ကျင့်သင်ကြားပေးကြရန်နှင့် တက္ကသိုလ်သုတေသန ဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်း အလေးထားဆောင်ရွက်ကြရန်တို့ကို မှာကြားပြီး အစည်းအဝေးတက်ရောက်လာကြသူများ၏ တင်ပြချက်များအပေါ် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့နောက် အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်း၊ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းနှင့် အမှတ်(၅) အခြေခံပညာအထက်တန်းကျောင်းတို့သို့ သွားရောက်၍ကျောင်းအုပ်ကြီးများ၊ ဆရာ ဆရာမများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံပြီး ကျောင်းဥပစာရပ်ကောင်းမွန်ရေး၊ ကျောင်းပတ်ဝန်းကျင် သန့်ရှင်းသာယာလှပရေး၊ ကျောင်းသားများ အေးချမ်းစွာ ပညာသင်ယူနိုင်ရေး၊ စာသင်ခန်း၊ စာသင်ခုံနှင့် သင်ထောက်ကူ ပစ္စည်းများ လုံလောက်မှုရှိစေရေးတို့အတွက် ညှိနှိုင်းပေါင်းစပ် ဖြည့်ဆည်းဆောင်ရွက်ပေးကာ ကျောင်းဝင်းအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ဒုတိယဝန်ကြီး ဦးရဲတင့် အုတ်တွင်းမြို့နယ်နှင့် ပဲခူးမြို့တို့ရှိ ပြန်ကြားရေးလုပ်ငန်းများနှင့် ရေဝင်ရောက်မှု ကြည့်ရှုစစ်ဆေး

**နေပြည်တော် စက်တင်ဘာ ၂၉**

ပြန်ကြားရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရဲတင့်သည် ယမန်နေ့နံနက်ပိုင်းက အုတ်တွင်းမြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနရုံးသို့ ရောက်ရှိပြီး ရုံးအတွင်း ရေဝင်ရောက်မှုကို ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ ပြင်ဆင်ရေးမှာကြားသည်။ ရုံးသုံးပစ္စည်းများနှင့် စာအုပ်များအား အချိန်မီ ရေလွတ်ရာသို့ ရွှေ့ပြောင်းထားနိုင်ခဲ့သဖြင့် ပျက်စီးဆုံးရှုံးမှုမရှိကြောင်း သိရသည်။



မွန်းလွဲပိုင်းတွင် ပဲခူးမြို့ရှိ ရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်ရုံကို ကြည့်ရှုစစ်ဆေးကာ စက်ပစ္စည်းများ ကြံ့ခိုင်မှုနှင့် သဘာဝဘေး ဂရုပြုရန်တို့ကို မှာကြားသည်။

**ကြည့်ရှုစစ်ဆေး**

ထို့နောက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန တိုင်းဒေသကြီးရုံးနှင့် ခရိုင်စာကြည့်တိုက်တို့ကို ကြည့်ရှုစစ်ဆေးပြီး သန်းခေါင်စာရင်းကောက်ယူရေး ကိစ္စများနှင့် စာဖတ်ရှိန်မြှင့်တင်ရေးလုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်ရေးတို့ကို မှာကြားခဲ့သည်။

**သတင်းစဉ်**

# မိတ္ထီလာမြို့နယ်၌ ကျေးရွာတွင်းလမ်းခင်းခြင်းနှင့် မြေသားရေကန်တူးဖော်ခြင်းလုပ်ငန်းများအား တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေး

**မိတ္ထီလာ စက်တင်ဘာ ၂၉**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် ခေတ်မီစံပြကျေးရွာထူထောင်ရေး စီမံကိန်းဆောင်ရွက်မည့် ပျော်ကုန်းကျေးရွာတွင် ကျေးရွာတွင်းလမ်းခင်းခြင်းလုပ်ငန်းနှင့် မြေသားရေကန်တူးဖော်ခြင်းလုပ်ငန်းများအား တာဝန်ရှိသူများက ယမန်နေ့က ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။



မိတ္ထီလာခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန၏ ကြီးကြပ်မှုအောက်ရှိ မိတ္ထီလာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် ခေတ်မီစံပြကျေးရွာ ထူထောင်ရေးစီမံကိန်းဆောင်ရွက်မည့် ပျော်ကုန်းကျေးရွာတွင် ကျေးရွာတွင်းလမ်းကွန်ကရစ်ခင်းခြင်းလုပ်ငန်း၊ စိုက်ပျိုးရေးအတွက် မြေသားရေကန်တူးဖော်ခြင်းလုပ်ငန်း၊ အမှိုက်ကန်တူးဖော်ခြင်းနှင့် ခြံစည်းရိုးကာရံခြင်းလုပ်ငန်း၊ စာကြည့်တိုက်အတွက် လိုအပ်သော စာအုပ်စင်၊ Wireless Wifi တပ်ဆင်ခြင်းကို လုပ်ငန်းခွင့်ပြုငွေကျပ် သန်း ၄၀ ဖြင့် ဆောင်ရွက်လျက်ရှိရာ အဆိုပါလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေကို ခရိုင်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဒေါ်မြင့်ဝင်း၊ မြို့နယ်ဦးစီးမှူး ဦးချမ်းငြိမ်းဝင်းနှင့် တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးပြီး လုပ်ငန်းများ သတ်မှတ်ကာလအတွင်း စံချိန်စံညွှန်းနှင့်အညီပြီးစီးနိုင်ရေး ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

## မြန်မာနိုင်ငံလုံးဆိုင်ရာအစ္စလာမ်ဘာသာရေးအဖွဲ့ကြီး၏ သဘောထားထုတ်ပြန်ချက်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ၂၆-၉-၂၀၂၄ ရက်တွင် လက်နက်ကိုင်လမ်းစဉ်နှင့် အကြမ်းဖက်လမ်းစဉ်တို့ကြောင့် နိုင်ငံတော်တွင် ဖြစ်ပေါ်ခဲ့ရသည့် ဆုံးရှုံးနစ်နာမှုများကို ထောက်ရှု၍ ထာဝရငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို ပြည်သူများနှင့်အတူ လက်တွဲဖော်ဆောင်နိုင်ရန်အလို့ငှာ နိုင်ငံတော်အား ဆန့်ကျင်တိုက်ခိုက်နေသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၊ အကြမ်းဖက်သောင်းကျန်းသူအဖွဲ့အစည်းများ၊ အကြမ်းဖက် PDF အဖွဲ့များအား အကြမ်းဖက်တိုက်ခိုက်သည့်လမ်းစဉ်ကို စွန့်လွှတ်ကာ နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းလမ်းဖြင့် ဖြေရှင်းရန် ကမ်းလှမ်းဖိတ်ခေါ်ခဲ့ပါသည်။

အဆိုပါ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ကမ်းလှမ်းဖိတ်ခေါ်ခြင်းကို လက်ခံခြင်းအားဖြင့် နိုင်ငံ၏စည်းလုံးရေး၊ အေးချမ်းသာယာရေး၊ တိုးတက်စည်ပင်ဝပြောရေးအကျိုးများ ရရှိခံစားရမည်ဖြစ်သည်ဟု ယုံကြည်ပါသောကြောင့် မြန်မာနိုင်ငံလုံးဆိုင်ရာ အစ္စလာမ်ဘာသာရေးအဖွဲ့ကြီးက ကြိုဆိုထောက်ခံပါကြောင်း သဘောထားထုတ်ပြန်ကြေညာအပ်ပါသည်။

**မြန်မာနိုင်ငံလုံးဆိုင်ရာအစ္စလာမ်ဘာသာရေးအဖွဲ့ကြီး**



၂၀၂၄ ခုနှစ်၊ လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်း မြန်အောင်မြို့နယ်အဆင့် စာရင်းစစ်၊ စာရင်းကောက်သင်တန်းဆင်းပွဲကို စက်တင်ဘာ ၂၈ ရက် မွန်းလွဲပိုင်းက မြန်အောင်မြို့ အထက(၁) ခန်းမ၌ ကျင်းပစဉ်။ မြို့နယ်(ပြန်/ဆက်)



၂၀၂၄ခုနှစ်၊ လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူရေး မြို့နယ်အဆင့် စာရင်းစစ်၊ စာရင်းကောက်များ သင်တန်းဆင်းပွဲကို မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် ပညာရေးဒီဂရီကောလိပ်(မန္တလေး)၌ စက်တင်ဘာ ၂၈ ရက်က ကျင်းပစဉ်။

မြို့နယ်(ပြန်/ဆက်)



၂၀၂၄ ခုနှစ်၊ လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ကောက်ယူရေးအတွက် မြို့နယ်အဆင့် စာရင်းစစ်၊ စာရင်းကောက် သင်တန်းဆင်းပွဲကို စက်တင်ဘာ ၂၈ ရက် မွန်းလွဲပိုင်းက ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတခရိုင် ဇလွန်မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနအစည်းအဝေးခန်းမ၌ ကျင်းပစဉ်။ မြို့နယ်(ပြန်/ဆက်)

# ဟစ်ဇ်ဘိုလာခေါင်းဆောင်အား အစ္စရေးနိုင်ငံ၏ သတ်ဖြတ်မှုအပေါ် ရုရှားနိုင်ငံ ရှုတ်ချ



**မော်စကို စက်တင်ဘာ ၂၉**

ဟစ်ဇ်ဘိုလာခေါင်းဆောင် ဟာဆန်နာရာလာအား အစ္စရေးနိုင်ငံက သတ်ဖြတ်ခဲ့မှုအပေါ် ရုရှားနိုင်ငံက ပြင်းပြင်းထန်ထန် ရှုတ်ချပြီး ပစ်ခတ်မှုရပ်စဲရန် အစ္စရေးကို တောင်းဆိုခဲ့ကြောင်း ရုရှားနိုင်ငံခြားရေး ဝန်ကြီးဌာနက စက်တင်ဘာ ၂၈ ရက်တွင် ပြောကြားခဲ့သည်။

**ပြင်းပြင်းထန်ထန်ရှုတ်ချ**

အစ္စရေးနိုင်ငံက ကျူးလွန်ခဲ့သည့် နိုင်ငံရေးဆိုင်ရာ လုပ်ကြံသတ်ဖြတ်မှုကို ရုရှားနိုင်ငံအနေဖြင့် ပြင်းပြင်းထန်ထန် ရှုတ်ချပါကြောင်း၊ ယခုကျူးလွန်ခဲ့သည့် အကြမ်းဖက်လုပ်ရပ်သည် လက်ဘနွန်နိုင်ငံနှင့် အရှေ့အလယ်ပိုင်း ဒေသတစ်ခုလုံး အတွက် ကြီးမားသည့် သက်ရောက်မှု တစ်ခုဖြစ်ကြောင်း ရုရှားနိုင်ငံခြားရေး ဝန်ကြီးဌာန၏ ထုတ်ပြန်ချက်တွင်ပါရှိသည်။

နောက်ဆက်တွဲ ဖြစ်ပေါ်လာမည့် အကြမ်းဖက်လုပ်ရပ်များ တိုးမြင့်လာမှု အတွက် အစ္စရေးနိုင်ငံတွင် အပြည့်အဝ တာဝန်ရှိကြောင်း အဆိုပါထုတ်ပြန် ကြေညာချက်တွင်ဖော်ပြထားပြီး ပစ်ခတ်တိုက်ခိုက်မှုများကို ချက်ချင်းရပ်တန့်ရန် တိုက်တွန်းထားကြောင်း သိရသည်။

လက်ဘနွန်နိုင်ငံ၏ မြို့တော်ဘေရွတ် မြို့တောင်ပိုင်းဆင်ခြေဖုံးရှိ စစ်သွေးကြွ အဖွဲ့၏ ကွပ်ကဲမှုဌာနချုပ်ကို ပစ်မှတ်ထား တိုက်ခိုက်ခဲ့သည့် အစ္စရေး၏ လေကြောင်း တိုက်ခိုက်မှုတွင် ၎င်းတို့၏ခေါင်းဆောင် ဟာဆန်နာရာလာ သေဆုံးခဲ့ကြောင်း စက်တင်ဘာ ၂၈ ရက်တွင် ဟစ်ဇ်ဘိုလာက အတည်ပြုခဲ့သည်။

အစ္စရေးနိုင်ငံသည် စက်တင်ဘာ ၂၃ ရက်ကတည်းက လက်ဘနွန်နိုင်ငံတစ်ဝန်း အား လေကြောင်းတိုက်ခိုက်မှုများကို အရှိန်မြှင့်ခဲ့ပြီး ၂၀၀၆ ခုနှစ်နောက်ပိုင်း အကြီးမားဆုံးစစ်ဆင်ရေးကို ဆင်နွှဲခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

၂၀၂၃ ခုနှစ် အောက်တိုဘာ ၈ ရက်တွင် အစ္စရေးနှင့် ဟစ်ဇ်ဘိုလာတို့ကြား တိုက်ပွဲများပြင်းထန်လာခဲ့ပြီး လက်ဘနွန်နိုင်ငံ အရှေ့တောင်ပိုင်းတွင် အစ္စရေးနိုင်ငံ၏ အမြောက်ပစ်ခတ်မှုနှင့် လေကြောင်း တိုက်ခိုက်မှုများ ဖြစ်ပွားခဲ့ကြောင်း သိရသည်။

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-အလင်းသစ်**

# အင်ဒိုနီးရှားနိုင်ငံ တရားမဝင်ရွှေတွင်း၌ မြေပြိုကျမှုကြောင့် ၁၂ ဦးသေဆုံး၊ ၁၁ ဦး ဒဏ်ရာရ



**ဂျကာတာ စက်တင်ဘာ ၂၉**

အင်ဒိုနီးရှားနိုင်ငံ အနောက်ဆူမားတြားပြည်နယ် ဆွတ်ခရိုင်ရှိ တရားမဝင် ရွှေတွင်းတစ်ခု၌ မြေပြိုမှုကြောင့် စက်တင်ဘာ ၂၈ ရက်က မိုင်းလုပ်သား ၁၂ ဦး သေဆုံးပြီး ၁၁ ဦး ဒဏ်ရာရရှိခဲ့ကြောင်း ယနေ့ ဆင်ဟွာသတင်းတစ်ရပ် အရသိရသည်။

စက်တင်ဘာ ၂၇ ရက်က ဖြစ်ပွားခဲ့သည့် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ဖြစ်ပွားခဲ့သည့် မြေပြိုမှုသည် ဆက်သွယ်ရေးလမ်းကြောင်းများ ပျက်စီးခြင်းနှင့် ကယ်ဆယ်ရေး လုပ်ငန်းများကို ဆိုးရွားစွာ နှောင့်နှေးစေခဲ့ကြောင်း အကြီးတန်း ကယ်ဆယ်ရေးသမား တစ်ဦးက စက်တင်ဘာ ၂၈ ရက်တွင် ပြောကြားခဲ့သည်။

ရှာဖွေရေးနှင့် ကယ်ဆယ်ရေးရုံးမှ အကြီးအကဲ အဗ္ဗဒူလ်မာလစ်က ပျောက်ဆုံးနေသည့် မိုင်းတွင်း လုပ်သားနှစ်ဦးကို ရှာဖွေရန် ကြိုးပမ်းမှုများ လုပ်ဆောင်နေသော်လည်း ၎င်းတို့၏အခြေအနေ မသိရသေးကြောင်း ဆင်ဟွာသတင်းဌာနသို့ ပြောကြားသည်။

နောက်ဆုံး ရရှိထားသည့် သတင်းအချက်အလက်များ အရ ၁၂ ဦး အသက်ဆုံးရှုံးခဲ့ပြီး ဒဏ်ရာရရှိသူ ၁၁ ဦးသည် ဆေးကုသမှု ခံယူနေကြောင်း သိရသည်။

ပိတ်မိနေသော မိုင်းတွင်း လုပ်သားများ၏ အခြေအနေနှင့် စပ်လျဉ်း၍ အသက်ရှင်သန်ခြင်းရှိ မရှိကို အတည်မပြုနိုင်သေး ကြောင်း အဗ္ဗဒူလ်မာလစ်က ပြောကြားသည်။ သို့ရာတွင် ၎င်းအနေဖြင့် အကောင်းဆုံးကို မျှော်လင့်လျက်ရှိပြီး အသက်ရှင် နေစေရေး ဆုတောင်းပေးလျက် ရှိကြောင်း ပြောကြားသည်။

ရှာဖွေကယ်ဆယ်ရေး လုပ်ငန်းတွင် ဒေသဆိုင်ရာကယ်ဆယ်ရေး ရုံးမှ ၂၉ ဦးနှင့် ဒေသဆိုင်ရာ အာဏာပိုင်များနှင့် ရပ်ရွာလူထု များပါဝင်သော ပူးပေါင်းအဖွဲ့မှ လူ ၂၀၀ ကျော် အပါအဝင် လူ ၂၂၉ ဦး ပါဝင်ဆောင်ရွက်လျက်ရှိ ကြောင်း သိရသည်။

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-အလင်းသစ်**

# အစ္စရေးပစ်မှတ်များကို မောင်းသူမဲ့လေယာဉ်နှစ်စင်းဖြင့် အီရတ်စစ်သွေးကြွအဖွဲ့က တိုက်ခိုက်

**ဘဂ္ဂဒက် စက်တင်ဘာ ၂၉**

ရိုးယိုက်ပြည်သူ့စစ်အဖွဲ့ဖြစ်သည့် အီရတ်ရှိ အစ္စလာမ္မစ်တော်လှန်ရေး အဖွဲ့က အစ္စရေးပစ်မှတ်များကိုဒရုန်းဖြင့် တိုက်ခိုက်ခဲ့ပြီး ယင်းတိုက်ခိုက်မှု အတွက် ၎င်းတို့တွင်တာဝန်ရှိကြောင်း စက်တင်ဘာ ၂၈ ရက်တွင် ပြောကြားခဲ့သည်။

တိုက်ခိုက်ရေးသမားများသည် အစ္စရေးနိုင်ငံ တဲလ်အဗစ်နှင့် အီလက် ဒေသတို့ရှိ အရေးပါသောနေရာများကို မောင်းသူမဲ့လေယာဉ်နှစ်စင်းဖြင့် တိုက်ခိုက်ခဲ့ကြောင်း သီးခြားထုတ်ပြန်ချက်တွင်ဖော်ပြထားပြီး ထိခိုက်ကျဆုံးသည့် နေရာများကိုဖော်ပြခြင်း သို့မဟုတ် အသေအပျောက်စာရင်းများကို အစီရင်ခံခြင်းမပြုခဲ့ကြောင်း သိရသည်။

ထို့ပြင် အစ္စရေးတို့သိမ်းပိုက်ထားသော ဂိုလန်ကုန်းမြင့်ဒေသ အပါအဝင် အစ္စရေးနိုင်ငံမြောက်ပိုင်းရှိ နေရာသုံးခုတွင် မောင်းသူမဲ့လေယာဉ်ဖြင့် အစ္စရေးပစ်မှတ်များကို လေးကြိမ်တိုင်တိုင်တိုက်ခိုက်ခဲ့ကြောင်း သိရသည်။

လက်ဘနွန်နိုင်ငံ၏ မြို့တော်ဘေရွတ်မြို့တောင်ပိုင်း ဆင်ခြေဖုံးများ၌ အစ္စရေး၏နောက်ဆုံး လေကြောင်းတိုက်ခိုက်မှုအပြီးတွင် ဟစ်ဇ်ဘိုလာ ခေါင်းဆောင် ဟာဆန်နာရာလာ သေဆုံးခဲ့ရသည့် တိုက်ခိုက်မှုများအပြီး တွင် ယခုကဲ့သို့ တိုက်ခိုက်မှုများ ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

၂၀၂၃ ခုနှစ် အောက်တိုဘာ ၇ ရက်က ဂါဇာကမ်းမြောင်ဒေသတွင် အစ္စရေး-ပါလက်စတိုင်း ပဋိပက္ခစတင်ဖြစ်ပွားချိန်မှစ၍ အီရတ်ရှိ အစ္စလာမ္မစ်တော်လှန်ရေးသမားများသည် ဂါဇာရှိ ပါလက်စတိုင်းတို့အား ထောက်ခံကြောင်း ပြသရန်အတွက် ဒေသတွင်းရှိ အစ္စရေးနှင့် အမေရိကန် ပစ်မှတ်များကို တိုက်ခိုက်မှုများစွာ ပြုလုပ်ခဲ့ခြင်းဖြစ်သည်။

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-အလင်းသစ်**

# ကနေဒါနိုင်ငံ၏ ပြည်တွင်းအသားတင်ထုတ်ကုန်တန်ဖိုး သုည ဒသမ ၂ ရာခိုင်နှုန်း မြင့်တက်

**အော့တဝါ စက်တင်ဘာ ၂၉**

ကနေဒါနိုင်ငံ၏ ပြည်တွင်းအသားတင်ထုတ်ကုန်တန်ဖိုးသည် ဇူလိုင်လတွင် သုည ဒသမ ၂ ရာခိုင်နှုန်း မြင့်တက်လာခဲ့ကြောင်း ကနေဒါနိုင်ငံ စာရင်းအင်းဌာနက ပြောကြားသည်။

တောမီးလောင်ကျွမ်းမှုကြောင့် သယ်ယူပို့ဆောင်ရေးနှင့် ဝန်ဆောင်မှုလုပ်ငန်းများအပေါ် ဆိုးရွားစွာ သက်ရောက်မှုများရှိနေသော်လည်း ပြည်တွင်းအသားတင်ထုတ်ကုန်တန်ဖိုးသည် ဇူလိုင်လတွင် သုည ဒသမ ၂ ရာခိုင်နှုန်း တိုးလာကာ ကုန်သွယ်မှုကဏ္ဍ၊ ဘဏ္ဍာရေးနှင့် အာမခံလုပ်ငန်းတို့၌ တိုးမြင့်လာမှုကြောင့် တစ်စိတ်တစ်ပိုင်း တိုးတက်လာခဲ့ကြောင်း အမျိုးသားစာရင်းအင်းအေဂျင်စီက ဆိုသည်။

အမျိုးသားစာရင်းအင်းအေဂျင်စီ၏အဆိုအရ အဆိုပါတောမီးသည် ဇူလိုင်လအတွင်းက နိုင်ငံတစ်ဝန်းရှိ စက်မှုလုပ်ငန်းအများအပြားကို ထိခိုက်ခဲ့သည်။ ယင်းကြောင့် ကနေဒါနိုင်ငံအနောက်ပိုင်းရှိ အဓိက ဆိပ်ကမ်းများသို့ ကုန်ပစ္စည်းအချို့အား မီးရထားဖြင့် ကုန်စည်ပို့ဆောင်မှု ရပ်တန့်သွားခဲ့သည်။

ကနေဒါနိုင်ငံ အနောက်ပိုင်းရှိ ခရီးသွားနေရာများတွင် တောမီး လောင်ကျွမ်းမှုကြောင့် နွေရာသီခရီးသွားရာသီအတွင်း တည်းခိုနေထိုင်ရေး ဝန်ဆောင်မှုလုပ်ငန်းများ နှစ်ရာခိုင်နှုန်း ကျဆင်းခဲ့ကြောင်း သိရသည်။

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-အလင်းသစ်**

# နီပေါနိုင်ငံ၌ ရေကြီးမြေပြိုမှုများကြောင့် ၁၄၈ ဦး သေဆုံး



**ခတ္တမန္ဒူ စက်တင်ဘာ ၂၉**

နီပေါနိုင်ငံ၌ မုတ်သုံမိုးကြောင့် ဖြစ်ပေါ်ခဲ့သည့် မြေပြိုမှုများနှင့် ရေကြီးရေလျှံမှု များကြောင့် စုစုပေါင်း ၁၄၈ ဦး သေဆုံးခဲ့ကြောင်း စက်တင်ဘာ ၂၉ ရက် မွန်းလွဲပိုင်းက အတည်ပြုခဲ့ကြောင်း နီပေါနိုင်ငံရဲတပ်ဖွဲ့က ပြောကြားသည်။

အဆိုပါ သဘာဝဘေးအန္တရာယ်ကြောင့် လူ ၁၀၁ ဦး ဒဏ်ရာရခဲ့ပြီး ၅၅ ဦး ပျောက်ဆုံးနေကြောင်း နီပေါရဲတပ်ဖွဲ့၏ ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

နီပေါနိုင်ငံအလယ်ပိုင်း ဒါဒင်ခရိုင် ခိုလာဒေသတွင် ဖြစ်ပွားခဲ့သည့် မြေပြိုမှုအတွင်း နစ်မြုပ်နေသည့် ခရီးသည်တင်ဘတ်စ်ကားသုံးစီးမှ ရုပ်အလောင်း ၁၅ လောင်းကို ဆယ်ယူရရှိခဲ့ကြောင်း ခရိုင်ရဲနယ်မြေ ခတ္တမန္ဒူမှ ပြောရေးဆိုခွင့်ရှိသူ နာဝါရက်အက်ဟီကာရီက ဆင်ဟွာသတင်းဌာနသို့ ပြောကြားသည်။

မိုးအဆက်မပြတ် ရွာသွန်းမှုကြောင့် နီပေါနိုင်ငံတစ်ဝန်းရှိ အဓိကလမ်းမကြီးအများစုသည် မြေပြိုမှုနှင့် ရေကြီးမှုများကြောင့် ပိတ်ဆို့မှုများဖြစ်ပွားခဲ့ပြီး လူပေါင်းများစွာ ထိခိုက်မှုရှိခဲ့ကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

လက်ရှိတွင် နီပေါနိုင်ငံ၏ ယာယီဝန်ကြီးချုပ်နှင့် မြို့ပြဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီး ပရာကက်ရှ် မန်ဆင်းသည် ကယ်ဆယ်ရေး လုပ်ငန်းများအတွက် ပံ့ပိုးကူညီမှု ရယူရန် အဖွဲ့အစည်းပေါင်းစုံ အစည်းအဝေးကို သဘာပတိအဖြစ် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-အလင်းသစ်**

# နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး လယ်ဝေးမြို့နယ်အတွင်း ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ကွင်းဆင်းကြည့်ရှုစစ်ဆေး

**နေပြည်တော် စက်တင်ဘာ ၂၉**

နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ ဦးသန်းထွန်းဦးသည် နေပြည်တော်ကောင်စီဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် လယ်ဝေးမြို့နယ် အေးချမ်းသာကျေးရွာ အောင်သိဒ္ဓိရတနာပုံကျောင်းတိုက်သို့သွားရောက်ပြီး ကျောင်းထိုင်ဆရာတော် ဘဒ္ဒန္တခေမိန္ဒ အားဖူးမြော်ကြည်ညိုကာ ဆွမ်းဆန်တော်၊ ဆီ၊ လှူဖွယ်ပစ္စည်းများနှင့် နဝကမ္မ အလှူတော်ငွေများ ဆက်ကပ်လှူဒါန်းသည်။

ထို့နောက် အဆိုပါကျောင်းတိုက်၌ ရေဘေးသင့်ပြည်သူများအား ရင်းရင်းနှီးနှီးတွေ့ဆုံအားပေးစကားပြောကြားကာ ဆန်၊ ဆီ၊ စားသောက်ကုန် ပစ္စည်းများ၊ အဝတ်အထည်နှင့် လူသုံးကုန်ပစ္စည်းများ၊ နေပြည်တော်ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနမှ ထောက်ပံ့သည့် နေအိမ်မျောပါ ပျက်စီးသွားသော လူနေအိမ်များအတွက် ကယ်ဆယ်ရေးပစ္စည်း ၁၆ မျိုးပါကယ်ဆယ်ရေးပုံးများကို ထောက်ပံ့ပေးအပ်သည်။

ယင်းနောက် တက်ရောက်လာကြသည့် ရေဘေးသင့်ပြည်သူများက လိုအပ်ချက်များကို တင်ပြကြရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌက တင်ပြချက်များအပေါ် သက်ဆိုင်ရာဌာနများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

ဆက်လက်၍ လယ်ဝေးမြို့နယ် အလယ်ကျွန်းကျေးရွာအုပ်စု ကွင်းအမှတ်(၁၇၄၃)ကွင်းတွင် စိုက်ပျိုးရေးဦးစီးဌာနနှင့် စက်မှုလယ်ယာဦးစီးဌာနတို့ ပူးပေါင်းပြီး နေပြည်တော် စက်မှုလယ်ယာဦးစီးဌာနမှ လယ်ထွန်စက်ကြီးများဖြင့် လယ်ယာမြေများ မြေပြုပြင်ခြင်းလုပ်ငန်းနှင့် လက်ဆွဲမျိုးစေ့ချကိရိယာဖြင့် မိုးစပါးစိုက်ပျိုးနေမှုကို ကြည့်ရှုအားပေးသည်။



ထို့နောက် အဆိုပါစိုက်ကွင်းရှိ ရှင်းလင်းဆောင်၌ တောင်သူများနှင့်တွေ့ဆုံပြီး နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် နေပြည်တော်ကောင်စီဝင်များက ရေကြီးနစ်မြုပ်မှုကြောင့် ပျက်စီးခဲ့သည့် လယ်မြေများအတွက် စပါးမျိုးစေ့များကို တောင်သူများအား ထောက်ပံ့ပေးအပ်ပြီး လူနေအိမ်မျောပါခဲ့သည့် နေအိမ်နှစ်လုံးအတွက် ကယ်ဆယ်ရေးပစ္စည်း ၁၆ မျိုးပါ ကယ်ဆယ်ရေးပုံးများကိုထောက်ပံ့ပေးအပ်သည်။

ထိုမှတစ်ဆင့် နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့သည် လယ်ဝေးမြို့နယ် အေးချမ်းသာကျေးရွာအုပ်စု ညောင်ပင်သာကျေးရွာ ဇနိတာရာမကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တဇနိန္ဒအား သွားရောက်ဖူးမြော် ကြည်ညိုပြီး ဆွမ်းဆန်တော်၊ ဆီ၊ လှူဖွယ်ပစ္စည်းများနှင့် နဝကမ္မအလှူတော်ငွေများ ဆက်ကပ်လှူဒါန်းသည်။

ထို့နောက် အဆိုပါကျောင်းတိုက်၌ ရေဘေးသင့်ပြည်သူများအား ရင်းရင်းနှီးနှီးတွေ့ဆုံပြီးအားပေးစကားပြောကြားကာ ဆန်၊ ဆီ၊ စားသောက်ကုန်ပစ္စည်းများ၊ အဝတ်အထည်နှင့် လူသုံးကုန်ပစ္စည်းများ၊ ထမင်းဘူးများ ထောက်ပံ့ပေးအပ်သည်။

ယင်းနောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌသည် ပျဉ်းမနားမြို့နယ် ဆင်သေကျေးရွာအတွင်း ရေကြီးရေလျှံမှုကြောင့် တင်ကျန်ခဲ့သည့် အမှိုက်များ၊ ဒိုက်များ ရှင်းလင်းခြင်းနှင့် သန့်ရှင်းရေး လုပ်ငန်းများကို နေပြည်တော်စည်ပင်သာယာရေး ကော်မတီမှ ဝန်ထမ်းများ၊ လုပ်သားများနှင့် စက်ယန္တရားများဖြင့် ရှင်းလင်းဆောင်ရွက်နေမှုကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းဆောင်ရွက်နေကြသည့် နေပြည်တော် စည်ပင်သာယာရေး ကော်မတီမှ ဝန်ထမ်းများနှင့် လုပ်သားများအား စားသောက်ဖွယ်ရာများ ပေးအပ်သည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်း သဘာဝဘေး ရေကြီးရေလျှံမှုကြောင့် စိုက်ပျိုးလယ်ယာမြေများ ထိခိုက်ပျက်စီးမှုအပေါ် ပြန်လည်ပြုပြင်ပြီး ရာသီသီးနှံများ စိုက်ပျိုးနိုင်ရေးနှင့် နေအိမ်မျောပါပျက်စီးမှုများ ထောက်ပံ့နိုင်ရေးလုပ်ငန်းညှိနှိုင်းအစည်းအဝေးကို မွန်းလွဲပိုင်းတွင် နေပြည်တော်ကောင်စီရုံး အစည်းအဝေးခန်းမ(၁)၌ ကျင်းပရာ နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ ဦးသန်းထွန်းဦး၊ နေပြည်တော်ကောင်စီဝင်များ၊ နေပြည်တော်အဆင့် ဌာနဆိုင်ရာများ၊ ခရိုင်၊ မြို့နယ်အဆင့်စိုက်ပျိုးရေးကြီးကြပ်မှုကော်မတီဝင်များ တက်ရောက်ကြသည်။

ဦးစွာ နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ ဦးသန်းထွန်းဦးက အမှာစကားပြောကြားပြီး တက်ရောက်လာကြသည့် ဌာနဆိုင်ရာများက လယ်ယာမြေများ ထိခိုက်ပျက်စီးမှုအပေါ် ပြန်လည်ပြုပြင်ပြီး ရာသီသီးနှံ စိုက်ပျိုးနိုင်ရေး၊ စိုက်ပျိုးရေပေးဝေနိုင်ရေးတို့နှင့် စပ်လျဉ်း၍ သက်ဆိုင်ရာကဏ္ဍများ အလိုက် လက်ရှိဆောင်ရွက်နေသည့် အခြေအနေများနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ နေပြည်တော်ကောင်စီဥက္ကဋ္ဌက တင်ပြချက်များအပေါ် လုပ်ငန်းများ အောင်မြင်စွာ ဆောင်ရွက်နိုင်ရေး အတွက် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးပြီး နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။

**ထွန်းထွန်းဝင်း (ပြန်/ဆက်)**



# စစ်တောင်းမြစ် ရေကြီးရေလျှံမှုကြောင့် နေအိမ်မျောပါ ပျက်စီးခဲ့သည့် ရေဘေးသင့်ပြည်သူများအတွက် ထောက်ပံ့ငွေနှင့် အိမ်သုံးပစ္စည်းများ ထောက်ပံ့ပေးအပ်

**တောင်ငူ စက်တင်ဘာ ၂၉**

တောင်ငူမြို့ ခပေါင်းခန်းမ၌ စက်တင်ဘာ ၂၈ ရက် နံနက်ပိုင်းက စစ်တောင်းမြစ် ရေကြီးရေလျှံမှုကြောင့် နေအိမ်မျောပါ ပျက်စီးခဲ့သည့် ရေဘေးသင့်ပြည်သူများအတွက် ထောက်ပံ့ငွေနှင့် အိမ်သုံးပစ္စည်းများ ထောက်ပံ့ပေးအပ်ပွဲ ကျင်းပသည်။

ဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းက တိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် ရေဘေးသင့်ပြည်သူများ ပုံမှန်မူလနေထိုင်မှုသို့ ရောက်ရှိနိုင်ရေး အတတ်နိုင်ဆုံး ပံ့ပိုးကူညီပေးသွားမည်ဖြစ်ပြီး အနယ်နယ်အရပ်ရပ်မှ ငွေအား၊ ပစ္စည်းအားဖြင့် ပါဝင်လှူဒါန်းပေးကြသူများအား အထူးကျေးဇူးတင်ဂုဏ်ပြုမှတ်တမ်းတင်ရှိကြောင်း ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း၊ တိုင်းမှူး ဗိုလ်ချုပ်ကြည်သိုက်၊ အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ တောင်ငူလေတပ်စခန်းဌာနချုပ် ဌာနချုပ်မှူးတို့က တောင်ငူခရိုင်အတွင်း မြို့နယ်လေးမြို့နယ်မှ မျောပါ(လုံးဝ)ပျက်စီး နေအိမ် ၅၈၅ လုံး၊ တစ်စိတ်တစ်ပိုင်းပျက်စီးနေအိမ် ၅၂၀ အတွက် ထောက်ပံ့ငွေကျပ် ၉၁၃ သိန်းနှင့် အိမ်သုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်း ၁၆ မျိုးပါ Family Kit များ ထောက်ပံ့ပေးအပ်ခဲ့သည်။

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တိုင်းမှူးတို့သည် တက်ရောက်လာသည့် အလှူရှင်များ၊ ရေဘေးသင့်ပြည်သူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက် အားပေးစကား ပြောကြားခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# ရေဘေးသင့်ပြည်သူများအား ကြက်ခြေနီများက အကူအညီပေး

**ရန်ကုန် စက်တင်ဘာ ၂၉**

ရေကြီးရေလျှံမှု ဖြစ်ပွားခဲ့သော ဒေသအချို့တွင် ကြက်ခြေနီစေတနာလုပ်အားရှင်များက လူမှုကရုဏာအကူအညီများကို ပါဝင်ကူညီဆောင်ရွက်ပေးလျက်ရှိရာ ရှမ်းပြည်နယ် (တောင်ပိုင်း)ရပ်စောက်မြို့နယ် ကြက်ခြေနီအသင်းခွဲနှင့် ကလောမြို့နယ်ကြက်ခြေနီအသင်းခွဲတို့မှ ကြက်ခြေနီစေတနာလုပ်အားရှင်များသည် ကလောမြို့တွင် ရေကြီးရေလျှံမှုများကြောင့် လမ်းများ၊ အိမ်ပတ်ဝန်းကျင်များတွင် တင်ကျန်ရစ်သည့် နုန်းများ ရှင်းလင်းဖယ်ရှားခြင်းများကို စက်တင်ဘာ ၂၆ ရက်တွင် ပါဝင်ကူညီဆောင်ရွက်ခဲ့သည်။

**ကူညီလှူဒါန်း**

ထို့အတူ ရေဘေးသင့်ပြည်သူများအတွက် မြန်မာနိုင်ငံကြက်ခြေနီအသင်းသို့ အလှူရှင်များ လှူဒါန်းထားသော အဝတ်အထည်များကို ရပ်စောက်မြို့နယ်ကြက်ခြေနီအသင်းခွဲမှ ကြက်ခြေနီစေတနာလုပ်အားရှင်များက ရပ်စောက်မြို့ ယာယီရေဘေးရှောင်စခန်းရှိ ရေဘေးသင့်ပြည်သူများ၊ ရှမ်းပြည်နယ် (အရှေ့ပိုင်း) တာချီလိတ်မြို့နယ်မှ ရေဘေးသင့်ပြည်သူများအတွက် မြန်မာနိုင်ငံကြက်ခြေနီအသင်းမှ ထောက်ပံ့သော အသုံးအဆောင်ပစ္စည်းများကို ခရိုင်နှင့်မြို့နယ်မှ ကြက်ခြေနီစေတနာလုပ်အားရှင်များက တာချီလိတ်မြို့ရှိ ယာယီရေဘေးရှောင်စခန်းနှင့် မန္တလေးတိုင်းဒေသကြီး မြစ်သားမြို့နယ်ကြက်ခြေနီအသင်းခွဲမှ ကြက်ခြေနီစေတနာလုပ်အားရှင်များသည် အလှူရှင်များ လှူဒါန်းထားသော အဝတ်အထည်၊ အစားအသောက်နှင့် ဆေးဝါးများကို မြစ်သားမြို့နယ် သမတန်းကျေးရွာရှိ ရေဘေးသင့်ပြည်သူများ လက်ဝယ်အရောက် သွားရောက်ကူညီလှူဒါန်းပေးခဲ့ကြောင်း သိရသည်။

**မြန်မာနိုင်ငံကြက်ခြေနီအသင်း**



အပြည်ပြည်ဆိုင်ရာ သက်ကြီးပုဂ္ဂိုလ်များနေ့ ဂုဏ်ပြုဆောင်းပါး

# စိတ်ပျိုကိုယ်နု ဇရာကို အန်တုနိုင်သူများဖြစ်စေဖို့ အားပေးမြှင့်တင်ဖြည့်ဆည်းစို့

ကြည်ထွန်း(လူမှု)

"အသက်အရွယ် အိုမင်းခြင်း သို့မဟုတ် မိမိမတတ်စွမ်းနိုင်သော အခြေအနေများကြောင့် အသက်မွေးဝမ်းကျောင်းမပြုနိုင်ခြင်းတို့ ဖြစ်ပေါ်ခဲ့လျှင် ဘဝလုံခြုံမှု ရပိုင်ခွင့်ရှိသည်" ဟု ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်း အပိုဒ် ၂၅ (၁) တွင် ဖော်ပြထားပါသည်။ အသက် ၆၀ နှစ်အထက်ကို သက်ကြီးပုဂ္ဂိုလ်ဟု ကုလသမဂ္ဂ နှင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့က သတ်မှတ်ထားသည်။ ၁၉၉၀ ပြည့်နှစ် ဒီဇင်ဘာလ ၁၄ ရက်နေ့က ကျင်းပသော ကုလသမဂ္ဂအထွေထွေညီလာခံက ဆုံးဖြတ်ချက် အမှတ် (၄၅/၁၀၆)ဖြင့် နှစ်စဉ် အောက်တိုဘာလ ၁ ရက်နေ့ကို အပြည်ပြည်ဆိုင်ရာသက်ကြီးပုဂ္ဂိုလ်များနေ့ (International Day of Older Persons) ဟု ဂုဏ်ပြု သတ်မှတ်ခဲ့သည်မှာ ယခု ၂၀၂၄ ခုနှစ်တွင် ဆယ်စုနှစ်သုံးခုကျော်၍ လေးနှစ်စွန်းလာပြီ။

## သက်ကြီးသူတို့ကမ္ဘာ

၂၀၂၄ ခုနှစ် ကမ္ဘာ့လူဦးရေမျှော်မှန်းချက် (World Population Project 2024) အစီရင်ခံစာအရ ကမ္ဘာတစ်ဝန်း၌ လူဦးရေ ၈ ဒသမ ၂ ဘီလီယံရှိပြီး လာမည့်နှစ် ၆၀ အထိ ဆက်လက်တိုးလာဖွယ်ရှိရာ ၂၀၈၀ ပြည့်နှစ်တွင် ၁၀ ဒသမ ၃ ဘီလီယံသို့ ရောက်ရှိနိုင်သည်ဟု ကုလသမဂ္ဂက ခန့်မှန်းထားသည်။ ကမ္ဘာ့နိုင်ငံထက်ဝက်ကျော်ခန့်၌ ပျမ်းမျှ လူ့သက်တမ်း ၇၅ နှစ်အထက် ကျော်လွန်လာပြီ ဖြစ်ရာ ၁၉၅၀ ပြည့်နှစ်ကာလနှင့်နှိုင်းယှဉ်ပါက ၂၅ နှစ်ခန့် တိုးလာခြင်းဖြစ်သည်။ ကမ္ဘာတစ်ဝန်းတွင် ၁၉၈၀ ပြည့်နှစ်မှ ၂၀၂၁ ခုနှစ်အတွင်း အသက် ၆၅ နှစ်နှင့်အထက် သက်ကြီးရွယ်အို သန်း ၂၆၀ မှ ၇၆၁ သန်းအထိ တိုးပွားလာသည်။ ၂၀၂၁ ခုနှစ်မှ ၂၀၅၀ ပြည့်နှစ်အတွင်း ၁၀ ရာခိုင်နှုန်းမှ ၁၇ ရာခိုင်နှုန်းအထိ ထပ်မံတိုးပွားလာနိုင်သည်ဟု ခန့်မှန်းထားသည်။ ဖွံ့ဖြိုးဆဲနိုင်ငံများ၌ ၂၀၃၀ ပြည့်နှစ်အရောက်တွင် သက်ကြီးပုဂ္ဂိုလ်အရေအတွက်သည် လူငယ်ဦးရေထက် ပိုမိုများပြားလာမည်ဟု ခန့်မှန်းထားသည်။ သို့ဖြစ်ရာ ကျွန်ုပ်တို့၏ကမ္ဘာကို သက်ကြီးသူတို့ကမ္ဘာဟု တင်စားခေါ်ဆိုနေကြပြီဖြစ်သည်။ ကမ္ဘာ့နိုင်ငံများနည်းတူ မြန်မာနိုင်ငံတွင်လည်း အသက် ၆၀ နှစ်နှင့်အထက် သက်ကြီးပုဂ္ဂိုလ်ပါဝင်မှု ရာခိုင်နှုန်းသည် ၁၉၇၃ ခုနှစ်က ခြောက်ရာခိုင်နှုန်းသာရှိရာမှ ၂၀၁၉ ခုနှစ်တွင် ၁၀ ဒသမ ၁ ရာခိုင်နှုန်းအထိ တိုးလာသည်။ ယခုအချိန်တွင် သက်ကြီးပုဂ္ဂိုလ် ခြောက်သန်းခွဲကျော်ရှိလာပြီဟု ခန့်မှန်းထားရာ မြန်မာ့လူဦးရေ ၅၆ သန်းကျော်နှင့်တွက်ချင့်လျှင် မြန်မာကိုးဦးခန့်တွင် တစ်ဦးသည် သက်ကြီးပုဂ္ဂိုလ်စာရင်းဝင်ဖြစ်လာပြီဟု ဆိုရပါမည်။

## ဦးတည်ချက်ဆောင်ပုဒ်

ဖွံ့ဖြိုးဆဲနိုင်ငံများ၏ သက်ကြီးပုဂ္ဂိုလ်တိုးပွားနှုန်းသည် ဖွံ့ဖြိုးပြီးနိုင်ငံများထက် ပိုမိုမြန်ဆန်သည်။ ထိုသို့ လူဦးရေအချိုးအစား ပြောင်းလဲလာမှုသည် သမားရိုးကျအခြေအနေနှင့် သမားရိုးကျမဟုတ်သည့်အခြေအနေတို့တွင် ငွေကြေးကုန်ကျသည့် ပံ့ပိုးမှုနှင့် ငွေကြေးပံ့ပိုးမှုမကုန်ကျသည့် ပံ့ပိုးမှုနှစ်ရပ်စလုံးတွင် လိုအပ်သည့် ပြုစုစောင့်ရှောက်ရေး လုပ်ငန်းများကို သိသိသာသာ ပြောင်းလဲစေသည်။ သက်ကြီးပုဂ္ဂိုလ်များပြားလာခြင်းကြောင့် ပိုမိုကျယ်ပြန့်သော ကျန်းမာရေးစောင့်ရှောက်မှုနှင့် စိတ်လူမှုစောင့်ရှောက်ရေးဝန်ဆောင်မှု လိုအပ်ချက်များ သိသာစွာမြင့်တက်လာသည်။ အထူးသဖြင့် စိတ်ပိုင်းဆိုင်ရာ မသန်စွမ်းသည့် သက်ကြီးပုဂ္ဂိုလ်များအတွက် လိုအပ်ချက်များပြားလာသည်။ ကမ္ဘာ့နိုင်ငံအသီးသီး၌ သက်ကြီးများ၏ အခွင့်အရေးအတွက် ပိုမိုခိုင်မာသော ကမ္ဘာလုံးဆိုင်ရာ ကတိကဝတ် အလုံးစုံပြည့်စုံသော သဘောတူစာချုပ်ထွက်ပေါ်လာဖို့လိုသည်။ ကမ္ဘာနှင့်အဝှမ်း သက်ကြီးဆူနာမီလှိုင်းရိုက်ခတ်လာမည့်အခြေအနေမှာ ချင့်မြော်တွေးဆ၍ စီမံဆောင်ရွက်ရမည့် စိန်ခေါ်မှုတစ်ရပ် ဖြစ်လာပြီ။

ထို့ကြောင့် သက်ကြီးပုဂ္ဂိုလ်ကုသစောင့်ရှောက်မှု ဆေးပညာ (geriatrics)၊ အိုခြင်းနှင့် အိုမှုဖြစ်စဉ် လေ့လာမှုဆိုင်ရာ အတတ်ပညာ (gerontology) များ ကျယ်ကျယ်ပြန့်ပြန့်ထွန်းကားရေး၊ သက်ကြီးပုဂ္ဂိုလ်များကို စနစ်တကျ ရေရှည်ပြုစုစောင့်ရှောက်နိုင်မည့်သူ (caregivers) များ လေ့ကျင့်မွေးထုတ်ရေး၊ သက်ကြီးပုဂ္ဂိုလ်စောင့်ရှောက်ရေး ဆရာဝန်များ၊ သက်ကြီးပုဂ္ဂိုလ်စောင့်ရှောက်ရေး ပညာရပ်များအတွက် ပညာရေးအခွင့်အလမ်းများနှင့် သင်တန်းများဖွင့်လှစ်ရေး စသည့်အစီအမံများကို ဆွေးနွေးညှိနှိုင်းချမှတ်မှ ဖြစ်တော့မည်။ သက်ကြီးပုဂ္ဂိုလ်များ၏ ဂုဏ်သိက္ခာ၊ ယုံကြည်မှု၊ လိုအပ်ချက်နှင့် လုံခြုံမှုကို လေးစားတန်ဖိုးထားသည့် သက်ကြီးပုဂ္ဂိုလ် အာရုံစိုက်ချဉ်းကပ်နည်းကို မြှင့်တင်ပြီး ၎င်းတို့၏ လူနေမှုဘဝအဆင့်အတန်းအတွက် ၎င်းတို့ကိုယ်တိုင် ဆုံးဖြတ်ရွေးချယ်နိုင်ခွင့်ကိုလည်း အလေးထားရပေမည်။ သို့ဖြစ်၍ ကုလသမဂ္ဂက ယခု ၂၀၂၄ ခုနှစ် အပြည်ပြည်ဆိုင်ရာသက်ကြီးပုဂ္ဂိုလ်များနေ့ ဦးတည်ချက်ဆောင်ပုဒ်ကို "Ageing with Dignity: The Importance of Strengthening Care and Support Systems for Older Persons Worldwide."ဟု ချမှတ်ပေးလိုက်ခြင်းပင် ဖြစ်သည်။




## သက်ကြီးပုဂ္ဂိုလ်များဆိုင်ရာအခြေခံမူငါးရပ်

၁၉၉၁ ခုနှစ်က ကျင်းပသော ကုလသမဂ္ဂ အထွေထွေညီလာခံက ဆုံးဖြတ်ချက် ၄၆/၉၁ ဖြင့် ချမှတ်ပေးခဲ့သော အောက်ဖော်ပြပါ သက်ကြီးပုဂ္ဂိုလ်များဆိုင်ရာအခြေခံမူ (United Nations Principles for Older Persons) ငါးရပ်သည် မည်သို့ပင် ခေတ်စနစ်အခြေအနေများ ပြောင်းလဲစေကာမူ ယနေ့တိုင် ခေတ်မီနေဆဲ၊ ဆန်းသစ်နေဆဲ ဖြစ်သည်။

### အခြေခံလိုအပ်ချက်များပြည့်စုံစေ၍ အမှီအခိုကင်းစွာ မိမိကိုယ်တိုင်ရပ်တည်နိုင်ရေး (Independence)

ကိစ္စမြားမြောင်လူတို့ဘောင်၌ ဆယ်စုနှစ်ခြောက်ခုကျော်ကာလ ကျင်လည်ခဲ့ပြီးသူတစ်ဦးအဖို့ သက်ကြီးပုဂ္ဂိုလ်ဘဝသည် အရေးကြီးဆုံးအချိန် ဖြစ်သည်။ ထိုကာလတွင် စားရေး၊ ဝတ်ရေး၊ နေရေးနှင့် ကျန်းမာရေး စသည့်အခြေခံလိုအပ်ချက်တို့အပြင် ထိုက်သင့်သောအလုပ်အကိုင်နှင့် ဝင်ငွေရရှိရေး၊ သိလိုတတ်လိုသော ပညာရပ်ဆိုင်ရာများကို လေ့လာဆည်းပူးခွင့်ရရှိရေး၊ ကိုယ်ပိုင်လွတ်လပ်ခွင့်များနှင့် အမှီအခိုကင်းရေးသည် သက်ကြီးပုဂ္ဂိုလ်များအဖို့ ရရှိခံစားအပ်သော အခြေခံအခွင့်အရေးများ ဖြစ်သည်။ အဆိုပါအခွင့်အရေးများ အပြည့်အဝရရှိအောင် ဖော်ဆောင်ပေးရန် မျိုးဆက်သစ်တိုင်းတွင် ကိုယ်စီတာဝန်ရှိပါသည်။

### လူမှုရေးနှင့် စေတနာ့ဝန်ထမ်းအဖွဲ့အစည်းများတွင် ပါဝင်ဆောင်ရွက်ခွင့်ရရှိရေး (Participation)

"အိုသည့်တိုင်အောင် ဖွဲ့ကိုဆောင်၍ လူ့ဘောင်ကောင်းကျိုးစဉ်သယ်ပိုး" လိုသည်မှာ သက်ကြီးပုဂ္ဂိုလ်များ၏ ဆန္ဒစေတနာပင်ဖြစ်သည်။ လူ့အသိုင်းအဝိုင်းအတွင်း နှစ်ပေါင်းများစွာ ကျင်လည်ခဲ့သူများဖြစ်သည့်အားလျော်စွာ အထီးတည်းမနေလိုကြသူများလည်းဖြစ်သည်။ လျှုဒါန်းပေးကမ်းလိုကြ၍ ပရဟိတသင်္ဂဟလုပ်ငန်းများတွင် ပါဝင်ပျော်မွေ့လိုသူများလည်းဖြစ်ကြသည်။ သို့ဖြစ်၍ လူမှုရေးနှင့် သာရေးနာမှုအဖွဲ့အစည်းများတွင် ပါဝင်ထမ်းရွက်နိုင်ရန် နေရာပေးကြရမည်။ "သက်ကြီးစကား သက်ငယ်ကြား"ဟူသည့် ဆိုရိုးစကားနှင့်အညီ ၎င်းတို့ထံမှ အတွေ့အကြုံနှင့် ဗဟုသုတများကို တလေးတစားမှတ်သားနာယူကြရမည်။ လူ့အသိုင်းအဝိုင်းအတွင်း စိတ်အားလူအားရှိသမျှ ကိုယ်တိုင်ကိုယ်ကျ ပါဝင်ဆောင်ရွက်ခွင့်ရရှိနိုင်ရန် စီမံဖန်တီးပေးကြရမည်ဖြစ်သည်။

### ကြီးသူငယ်သူအပြန်အလှန် စောင့်ရှောက်မှုပြုကြရေး (Care)

"ကြီးသူကိုရိုသေ၊ ရွယ်တူကိုလေးစား၊ ငယ်သူကိုသနား" ဟူ၍ မြန်မာဆိုရိုးစကားရှိပေသည်။ မြန်မာ့ယဉ်ကျေးမှုဓလေ့ထုံးတမ်းအရ သက်ကြီးပုဂ္ဂိုလ်များသည် ၎င်းတို့၏ မိသားစုနှင့် ရပ်ဆွေရပ်မျိုးတို့၏ ပြုစုစောင့်ရှောက်မှု၊ ရိုသေလေးစားမှုကို ခံယူခွင့်ရှိသူများဖြစ်သည်။ အသက်အရွယ် မတူညီသောမျိုးဆက်များကြား အခါအားလျော်စွာ ဗဟုသုတနှင့် အတွေ့အကြုံများကို နှီးနှောဖလှယ်ကြရမည်။ သက်ရွယ်စုံညီ လူ့ဘောင်ဆီသို့ လှမ်းချီရာတွင် ကြီးသူ၊ ရွယ်တူ၊ ငယ်သူအားလုံး ကျွန်းကိုင်းမှီ၊ ကိုင်းကျွန်းမှီဆိုသကဲ့သို့ တစ်ဦးနှင့်တစ်ဦး အပြန်အလှန် အကျိုးပြုကြလျက် အချင်းချင်းရိုင်းပင်း စောင့်ရှောက်ကြရမည်ဖြစ်သည်။

### ၎င်းတို့၏စွမ်းရည်နှင့် အခွင့်အလမ်းများကို ၎င်းတို့ ကိုယ်တိုင်ဖြည့်တင်းနိုင်ရေး (Self-Fulfillment)

"အသက်ကြီး" သူတိုင်းသည် "အရွယ်အို" နေသူများမဟုတ်ကြပေ။ သက်ကြီးပုဂ္ဂိုလ်များဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ၎င်းတို့ကိုယ်တိုင်၏ အားထုတ်ကြိုးပမ်းဆောင်ရွက်မှုများ၌ အခွင့်အလမ်းများလက်လှမ်းမီဖြစ်စေရန် အားပေးမြှင့်တင်ပေးရမည်။ ၎င်းတို့တွင် ငုပ်လျှိုးကျန်ရှိသေးသော စွမ်းရည်များကို ဖော်ထုတ်ပြသခွင့်ရရှိရန် လမ်းဖွင့်ပေးကြရမည်။ လူ့အသိုင်းအဝိုင်း၏ ပညာရေး၊ ယဉ်ကျေးမှု၊ အပန်းဖြေရေးနှင့် လောကုတ္တရာပိုင်းဆိုင်ရာ ကဏ္ဍများတွင် ကိုယ်တိုင်ကိုယ်ကျ ကိုယ့်အားကိုယ်ကိုး ပါဝင်ဆောင်ရွက်မှုအဝဝကို အသိအမှတ်ပြု အားပေးကြရမည်ဖြစ်သည်။

### ဂုဏ်သိက္ခာရှိရှိဖြင့် လုံခြုံမှုရှိစွာ ရပ်တည်ခွင့်ရရှိရေး (Dignity)

သက်ကြီးပုဂ္ဂိုလ်များသည် လူသားတိုင်း မရရှိနိုင်သော အသက်အရွယ်အားဖြင့် ကြီးခြင်းဟူသည့် "ဝယဝုဒ္ဓိဂုဏ်ရည်" ကို ပိုင်ဆိုင်သူများဖြစ်သည်။ မိမိနေအိမ်နှင့်ဝန်းကျင်တွင် သက်ကြီးပုဂ္ဂိုလ်တစ်ဦးရှိနေခြင်းသည် ကောင်းမြတ်သော မင်္ဂလာတစ်ပါးဖြစ်သည်။ မိသားစုအကျိုးကို များစွာမသယ်ပိုးနိုင်တော့ဘဲ ကျီးစောင့်ကြက်နှင့် မြေးထိန်းရသည့်အမှုကို

စာမျက်နှာ ၁၇ သို့ ☆

❝ ကမ္ဘာတစ်ဝန်းတွင် ၁၉၈၀ ပြည့်နှစ်မှ ၂၀၂၁ ခုနှစ်အတွင်း အသက် ၆၅ နှစ်နှင့်အထက် သက်ကြီးရွယ်အို သန်း ၂၆၀ မှ ၇၆၁ သန်းအထိ တိုးပွားလာသည်။ ၂၀၂၁ ခုနှစ်မှ ၂၀၅၀ ပြည့်နှစ်အတွင်း ၁၀ ရာခိုင်နှုန်းမှ ၁၇ ရာခိုင်နှုန်းအထိ ထပ်မံတိုးပွားလာနိုင်သည်ဟု ခန့်မှန်းထားသည်။ ဖွံ့ဖြိုးဆဲနိုင်ငံများ၌ ၂၀၃၀ ပြည့်နှစ်အရောက်တွင် သက်ကြီးပုဂ္ဂိုလ်အရေအတွက်သည် လူငယ်ဦးရေထက် ပိုမိုများပြားလာမည်ဟု ခန့်မှန်းထားသည်။ သို့ဖြစ်ရာ ကျွန်ုပ်တို့၏ကမ္ဘာကို သက်ကြီးသူတို့ကမ္ဘာဟု တင်စားခေါ်ဆိုနေကြပြီဖြစ်သည်။ ကမ္ဘာ့နိုင်ငံများနည်းတူ မြန်မာနိုင်ငံတွင်လည်း အသက် ၆၀ နှစ်နှင့်အထက် သက်ကြီးပုဂ္ဂိုလ်ပါဝင်မှု ရာခိုင်နှုန်းသည် ၁၉၇၃ ခုနှစ်က ခြောက်ရာခိုင်နှုန်းသာရှိရာမှ ၂၀၁၉ ခုနှစ်တွင် ၁၀ ဒသမ ၁ ရာခိုင်နှုန်းအထိ တိုးလာသည်။ ယခုအချိန်တွင် သက်ကြီးပုဂ္ဂိုလ်ခြောက်သန်းခွဲကျော်ရှိလာပြီဟု ခန့်မှန်းထားရာ မြန်မာ့လူဦးရေ ၅၆ သန်းကျော်နှင့် တွက်ချင့်လျှင် မြန်မာကိုးဦးခန့်တွင် တစ်ဦးသည် သက်ကြီးပုဂ္ဂိုလ်စာရင်းဝင်ဖြစ် ❞

# ဒုတိယစာရင်းစစ်ချုပ် ဒေါ်နိုင်သက်ဦး ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ အာရှတိုက်ဆိုင်ရာ စာရင်းစစ်ချုပ်ရုံးများအဖွဲ့၏ (၁၆) ကြိမ်မြောက်ညီလာခံနှင့် (၉)ကြိမ်မြောက် စာတမ်းဖတ်ပွဲသို့ တက်ရောက်

**နေပြည်တော် စက်တင်ဘာ ၂၉**

ဒုတိယစာရင်းစစ်ချုပ် ဒေါ်နိုင်သက်ဦး ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် အိန္ဒိယသမ္မတနိုင်ငံ စာရင်းစစ်ချုပ်ရုံးကကြီးမှူး၍ အိန္ဒိယသမ္မတနိုင်ငံ နယူးဒေလီမြို့၌ စက်တင်ဘာ ၂၄ ရက်မှ ၂၇ ရက်အထိကျင်းပသည့် အာရှတိုက်ဆိုင်ရာစာရင်းစစ်ချုပ်ရုံးများ အဖွဲ့ (Asian Organization of Supreme Audit Institutions – ASOSAI)၏ (၁၆) ကြိမ်မြောက် ညီလာခံနှင့် (၉)ကြိမ်မြောက် စာတမ်းဖတ်ပွဲသို့ တက်ရောက်သည်။

**အတည်ပြုခြင်းများဆောင်ရွက်**

ညီလာခံတွင် အဖွဲ့၏ ၂၀၂၁ ခုနှစ်မှ ၂၀၂၃ ခုနှစ်အတွက် ဘဏ္ဍာရေး







ရှင်းတမ်းများ၊ စာရင်းစစ် ကော်မတီ အစီရင်ခံစာနှင့် ၂၀၂၅ ခုနှစ်မှ ၂၀၂၇ ခုနှစ်အတွက် ဘတ်ဂျက်အတည်ပြုခြင်း၊ အဖွဲ့၏မဟာဗျူဟာလုပ်ငန်းစီမံချက်၊ ဘန်ကောက်ကြေညာစာတမ်း၏ ရလဒ်များ၊ (၁၃)ကြိမ်မြောက် သုတေသနစီမံကိန်းအစီရင်ခံစာ၊ ASOSAI Working Group ဖွဲ့စည်းမှုနှင့် အစီရင်ခံစာများ၊ စည်းမျဉ်းများပြင်ဆင်ရန်တို့နှင့်စပ်လျဉ်း၍ တင်ပြအတည်ပြုခြင်း၊ (၁၇) ကြိမ်မြောက် ညီလာခံကို အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် စာရင်းစစ်ချုပ်ရုံး အတည်ပြုခြင်း၊၂၀၂၄ ခုနှစ်မှ ၂၀၂၇ ခုနှစ်အတွက် ASOSAI ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်မည့် အိန္ဒိယသမ္မတနိုင်ငံ စာရင်းစစ်ချုပ်ထံသို့ ယခင်ဥက္ကဋ္ဌဖြစ်သည့် ထိုင်းနိုင်ငံ စာရင်းစစ်ချုပ်က ဥက္ကဋ္ဌ တာဝန်လွှဲပြောင်းပေးအပ်ခြင်းနှင့် အုပ်ချုပ်မှုဘုတ်အဖွဲ့နှင့် စာရင်းစစ်ကော်မတီအဖွဲ့ဝင်များကို လျှို့ဝှက်မဲပေးသည့်စနစ်ဖြင့် ရွေးချယ် အတည်ပြုခြင်း၊ နယူးဒေလီ ကြေညာစာတမ်းကို အတည်ပြုခြင်းများကို ဆောင်ရွက်ခဲ့ကြသည်။

(၉) ကြိမ်မြောက် စာတမ်းဖတ်ပွဲကို "အခြေခံဒီဂျစ်တယ်စနစ်နှင့် ဝန်ဆောင်မှုကဏ္ဍများနှင့် ကျား၊ မ ခွဲခြားမှုကြောင့် ယင်းကဏ္ဍများတွင် ပါဝင်သုံးစွဲခွင့်ပြဿနာ" ခေါင်းစဉ်ဖြင့် အစ္စရေး၊ အင်ဒိုနီးရှား၊ မလေးရှား၊ အိုမန်နှင့် ထိုင်းနိုင်ငံ စာရင်းစစ်ချုပ်ရုံးများက တင်ပြကြပြီး အဆိုပါ စာတမ်းများအပေါ် တက်ရောက်လာသည့် ကိုယ်စားလှယ်များက ဆွေးနွေးမေးမြန်းခြင်းနှင့် အိန္ဒိယသမ္မတနိုင်ငံစာရင်းစစ်ချုပ်ရုံးက စာတမ်းများကို အနှစ်ချုပ်သုံးသပ်တင်ပြခြင်းများ ဆောင်ရွက်ကြသည်။

**ပြန်လည်ရောက်ရှိ**

ဒုတိယစာရင်းစစ်ချုပ် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် စက်တင်ဘာ ၂၈ ရက် ညနေပိုင်းတွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ကျုံပျော်မြို့နယ်၌ သန်းခေါင်စာရင်းကောက်ယူနိုင်ရေး တာဝန်ပေးအပ်

**ကျုံပျော် စက်တင်ဘာ ၂၉**

၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူနိုင်ရေးအတွက် စာရင်းစစ်၊ စာရင်းကောက်များအား တာဝန်ပေးအပ်ခြင်း အခမ်းအနားကို စက်တင်ဘာ ၂၈ ရက် နံနက်ပိုင်းတွင် ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်မြို့နယ် မိုးလုံလေလုံ အားကစားခန်းမ၌ ပြုလုပ်သည်။

ဦးစွာ ကျုံပျော်ခရိုင် သန်းခေါင်စာရင်းကော်မတီဥက္ကဋ္ဌ ကျုံပျော်ခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်နိုင်ဦးက အမှာစကား ပြောကြားသည်။ ထို့နောက် စာရင်းစစ်၊ စာရင်းကောက်များအား တာဝန်ပေးအပ်ခြင်းနှင့် ပုံစံများပေးအပ်ကာ ရပ်ကွက်/ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများ၊ စာရေးဝန်ထမ်းများနှင့် လုပ်ငန်းအောင်မြင်စွာ ဆောင်ရွက်နိုင်ရေး ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။




ကျုံပျော်မြို့နယ်တွင် ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကို ရပ်ကွက် ၅ ခု၊ ကျေးရွာအုပ်စု ၈၉ အုပ်စုရှိ စာရင်းကောက်ကွက် ၆၁၆ ကွက်တွင် စာရင်းစစ်၊ စာရင်းကောက် ၂၃၅ ဦးတို့က အဖွဲ့ပေါင်း ၄၉ ဖွဲ့ဖြင့် အောက်တိုဘာ ၁ ရက်မှ ၁၅ ရက်အထိ ကောက်ယူသွားမည်ဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့သော ကျောင်းသား ကျောင်းသူများနှင့် သင်ကြားပေးခဲ့သော ဆရာ ဆရာမများအား ဂုဏ်ပြုဆုချီးမြှင့်ပွဲကျင်းပ

**ဇလွန် စက်တင်ဘာ ၂၉**

ဧရာဝတီတိုင်းဒေသကြီး ဇလွန်မြို့နယ်တွင် ၂၀၂၃ - ၂၀၂၄ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့ကြသော ကျောင်းသား ကျောင်းသူများနှင့် ဂုဏ်ထူးရအောင်သင်ကြားပေးခဲ့သော ဆရာ ဆရာမများအား ဂုဏ်ပြုဆုချီးမြှင့်ပွဲ အခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။




**အမှာစကားပြောကြား**

အခမ်းအနားတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးထွန်းထွန်းလင်းက အဖွင့်အမှာစကား ပြောကြားသည်။ ယင်းနောက် တာဝန်ခံ မြို့နယ်ပညာရေးမှူး ဆရာမကြီး ဒေါ်စန်းစန်းရီက ဂုဏ်ပြုဆုချီးမြှင့်ပွဲ အခမ်းအနား ကျင်းပရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးထွန်းထွန်းလင်းနှင့် တာဝန်ရှိသူများက ၂၀၂၃–၂၀၂၄ ပညာသင်နှစ် အောင်ချက်အကောင်းဆုံးကျောင်းများ၊ အထက (ဒေါင့်ကြီး) Grade–11မှ နိုင်ငံတော်အဆင့် နှစ်ထပ်ကွမ်းလူရည်ချွန် မောင်စိုးခန့်ကျော်နှင့် ငါးဘာသာ၊ လေးဘာသာ၊ သုံးဘာသာ၊ နှစ်ဘာသာနှင့် တစ်ဘာသာ ဂုဏ်ထူးရှင်များ၊ ဂုဏ်ထူးရအောင် သင်ကြားပေးခဲ့သော ဆရာ ဆရာမများအား ဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# သက်ရှည်ကျန်းမာဖို့ စားသုံးဆီကို တတ်နိုင်သမျှ လျှော့စားစို့

☆ စာမျက်နှာ ၁၆ မှ

ပြုနေကြရသည့်တိုင် ၎င်းတို့ဂုဏ်အင်သည် တလွင့်လွင့်မြင့်မားနေဆဲဖြစ်သည်။ ခေါင်းဖြူစွယ်ကျိုး၊ အိုနာကျိုးကန်း စသော အသုံးအနှုန်းများကို ရှောင်ကြဉ်ကြရမည်။ ၎င်းတို့၏ ပြုမူပြောဆိုဆက်ဆံမှုအပေါ် ခေတ်မမီသူများ၊ စပ်စုတတ်သူများ၊ ဝင်ရောက်စွက်ဖက်တတ်သူများဟူ၍ သဘောမထားဘဲ လိုက်လျောညီထွေ နေရာပေးဆက်ဆံမှုပြုကြရပါမည်။ ကျန်ရှိနေသေးသော လူ့ဘဝသက်တမ်းကာလ၌ စိတ်ပိုင်းဆိုင်ရာ၊ ရုပ်ပိုင်းဆိုင်ရာ ညှိုးနွမ်းမှုမရှိဘဲ လုံခြုံနွေးထွေးစွာ ဂုဏ်သိက္ခာရှိရှိ ရပ်တည်နေထိုင်နိုင်သူများဖြစ်အောင်၊ ကျန်းမာတက်ကြွသက်ကြီးဘဝ (Active and healthy aging) ကို ရရှိအောင် အားပေးမြှင့်တင်ကြရမည်ဖြစ်သည်။

**မြန်မာ့သက်ကြီးပုဂ္ဂိုလ်များဘဝမြှင့်တင်ရေးနှင့် စောင့်ရှောက်ရေး**

"သက်ကြီးသူများ စောင့်ရှောက်ရေးအစ မြန်မာက" ဟု ဆိုရလောက်အောင် ကျေးဇူးတရားသိတတ်မှုနှင့် တာဝန်ဝတ္တရားကျေပွန်မှုကို အလေးထားတတ်သော မြန်မာတို့အဖို့ ရှေးမြန်မာမင်းများလက်ထက်ကတည်းကစ၍ သားစဉ်မြေးဆက်ထမ်းရွက်ခဲ့သော သက်ကြီးပုဂ္ဂိုလ်စောင့်ရှောက်မှုသည် မြန်မာ့ယဉ်ကျေးမှုအစဉ်အလာတစ်ရပ်ဖြစ်သည်။ မျက်မှောက်ခေတ်တွင်လည်း "သက်ကြီးပုဂ္ဂိုလ်များဘဝမြှင့်တင်ရေးနှင့် စောင့်ရှောက်ရေးလုပ်ငန်း" သည် နိုင်ငံတော်အစိုးရ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန လူမှုဝန်ထမ်းဦးစီးဌာနက ဆောင်ရွက်နေသော ပင်မလုပ်ငန်းကြီးတစ်ရပ်ဖြစ်သည်။

တစ်နိုင်ငံလုံးရှိ အသက် ၈၅ နှစ်အထက် ဘိုးဘွားများကို ၂၀၁၇–၂၀၁၈ ဘဏ္ဍာရေးနှစ်မှစ၍ လူမှုရေးပင်စင်ခံစားခွင့်ပြုခဲ့သည်။ နိုင်ငံတော်အစိုးရအသိအမှတ်ပြု ဘိုးဘွားရိပ်သာ ၉၉ ခုကို နည်းပညာနှင့် နှစ်စဉ်ငွေကြေးထောက်ပံ့မှုများ ဆောင်ရွက်ပေးသည်။ ရန်ကုန်မြို့တွင် ဖွင့်လှစ်ထားသော သက်ကြီးသူများ နေ့ပိုင်းစောင့်ရှောက်ရေးဂေဟာ၌ သက်ကြီးရွယ်အိုများအတွက် ပြုစုစောင့်ရှောက်သူ (Caregiver) သင်တန်းကို ၂၀၁၅ ခုနှစ်မှ ယခုအချိန်အထိ သင်တန်းအမှတ်စဉ် (၁၅) ခု ဖွင့်လှစ်ခဲ့ပြီးဖြစ်ရာ သင်တန်းသား သင်တန်းသူ ၃၈၅ ဦး မွေးထုတ်ပေးနိုင်ခဲ့ပြီဟု သိရသည်။

**သန်းခေါင်စာရင်းကောက်ရာတွင် သက်ကြီးပုဂ္ဂိုလ်စာရင်း မကြွင်းကျန်စေဖို့**

ကုလသမဂ္ဂက ဦးဆောင်ရေးဆွဲနေသော အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုအခွင့်အရေးစာချုပ်ထွက်ပေါ် မလာသေးသော်လည်း မြန်မာနိုင်ငံ၌ သက်ကြီးရွယ်အိုများဆိုင်ရာဥပဒေ (၂၀၁၆) နှင့် နည်းဥပဒေများ (၂၀၂၂) တို့ကို ထုတ်ပြန်ပြဋ္ဌာန်းထားပြီးဖြစ်သည်။ မြန်မာနိုင်ငံ သက်ကြီးရွယ်အိုများကော်မတီနှင့် ဒေသဆိုင်ရာ ကော်မတီအဆင့်ဆင့်ကို ဖွဲ့စည်းဆောင်ရွက်နေသည်။ အဆိုပါဥပဒေကို စေ့စေ့ကြည့်ရာတွင် သက်ကြီးပုဂ္ဂိုလ်များ၏ အခွင့်အရေးများကို ဖော်ဆောင်ရာ၌ "သက်ကြီးရွယ်အိုသက်သေခံ ကတ်ပြားထုတ်ပေးခြင်းနှင့် ကိုင်ဆောင်အသုံးပြုခြင်း" ဟူသောအခန်းကဏ္ဍမှာ အခရာဖြစ်နေသည်ကို တွေ့ရမည်။ အဆိုပါလုပ်ငန်းသည် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် စနစ်တကျ ဆောင်ရွက်ရမည့်လုပ်ငန်းကြီးဖြစ်၍ ကြီးမားကျယ်ပြန့်လှသည်။ သို့ရာတွင် တိုက်တိုက်ဆိုင်ဆိုင် ၂၀၂၄ ခုနှစ် အောက်တိုဘာလ ၁ ရက်နေ့ (အပြည်ပြည်ဆိုင်ရာ သက်ကြီးပုဂ္ဂိုလ်များနေ့) တွင် စတင်ကောက်ယူမည့် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း၏ရလဒ်များ ထွက်ပေါ်လာသည့်အခါ ရရှိလာမည့် သက်ကြီးပုဂ္ဂိုလ်စာရင်းကို အခြေခံ၍ ဆောင်ရွက်နိုင်မည်မှာမလွဲပေ။ သို့ဖြစ်၍ စာရင်းကောက်အဖွဲ့များ ရောက်ရှိလာသည့်အခါ မိမိ မိသားစုဝင် သက်ကြီးပုဂ္ဂိုလ်စာရင်းကို ကြွင်းကျန်မှုမရှိအောင် ဖြေကြားပေးရန် အားလုံးတွင် တာဝန်ရှိပါသည်။

**စိတ်ပျိုကိုယ်နု ဇရာကို အန်တုနိုင်စေဖို့**

မိသားစုအတွင်း၌ ကျွန်ုပ်တို့သည် သားသမီးနေရာတွင်ဖြစ်စေ၊ မိဘနေရာတွင်ဖြစ်စေ၊ ဘိုးဘွားနေရာတွင်ဖြစ်စေ ရောက်ရှိနေကြမည်သာဖြစ်သည်။ သားသမီးအရွယ်ဖြစ်ပါက များမကြာမီ မိဘအရာသို့ ရောက်ရှိပါတော့မည်။ မိဘနေရာတွင် ရောက်ရှိနေသူဖြစ်ပါက မဝေးသောကာလတွင် ဘိုးအေဘွားအေဘဝကို မလွဲမသွေ ခံယူကြရမည်ဖြစ်ပါသည်။ အသက်အရွယ် မတူညီသော မိသားစုဝင်များကြား ညီညွတ်မျှတစွာ နေထိုင်ပြောဆိုဆွေးနွေးမှု၊ အပြန်အလှန်လေးစားမှု၊ အပြန်အလှန် ရိုင်းပင်းကူညီမှု၊ အပြန်အလှန် မေတ္တာထားမှု၊ ခွင့်လွှတ်စာနာထောက်ထားမှုများဖြင့် ခိုင်မြဲသောမိသားစုဘဝကို တည်ဆောက်ကြရပါမည်။ အသက် ၁၈ နှစ်မပြည့်သေးသူတို့အတွက် ကလေးသူငယ်အခွင့်အရေးများရှိသကဲ့သို့ အသက် ၆၀ နှစ်နှင့် အထက်ရှိသူတိုင်းတွင်လည်း သက်ကြီးပုဂ္ဂိုလ်အခွင့်အရေးများရှိကြပါသည်။ သို့ဖြစ်၍ ကျွန်ုပ်တို့၏ ဘိုးဘွားမိဘများကို စိတ်ထောင်းကိုယ်ကြေ အိုဇာတာကံခေသူများ မဖြစ်စေဘဲ စိတ်ပျိုကိုယ်နု ဇရာကို အန်တုနိုင်သူများဖြစ်စေရန် အတတ်နိုင်ဆုံး အားပေးမြှင့်တင်ဖြည့်ဆည်းရေးမှာ မျိုးဆက်သစ်တိုင်း၏ တာဝန်ပင်ဖြစ်ပါသည်။ ။

# ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနက ထိန်းသိမ်းထားသော ရေလှောင်တမံနှင့် ရေထိန်းတမံများကြံ့ခိုင်မှု ကောင်းမွန်လျက်ရှိပြီး စိုးရိမ်ရန်မရှိ

**နေပြည်တော် စက်တင်ဘာ ၂၉**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနက ပြည်ထောင်စုနယ်မြေ နေပြည်တော်တွင် ထိန်းသိမ်းထားသော ရေလှောင်တမံနှင့် ရေထိန်းတမံစုစုပေါင်း ၁၂ ခုရှိရာ စက်တင်ဘာ ၂၉ ရက်တွင် ပေါင်းလောင်းရေလှောင်တမံတွင် ၃ ဒသမ ၉၀ ပေနှင့် ငလိုက်ရေလှောင်တမံတွင် သုည ဒသမ ၁၀ ပေ ကန်ရေပြည့်အမှတ်အထက်ကျော်လွန်၍ ရေပိုလွှဲမှ ရေကျော်စီးဆင်းနေပြီး ယခင်နေ့နှင့်နှိုင်းယှဉ်ပါက ရေကျော်စီးဆင်းမှု အခြေအနေမှာ လျော့ကျလာလျက်ရှိသည်။

အလားတူ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနက ထိန်းသိမ်းထားသော ရေလှောင်တမံ ၂၄၆ ခုအနက်မှ စက်တင်ဘာ ၂၉ ရက်တွင် ကန်ရေပြည့်အမှတ်အထက် ကျော်လွန်၍ ရေပိုလွှဲမှရေကျော်စီးဆင်းနေသည့် ရေလှောင်တမံများမှာ ကရင်ပြည်နယ်တွင် တစ်ခု၊ ချင်းပြည်နယ်တွင် သုံးခု၊ စစ်ကိုင်းတိုင်းဒေသကြီးတွင် နှစ်ခု၊ ပဲခူးတိုင်းဒေသကြီးတွင် ၁၁ ခု၊ မကွေးတိုင်းဒေသကြီးတွင် ၁၁ ခု၊ မန္တလေးတိုင်းဒေသကြီးတွင် လေးခု၊ နေပြည်တော်တွင် နှစ်ခု၊ မွန်ပြည်နယ်တွင် နှစ်ခု၊ ရခိုင်ပြည်နယ်တွင် တစ်ခု၊ ရန်ကုန်တိုင်းဒေသကြီးတွင် သုံးခု၊ ရှမ်းပြည်နယ်(တောင်ပိုင်း)တွင် နှစ်ခု၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)တွင် တစ်ခုနှင့် ဧရာဝတီတိုင်းဒေသကြီးတွင် လေးခုဖြစ်ပြီး စုစုပေါင်း ၄၇ ခုရှိပြီးယခင်နေ့ ရေကျော်ခဲ့သည့် ရေလှောင်တမံ ၅၀ ထက် သုံးခုလျော့နည်းခြင်းဖြစ်သည်။

အဆိုပါရေလှောင်တမံများ၏ ကြံ့ခိုင်မှုအခြေအနေမှာ ကောင်းမွန်လျက်ရှိပြီး တာဝန်ကျဝန်ထမ်းများအား ၂၄ နာရီ ရေကင်းတာဝန်ချထား၍ အနီးကပ်စောင့်ကြပ်စစ်ဆေးလျက်ရှိပါကြောင်းနှင့် စိုးရိမ်ရန်မရှိပါကြောင်း သိရသည်။

**သတင်းစဉ်**

**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန**
**ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်**

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်

ရက်စွဲ- ၂၉-၉-၂၀၂၄
(၆:၀၀)နာရီ

အကြောင်းအရာ။ ။ ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်လက်အောက်ရှိ ရေလှောင်တမံများ၏ ရေမှတ်များ ပေးပို့ခြင်း

| စဉ် | ရေလှောင်တမံအမည် | ကန်ရေပြည့် | | ကန်ရေသေ | | (၂၉.၉.၂၀၂၄)နေ့ရှိ | | | ယနေ့ ထုတ်လွှတ်သည့် ရေပမာဏ (ဧကပေ) | ကန်ရေပြည့်ရန် လိုအပ်သည့် | | ကန်ရေပြည့်ပြီး | | မိုးရေချိန် (လက်မ) | ယခင်နေ့ ရေမှတ် |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ရေမှတ် (ပေ) | သိုလှောင်ရေ ပမာဏ (ဧကပေ) | ရေမှတ် (ပေ) | သိုလှောင်ရေ ပမာဏ (ဧကပေ) | ဝင်ရေ (ဧကပေ) | ရေမှတ် (ပေ) | သိုလှောင် ပမာဏ (ဧကပေ) | | ရေအနက် (ပေ) | သိုလှောင် ပမာဏ (ဧကပေ) | အမြင့် (ပေ) | ပိုလျှံရေ ပမာဏ (ဧကပေ) | | |
| ၁ | ပေါင်းလောင်းတမံ | ၆၂၃.၃၉ | ၅၄၉၄၂၀ | ၅၄၁.၃၆ | ၂၇၃၆၆၀ | ၃၉၄၄၄ | ၆၂၇.၂၉ | ၅၆၆၁၁၃ | ၁၈၁၆၇ (လျှပ်စစ်ထုတ်ရေ) | - | - | ၃.၉၀ | ၂၁၃၆၆ | - | ၆၂၇.၃၂ |
| ၂ | မဒန်းတမံ | ၆၃၅.၀၀ | ၃၆၅၀၀ | ၅၉၀.၀၀ | ၅၂၀၀ | ၁၀၃ | ၆၂၄.၃၀ | ၂၅၇၁၃ | - | ၁၀.၇၀ | ၁၀၇၈၇ | - | - | - | ၆၂၄.၂၀ |
| ၃ | ချောင်းမငယ်တမံ | ၅၂၀.၀၀ | ၉၁၇၇၀ | ၄၈၀.၀၀ | ၁၅၃၀၀ | ၁၂၅ | ၅၁၈.၇၅ | ၈၈၃၅၈ | ၂၂၂ | ၁.၂၅ | ၃၄၁၂ | - | - | - | ၅၁၈.၈၀ |
| ၄ | ဖောင်းလောင်တမံ | ၅၁၂.၀၀ | ၁၂၂၅၇ | ၄၉၀.၅၀ | ၂၅၄၀ | - | ၅၁၀.၄၀ | ၁၁၀၁၉ | ၇ | ၁.၆၀ | ၁၂၃၈ | - | - | - | ၅၁၀.၅၀ |
| ၅ | ရေဆင်းတမံ | ၄၃၉.၀၀ | ၇၃၀၀၀ | ၃၆၈.၄၀ | ၁၀၄၀ | ၅၉၈ | ၄၃၇.၆၅ | ၆၈၉၅၀ | ၂၄ | ၁.၃၅ | ၄၀၅၀ | - | - | - | ၄၃၇.၅၀ |
| ၆ | ငလိုက်တမံ | ၅၃၅.၀၀ | ၇၅၀၀၀ | ၅၀၆.၀၀ | ၁၂၉၅၀ | ၈၅ | ၅၃၅.၁၀ | ၇၅၂၈၈ | - | - | - | ၀.၁၀ | ၆၂ | - | ၅၃၅.၁၀ |
| ၇ | သဲဖြူတမံ | ၄၁၈.၀၀ | ၈၇၁၈ | ၃၉၀.၀၀ | ၆၈၇ | ၂ | ၄၁၆.၅၉ | ၇၉၂၂ | - | ၁.၄၁ | ၇၉၆ | - | - | - | ၄၁၆.၆၂ |
| ၈ | ဆင်သေတမံ | ၇၁၀.၀၀ | ၁၄၃၀၉၀ | ၆၇၄.၀၀ | ၁၇၃၀၃ | ၄၈ | ၇၀၂.၇၅ | ၁၀၃၃၀၉ | ၂ | ၇.၂၅ | ၃၉၇၈၁ | - | - | - | ၇၀၂.၇၅ |
| ၉ | ကင်းသာရေထိန်းတမံ | ၅၅၈.၅၀ | ၇၂ | ၅၄၅.၀၀ | ၈ | | | | | ရေတိုက်စား | | | | | |
| ၁၀ | မုန်ရေထိန်းတမံ | ၆၀၂.၀၀ | ၅၀၀ | ၅၉၂.၀၀ | ၂၂၅ | ၂၆ | ၆၀၁.၉၀ | ၄၉၅ | - | ၀.၁၀ | ၅ | - | - | ၀.၂၄ | ၆၀၁.၉၀ |
| ၁၁ | မြို့လှတမံ | ၈၇၀.၀၀ | ၁၄၆၀၀ | ၈၅၀.၀၀ | ၄၅၂၀ | ၂၅ | ၈၆၄.၇၀ | ၁၀၈၁၃ | - | ၅.၃၀ | ၃၇၈၇ | - | - | - | ၈၆၄.၈၀ |
| ၁၂ | တောက်ပြိုတမံ | ၆၇၉.၀၀ | ၂၄၉၁ | ၆၅၉.၀၀ | ၄၇၅ | ၁ | ၆၇၄.၀၀ | ၁၈၃၈ | - | ၅.၀၀ | ၆၅၃ | - | - | - | ၆၇၄.၀၀ |

## ရေကြီးရေလျှံမှုဖြစ်ပွားခဲ့သော ရပ်ကွက်နှင့် ကျေးရွာများတွင် ကျန်းမာရေးလုပ်ငန်းများ အရှိန်အဟုန်မြှင့်ဆောင်ရွက်

**တောင်ငူ စက်တင်ဘာ ၂၉**

ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့နယ်အတွင်း ရေကြီးရေလျှံမှုဖြစ်ပွားခဲ့သော ရပ်ကွက်၊ ကျေးရွာများရှိ ရေတွင်း၊ ရေကန်၊ လက်နှိပ်တုံကင် အစရှိသည့်သောက်သုံးရေအရင်းအမြစ်များအား ကလိုရင်းဆေးခတ်ခြင်းလုပ်ငန်းများကို ခရိုင်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာမီမီခင် ဦးဆောင်၍ အရေးပေါ် တုံ့ပြန်ဆောင်ရွက်ရေးအဖွဲ့များနှင့် နှီးနွှယ်ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဒေသခံပြည်သူများ ပူးပေါင်း၍ အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိသည်။



ထို့အတူ တောင်ငူမြို့နယ်အတွင်းရေကြီးရေလျှံမှု စတင်ဖြစ်ပွားခဲ့ချိန် ရေဘေးရှောင်စခန်း ၉၃ ခု၌ ဆရာဝန်များဦးဆောင်သောအရေးပေါ်ဆေး အကာအကွယ်ပေးရေးအဖွဲ့ ၁၄ ဖွဲ့၊ အရေးပေါ်တုံ့ပြန် ဆောင်ရွက်ရေးအဖွဲ့ ၉၄ ဖွဲ့ဖြင့် ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများကို ၂၄ နာရီ ဆောင်ရွက်ပေးပြီး ယခုအခါတွင် မြစ်ရေများပြန်လည်ကျဆင်းသွားပြီဖြစ်၍ ရေကြီးရေလျှံမှုဖြစ်ပေါ်ခဲ့သည့် ရပ်ကွက်/ကျေးရွာများအတွင်းသို့ နယ်လှည့်ကွင်းဆင်း၍ ကျန်းမာရေးလုပ်ငန်းများအား အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

## ရွှေကျင်မြို့နယ်၌ ရေဘေးရှောင်ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်ပေး

**ရွှေကျင် စက်တင်ဘာ ၂၉**

ပဲခူးတိုင်းဒေသကြီး ရွှေကျင်မြို့နယ် ခုတင်(၁၀၀) ပြည်သူ့ဆေးရုံအုပ်နှင့် ညောင်လေးပင်ဆေးရုံမှ သမားတော် ဦးဆောင်သော specialist EMT အဖွဲ့က ရွှေကျင်မြို့ အရှေ့မဟာဗုဒ္ဓဘုရားကြီးစေတီတော်အတွင်းရှိရေဘေးရှောင်ပြည်သူများအား ယနေ့နံနက်ပိုင်းမှစ၍ နယ်လှည့်ကွင်းဆင်း ဆေးကုသမှုများ ဆောင်ရွက်ခဲ့ကြသည်။



ထိုသို့ နယ်လှည့်ဆေးကုသရာတွင် ရွှေကျင်မြို့နယ် ခုတင်(၁၀၀) ပြည်သူ့ဆေးရုံအုပ် ဒေါက်တာသိန်းနိုင်လင်းနှင့် ကျန်းမာရေးဝန်ထမ်းများ၊ ညောင်လေးပင်ဆေးရုံမှ သမားတော်ဦးဆောင်သော specialist EMT အဖွဲ့များက သွေးတိုး၊ ဆီးချို၊ နှလုံး၊ အဆစ်အမြစ်ရောင်နှင့် အခြားအထွေထွေရောဂါများအား ကုသမှုပေးခြင်းတို့ဖြင့် ကျန်းမာရေးစောင့်ရှောက်ပေးမှု ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ထွန်းထွန်းဇော်(ပြန်/ဆက်)**

ပြင်ပအလင်းရောင်ကို အသုံးချပါ၊ မလိုအပ်သော အိမ်တွင်းလျှပ်စစ်မီးများကို လျှော့သုံးပါ

၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ (၂၉) ရက်နေ့တွင်ကျရောက်သည့် ကမ္ဘာ့နှလုံးကျန်းမာရေးနေ့အထိမ်းအမှတ်ဆောင်းပါး

# နှလုံးအစဉ်ကျန်းမာဖို့ သိဉာဏ်ဆင်ခြင်ဆောင်ရွက်စို့

## ပါမောက္ခဒေါက်တာနွယ်နွယ်

ပါမောက္ခ/ဌာနမှူး၊ နှလုံးဆေးကုဌာန၊
ဆေးတက္ကသိုလ်(၁)ရန်ကုန်

၂၀၂၄ ခုနှစ် စက်တင်ဘာလ ၂၉ ရက်နေ့သည် ကမ္ဘာ့နှလုံးကျန်းမာရေးနေ့ဖြစ်သည်။ ယခုနှစ် ကမ္ဘာ့နှလုံးကျန်းမာရေးနေ့အတွက် ကမ္ဘာ့နှလုံးကျန်းမာရေးအဖွဲ့ချုပ်၏ဆောင်ပုဒ်မှာ **“Use Heart for Action”**ဖြစ်ပြီး မြန်မာဘာသာနှင့်ဆီလျော်စွာ **“နှလုံးအစဉ်ကျန်းမာဖို့ သိဉာဏ်ဆင်ခြင်ဆောင်ရွက်စို့”**ဟု ပြန်ဆိုထားပါသည်။

ကမ္ဘာ့နှလုံးကျန်းမာရေးအဖွဲ့သည် ကမ္ဘာတစ်ဝန်းရှိ လူမှုအဖွဲ့အစည်းပေါင်း ၂၀၀ ကျော်ဖြင့် ဖွဲ့စည်းထားခြင်းဖြစ်ပါသည်။ ၎င်း၏အဖွဲ့ဝင်နိုင်ငံများသည် နှလုံးကျန်းမာရေး အသိပညာဖြန့်ဝေခြင်းနှင့် ကောင်းမွန်သော ကျန်းမာရေးအလေ့အထများကို လုပ်ဆောင်ရန်တိုက်တွန်းခြင်းတို့ကို အလေးထားဆောင်ရွက်လျက်ရှိပါသည်။

ကမ္ဘာ့နှလုံးကျန်းမာရေးနေ့ ဖြစ်ပေါ်လာသည့် သမိုင်းကြောင်းကို လေ့လာကြည့်ရာ ၁၉၉၇ ခုနှစ်မှ ၁၉၉၉ ခုနှစ်အထိ World Heart Federation (WHF) အဖွဲ့ကြီး၏ဥက္ကဋ္ဌ (President) အဖြစ် တာဝန်ယူဆောင်ရွက်ခဲ့သော Autoni Baye’s de Luna ၏ စိတ်ကူးစိတ်သန်းဖြင့် ကမ္ဘာ့နှလုံးကျန်းမာရေးနေ့ကို သတ်မှတ်၍ ကမ္ဘာ့လူသားများ၏ နှလုံးကျန်းမာရေးဆိုင်ရာ အသိပညာများကိုမြှင့်တင်နိုင်ရေး ကြိုးပမ်းဆောင်ရွက်ရန်ရည်ရွယ်ပြီး ၁၉၉၉ ခုနှစ်တွင် ကမ္ဘာ့ကျန်းမာရေးအဖွဲ့(WHO)နှင့် ကမ္ဘာ့နှလုံးကျန်းမာရေးအဖွဲ့ (World Heart Federation-WHF)တို့ ပူးပေါင်းညှိနှိုင်း၍ နှစ်စဉ် စက်တင်ဘာလ၏ နောက်ဆုံးတနင်္ဂနွေနေ့ကို ကမ္ဘာ့နှလုံးကျန်းမာရေးနေ့ (World Heart Day)အဖြစ် စတင်သတ်မှတ်ခဲ့ခြင်းဖြစ်ကြောင်း သိရှိရပါသည်။ ကမ္ဘာ့နှလုံးကျန်းမာရေးနေ့ (World Heart Day)ကို ၁၉၉၉ ခုနှစ်မှ ၂၀၁၁ ခုနှစ်အထိ နှစ်စဉ်စက်တင်ဘာလ၏ နောက်ဆုံးတနင်္ဂနွေနေ့တွင် ကျင်းပခဲ့ရာ ၂၀၁၁ ခုနှစ်နောက်ပိုင်းတွင် စက်တင်ဘာလ၏ နောက်ဆုံးတနင်္ဂနွေနေ့အစား စက်တင်ဘာလ ၂၉ ရက်နေ့ကို ကမ္ဘာ့နှလုံးကျန်းမာရေးနေ့ (World Heart Day)အဖြစ် ပြောင်းလဲ၍ ကျင်းပလာခဲ့ခြင်းဖြစ်ကြောင်း လေ့လာသိရှိရပါသည်။

နှစ်စဉ်နှစ်တိုင်း ကမ္ဘာ့နှလုံးကျန်းမာရေးနေ့ (World Heart Day) အခမ်းအနားများကို စက်တင်ဘာလ ၂၉ ရက်နေ့တွင် ကျင်းပပြုလုပ်ခြင်း၏ ရည်ရွယ်ချက်မှာ ပြည်သူလူထုအတွင်း နှလုံးသွေးကြောရောဂါများနှင့်ပတ်သက်သော ကျန်းမာရေးဗဟုသုတများ တိုးပွားစေရန် နှလုံးသွေးကြောရောဂါများဖြစ်ပွားမှုနှင့် သေဆုံးမှုများ လျော့နည်းကျဆင်းစေရန်အတွက် နှလုံးသွေးကြောရောဂါဖြစ်ပွားမှုကို ကာကွယ်နိုင်မည့် လူနေမှုဘဝပုံစံများဖြင့် နေထိုင်ကြစေရန်နှင့် တစ်ကမ္ဘာလုံးတွင် နှလုံးနှင့်သွေးကြောရောဂါများ၏ ပြည်သူ့ကျန်းမာရေးအပေါ် ကြီးမားသည့်ဝန်ထုပ်ဝန်ပိုးများရှိနေခြင်းတို့ကို သတိပြုစေရန်တို့အတွက် ရည်ရွယ်၍ ကျင်းပခဲ့ခြင်းဖြစ်ပါသည်။

ယခုနှစ် စက်တင်ဘာလ ၂၉ ရက်နေ့တွင် ကျရောက်သော **ကမ္ဘာ့နှလုံးကျန်းမာရေးနေ့ (World Heart Day)**ကိုလည်း ကမ္ဘာတစ်လွှားရှိရာကျော်သော ကမ္ဘာ့နှလုံးကျန်းမာရေးအဖွဲ့ဝင် အဖွဲ့အစည်းများ၊ တက္ကသိုလ်နှင့် ကျောင်းပေါင်းစုံအားကစားအသင်းများ၊ နှလုံးရောဂါအဖွဲ့အစည်းများမှ ဘာသာစကားမျိုးစုံ၊ လှုပ်ရှားမှုအသွင်သွင်ဖြင့် တက်ကြွစွာ ကျင်းပဆောင်ရွက်ကြမည်ဖြစ်ပါသည်။ မြန်မာနိုင်ငံအနေနှင့်လည်း ကမ္ဘာနှင့်တစ်လွှား နှလုံးကျန်းမာရေးလှုပ်ရှားမှုများတွင် ပါဝင်ဆောင်ရွက်လျက်ရှိပါသည်။

နှလုံးနှင့်နှလုံးသွေးကြောရောဂါကြောင့် ကမ္ဘာတစ်ဝန်းတွင် အချိန်နှင့်အမျှ သေဆုံးမှုများပြားနေသည်ကို တွေ့ရှိရပါသည်။ နှလုံးသွေးကြောရောဂါ (ရုတ်တရက်နှလုံးသွေးကြောပိတ်ခြင်း၊ လေဖြတ်ခြင်းနှင့် နှလုံးညှစ်အားကျဆင်းခြင်း)ကြောင့် နှစ်စဉ်လူဦးရေ၂၀ ဒသမ ၅ သန်းခန့် သေဆုံးနေကြပါသည်။ သေဆုံးမှုအများစုမှာ ဝင်ငွေနည်းသောနိုင်ငံများနှင့် ဝင်ငွေအသင့်အတင့်ရှိသော နိုင်ငံများမှဖြစ်သည်။ ထိုသေဆုံးမှုနှုန်းကိုလျှော့ချရန်အတွက်-

- ❖ ကျွန်ုပ်တို့ နေ့စဉ်စားသောက်နေထိုင်မှုပုံစံကို ကျန်းမာရေးနှင့်ညီညွတ်အောင် ပြောင်းလဲနေထိုင်စားသောက်ပါ၊
- ❖ လေ့ကျင့်ခန်းမှန်မှန်လုပ်ပါ၊
- ❖ စိတ်ဖိစီးမှုကို လျှော့ချပါ၊

ထိုသို့ ပြုပြင်ပြောင်းလဲမှုများပြုလုပ်ခြင်းဖြင့် နှလုံးသွေးကြောရောဂါကြောင့် အရွယ်မတိုင်မီ သေဆုံးခြင်း၏ ၈၀ ရာခိုင်နှုန်းကို ကာကွယ်နိုင်ပါသည်။

**သင်သိပါသလား**

» သွေးတွင်းသကြားဓာတ် မြင့်တက်နေခြင်းသည် ဆီးချို၊ သွေးချိုရောဂါရှိနေကြောင်း ညွှန်းဆိုသည်။
ဆီးချို၊ သွေးချိုရောဂါရှိသူ အများစုသည် နှလုံးသွေးကြောရောဂါဖြင့် အသက်ဆုံးရှုံးကြရသည်။

» ဆီးချို၊သွေးချိုရောဂါရှိနေမှန်း မသိခြင်း၊ ကောင်းမွန်စွာ ကုသမှုမခံယူခြင်းတို့ကြောင့် နှလုံးရောဂါနှင့် လေဖြတ်ခြင်းအန္တရာယ် ပိုမိုမြင့်မားနိုင်ပါသည်။

**အသိဉာဏ်ဖြင့်ဆင်ခြင်၍ သင့်တင့်သောအစားအစာကို ရွေးချယ်စားသုံးပါ။**

- ❖ အချိုဓာတ်များသော ဖျော်ရည်များနှင့် အသီးဖျော်ရည်များအစား ရိုးရိုးရေနှင့် အချိုဓာတ်နည်းသော ဖျော်ရည်များကို ရွေးချယ်ပါ၊
- ❖ အချိုဓာတ်များသော သရေစာများအစား ကျန်းမာရေးအတွက် ပိုမိုသင့်တော်သည့် လတ်ဆတ်သော အသီးအနှံများကို ပြောင်းလဲစားသုံးပါ၊
- ❖ အသီးအနှံ (သို့မဟုတ်) ဟင်းသီးဟင်းရွက်များကို လက်တစ်ဆုပ်စာခန့် နေ့စဉ်စားသုံးပါ၊
- ❖ လတ်ဆတ်သော အသီးအနှံ၊ အအေးခံထားသော အသီးအနှံများနှင့် အသီးအနှံစည်သွတ်ဘူးများ၊ အခြောက်ခံထားသော အသီးအနှံ၊ ဟင်းသီးဟင်းရွက်များကို စားသုံးပါ၊
- ❖ အရက်ကို အသင့်အတင့်ချင့်ချိန်၍ သောက်သုံးပါ၊ မသောက်သုံးခြင်းသည် ပို၍ကျန်းမာရေးနှင့် ညီညွတ်သည်၊
- ❖ ဆားအငန်ဓာတ်၊ အချိုဓာတ်နှင့် အဆီများသော တာရှည်ခံစည်သွတ်အသားများကို လျှော့စားပါ၊ အသင့်စား အစားအသောက်များအစား လတ်ဆတ်သော အစားအစာများကို ချက်ပြုတ်စားသောက်ပါ၊
- ❖ နှလုံးကျန်းမာရေးနှင့်ညီညွတ်သော ဟင်းချက်နည်းများကို လူမှုကွန်ရက်မီဒီယာတွင် ရှာဖွေလေ့လာပါ။

**နှလုံးနှင့် နှလုံးသွေးကြောရောဂါဖြစ်စေရန် အားပေးသည့်အချက်များ**




**သင်သိပါသလား**

» သွေးတိုးရောဂါသည် နှလုံးသွေးကြောရောဂါဖြစ်စေသော အဓိကအကြောင်းခြင်းရာဖြစ်သည်။

» ရောဂါလက္ခဏာမပြခြင်းကြောင့် သွေးတိုးရောဂါရှိနေကြောင်း သတိမထားမိဘဲဖြစ်နေနိုင်သည့်အတွက် “အသံတိတ်လူသတ်သမား”ဟု တင်စားနိုင်သည်။

**အသိဉာဏ်ဖြင့်ဆင်ခြင်၍ ဆေးလိပ်နှင့်ဆေးရွက်ကြီး ရှောင်ကြဉ်ပါ၊**

- ❖ နှလုံးသွေးကြောရောဂါဖြစ်နိုင်ခြေသည် ဆေးလိပ်ဖြတ်ပြီး (၁)နှစ်အတွင်း သိသာစွာကျဆင်းပါသည်။
- ❖ ဆေးလိပ်ဖြတ်ပြီး (၁၅)နှစ်အကြာတွင် ဆေးလိပ်မသောက်သုံးသူများနှင့် တန်းတူဖြစ်လာနိုင်ပါသည်။
- ❖ တစ်ဆင့်ခံ ဆေးလိပ်ငွေ့ရှူရှိုက်မိသောသူများတွင်လည်း နှလုံးရောဂါဖြစ်နိုင်ပါသည်။
- ❖ ဆေးလိပ်ဖြတ်ခြင်း/ဆေးလိပ်မသောက်ခြင်းသည် သင့်ကျန်းမာရေးအတွက်သာမက သင့်ပတ်ဝန်းကျင်ရှိလူများ၏ ကျန်းမာရေးအတွက်ပါ အထောက်အကူဖြစ်စေပါသည်။
- ❖ ဆေးလိပ်ဖြတ်ရန်ခက်ခဲနေပါက ကျွမ်းကျင်သော ဆရာဝန်/ ပညာရှင်များထံမှ အကြံဉာဏ်ကောင်းများရယူပါ။
- ❖ E-စီးကရက်များနှင့် ဆေးလိပ်အစားထိုး နီကိုတင်းအငွေ့ရှူစက်များ (ဥပမာ-Vape) သည် အန္တရာယ်ကင်းသော ဆေးလိပ်အစားထိုးပစ္စည်းများ မဟုတ်ရုံမျှမက ပို၍ပင် နှလုံးသွေးကြောရောဂါ ဖြစ်နိုင်ခြေအန္တရာယ်ရှိပါသည်။

**အသိဉာဏ်ဖြင့်ဆင်ခြင်၍ လှုပ်ရှားတက်ကြွစွာ နေထိုင်ပါ။**

- ❖ အသင့်အတင့်ပြင်းထန်သောလေ့ကျင့်ခန်းများကို တစ်ပတ်လျှင် မိနစ်(၁၅၀)မှ မိနစ်(၃၀၀)အထိ၊ ပြင်းထန်သော လေ့ကျင့်ခန်းများကို တစ်ပတ်လျှင်(၇၅)မိနစ်မှ မိနစ်(၁၅၀)အထိ ကြိုးစားလုပ်ဆောင်ပါ၊
- ❖ ထိုထက်ပို၍ လေ့ကျင့်ခန်းပိုလုပ်နိုင်လေ ပိုကောင်းလေဖြစ်သည်။ ပို၍တက်ကြွစွာနေထိုင်ခြင်းသည် သင့်ကျန်းမာရေးကို ပို၍ကောင်းမွန်စေပြီး ကိုယ်လက်လှုပ်ရှားမှုနည်းသော လူနေမှုပုံစံ၏မကောင်းကျိုးများကို ရှောင်ရှားနိုင်ပါသည်၊
- ❖ နေ့စဉ် တက်ကြွစွာလှုပ်ရှားပါ၊ ဓာတ်လှေကားအစား ရိုးရိုးလှေကားကို အသုံးပြုပါ၊ ကားစီးသွားမည့်အစား လမ်းလျှောက်ပါ၊ စက်ဘီးစီးပါ၊ ပြေးလွှားကစားပါ၊ အိမ်မှုကိစ္စများလုပ်ပါ၊ ကခုန်ပါ၊ နှစ်သက်ရာရွေးချယ်ပြုလုပ်ပါ၊
- ❖ ခန္ဓာကိုယ်ရှိကြွက်သားများ သန်မာစေသည့် လေ့ကျင့်ခန်းများကို တစ်ပတ်လျှင် (၂)ရက်ခန့် လုပ်ဆောင်ပါ၊
- ❖ ခြေလှမ်းမှတ်သော နာရီ/စက်ငယ်များကို အသုံးပြုပြီး တိုးတက်မှုကို သုံးသပ်နိုင်ပါသည်၊

“သင်နှစ်ခြိုက်သော ကိုယ်လက်လှုပ်ရှားမှုပုံစံကို ရွေးချယ်ပါ။ သင်လုပ်ဆောင်နိုင်မည့် အနေအထားအတိုင်း ရည်မှန်းချက်ထား ဖြည်းဖြည်းလုပ်ဆောင်ပြီး တိုးတက်လာအောင် ကြိုးစားပါ။ လှုပ်ရှားတက်ကြွစွာနေထိုင်ရန် ပြင်းထန်သော ကိုယ်လက်လှုပ်ရှားမှုများ လုပ်ရမည်ဟု မဆိုလိုပါ။ ခန္ဓာကိုယ်ကိုလှုပ်ရှားပေးပြီး လေ့ကျင့်ခန်းလုပ်၍ ပျော်ရွှင်လာစေခြင်းကို ရည်ရွယ်သည်။” “ကမ္ဘာ့နှလုံးကျန်းမာရေးနေ့တွင်” ကမ္ဘာတစ်ဝှမ်းရှိ ပြည်သူများအား နှလုံးကျန်းမာရေးသတိရှိစေရန်အတွက် အသိပညာပေးမျှဝေခြင်းနှင့် လက်တွေ့လုပ်ဆောင်ခြင်းကို ဆောင်ရွက်နိုင်ရန် နည်းလမ်းများ ချမှတ်ပေးရန် လိုအပ်ပါသည်။



**သင်သိပါသလား**

» တစ်နှစ်လျှင် လူဦးရေ (၃.၆)သန်းခန့်သည် အဆီဓာတ်(ကိုလက်စထရော)များခြင်းကြောင့် အသက်ဆုံးရှုံးကြရသည်။

» ကျန်းမာရေးဝန်ထမ်းများနှင့် ပြသတိုင်ပင်၍ သွေးတွင်းအဆီဓာတ်၊ ကိုယ်အလေးချိန်နှင့် ခန္ဓာကိုယ်၏အညွှန်းကိန်း(BMI)တို့ကို တိုင်းတာစစ်ဆေးပါ။

» သင့်တွင် နှလုံးရောဂါရှိ/မရှိကို အကြံပြုဆွေးနွေးချက်များရယူပါ။ သင့်နှလုံးကျန်းမာရေးအတွက် ဆောင်ရွက်ရမည်များကို လိုက်နာဆောင်ရွက်ပါ။

ယခုနှစ်တွင် နိုင်ငံတစ်ဝှမ်း နှလုံးကျန်းမာရေးအတွက် အဓိကထားလိုက်နာလုပ်ဆောင်ရမည့် အချက်များကို တိုးမြှင့်ဆောင်ရွက်ရန် တိုက်တွန်းနှိုးဆော်ထားပါသည်။

ကျွန်ုပ်တို့၏ နှလုံးကျန်းမာရေးအတွက် မိမိအသိဉာဏ်ဖြင့် နေ့စဉ်ပြုမူဆောင်ရွက်နေသည်များကို ကောင်းမွန်မှန်ကန်စွာ ရွေးချယ်ခြင်းဖြင့် အသက်ရှည်၍ ပိုပြီးကျန်းမာပျော်ရွှင်သောဘဝကို ပိုင်ဆိုင်နိုင်မည်ဖြစ်ပါသည်။

**လူသားတိုင်း မိမိနှလုံးကျန်းမာရေးကို အသိဉာဏ်မြင့်မားစွာ စောင့်ရှောက်နိုင်ကြပါစေ။**

**ကျမ်းကိုးစာရင်း**

၁။ https://world-heart-federation.org
၂။ https://www.who.int/news-room/fact-sheets/detail/noncommunicable-diseases

# ဧရာဝတီမြစ်ကြောင်းတစ်လျှောက် သွားလာပြေးဆွဲနေသော စစ်ရေးနှင့်မသက်ဆိုင်သည့် အရပ်ဖက်သင်္ဘောများကို နှောင့်ယှက်ပစ်ခတ်တိုက်ခိုက်နေသည့် အကြမ်းဖက်သမားများအား လုံခြုံရေးတပ်ဖွဲ့ဝင်များက တိုက်ခိုက်ချေမှုန်း

**နေပြည်တော် စက်တင်ဘာ ၂၉**

ဧရာဝတီမြစ်ကြောင်း အတွင်း ခရီးသွားပြည်သူလူထုမှ ခရီးသွားလာခြင်းနှင့် ကုန်စည်ပို့ဆောင်ခြင်းများ ဆောင်ရွက်နေသည့် သင်္ဘောများကို PDF အမည်ခံ အကြမ်းဖက် သမားများက ကုန်စည်စီးဆင်းမှု ပြတ်တောက်စေရန်နှင့် ၎င်းတို့အတွက် ငွေကြေး မလုံလောက်မှုများ ဖြစ်ပေါ်လာသည့် အတွက် ဆက်ကြေးတောင်းခြင်း၊ ဆက်ကြေးမပေးနိုင်သည့် သင်္ဘောများအား ခေါင်းစဉ်အမျိုးမျိုးတပ်၍ လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် ပစ်ခတ်တိုက်ခိုက်ခြင်းများ ပြုလုပ်လျက်ရှိသည်။

ထိုသို့ PDF အမည်ခံအကြမ်းဖက်သမားများ၏ လူမဆန်သည့် လုပ်ရပ်များအား လက်မခံနိုင်တော့သည့် ဒေသခံပြည်သူများက မတ္တရာမြို့နယ်အတွင်း ဧရာဝတီမြစ်ကြောင်း တစ်လျှောက်ရှိ ကျေးရွာများတွင် PDF အမည်ခံ အကြမ်းဖက်သမားများ ခိုအောင်းနေထိုင်ကြောင်းနှင့် ၎င်းတို့ လှုပ်ရှား သွားလာနေမှုများအား တပ်မတော် စစ်ကြောင်းများသို့ လျှို့ဝှက်စွာ ဆက်သွယ်သတင်းပေးပို့လာသဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက လိုအပ်သည့်အကြမ်းဖက်ချေမှုန်းရေး စစ်ဆင်ရေးကို စက်တင်ဘာလ ၂၀ ရက်မှ စတင်၍ ဆောင်ရွက်ခဲ့ရာ လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် PDF အမည်ခံ အကြမ်းဖက်သမားများ ထိတွေ့တိုက်ပွဲများဖြစ်ပွားခဲ့ပြီး လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ ရှုပ်ရှုပ်ချုံချုံ တိုက်ခိုက် ချေမှုန်းမှုများကြောင့် ၎င်းကျေးရွာများမှ အကြမ်းဖက်သမားများသည် စက်လှေများဖြင့် ဆုတ်ခွာ ထွက်ပြေးသွားသည်။

လုံခြုံရေး တပ်ဖွဲ့ဝင်များက ဆုတ်ခွာ ထွက်ပြေးသွားသည့် အကြမ်းဖက်သမားများ နောက်သို့ ထက်ကြပ်မကွာ လိုက်လံရှင်းလင်းရာ မတ္တရာမြို့နယ် သုံးဆယ်ပေး ကျေးရွာအတွင်းရှိ ဘုန်းတော်ကြီးကျောင်းနှင့် စာသင်ကျောင်းများ၌ အကြမ်းဖက်သမားများ နေထိုင်အသုံးပြုခဲ့သည့် အသုံးအဆောင်ပစ္စည်းများကို တွေ့ရှိရပြီး လူနေအိမ်များကို အကာအကွယ်ရယူ၍ တည်ဆောက်ထားသော သဲအိတ်ဘန်ကာများ၊ ဆက်သွယ်ရေးမြောင်းများ၊ ပစ်ကျင်းများကို သိမ်းဆည်းရရှိခဲ့သည်။

ဆက်လက်၍ လုံခြုံရေးတပ်ဖွဲ့ဝင်များက ကုန်းတန်းလေးကျေးရွာ၊ ကုန်းတန်းကြီးကျေးရွာ၊ ဘိုကုန်းကျေးရွာ၊ ကြိမ်တောကျေးရွာ၊ ဘုရားမကုန်းကျေးရွာ၊ ဆူးလေကုန်းကျေးရွာ၊ ရွှေဘောင်ကျေးရွာ၊ သဖန်းဒေါင့်ကျေးရွာ၊ ငယ်တိုးကျေးရွာနှင့် သနပ်ကုန်း ကျေးရွာတို့တွင် လိုအပ်သည့် လုံခြုံရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်ခဲ့ရာ ကျေးရွာများတွင် PDF အမည်ခံအကြမ်းဖက်သမားများ ထောင်ထားသည့် လက်လုပ်မိုင်းများကို သိမ်းဆည်းရမိခဲ့ပြီး ၎င်းကျေးရွာအတွင်းရှိ ဘုန်းကြီးကျောင်း၊ စာသင်ကျောင်း၊ လူနေအိမ်ခြံစည်းရိုးများ၌ အုတ်များ၊ သံပီပါများဖြင့် ပြုလုပ်ထားသည့်ဘန်ကာများ၊ဆက်သွယ်ရေးတူးမြောင်းများနှင့် ပစ်ကျင်းများကို သိမ်းဆည်းရမိခဲ့သည်။

PDF အမည်ခံ အကြမ်းဖက်သမားများသည် ဧရာဝတီမြစ်ကြောင်းတစ်လျှောက်ရှိ ကျေးရွာများတွင် ခိုအောင်းလှုပ်ရှားနေပြီး လူနေအိမ်များ၊ စာသင်ကျောင်းများနှင့် ဘာသာရေးအဆောက်အအုံများကို အကာအကွယ်ယူ၍ ပြည်သူလူထု အသုံးပြုနေသောစစ်ရေးနှင့် မသက်ဆိုင်သည့်

**စာမျက်နှာ ၂၁ သို့ ✻**




အကြမ်းဖက်သမားများ ခိုအောင်းနေထိုင်လျက်ရှိသည့် ဧရာဝတီမြစ်ကြောင်းတစ်လျှောက်မှ ကျေးရွာများကို တွေ့ရစဉ်။







မတ္တရာမြို့နယ် သုံးဆယ်ပေးကျေးရွာအတွင်းရှိ ဘုန်းတော်ကြီးကျောင်း၌ အကြမ်းဖက်သမားများ နေထိုင်အသုံးပြုခဲ့သည့် အသုံးအဆောင်ပစ္စည်းများကို တွေ့ရစဉ်။



မတ္တရာမြို့နယ် သုံးဆယ်ပေးကျေးရွာအတွင်းရှိ လူနေအိမ်များကို အကာအကွယ်ရယူ၍ အကြမ်းဖက်သမားများအသုံးပြုခဲ့သည့် သဲအိတ်ဘန်ကာများကို တွေ့ရစဉ်။





မတ္တရာမြို့နယ် သုံးဆယ်ပေးကျေးရွာအတွင်း၌ အကြမ်းဖက်သမားများအသုံးပြုခဲ့သည့် ဆက်သွယ်ရေးမြောင်းနှင့် ပစ်ကျင်းများကို တွေ့ရစဉ်။





ဧရာဝတီမြစ်ကြောင်းတစ်လျှောက်ရှိ ကျေးရွာများမှ ဘုန်းတော်ကြီးကျောင်းများတွင် အကြမ်းဖက်သမားများအသုံးပြုထားသည့် ဘန်ကာများကို တွေ့ရစဉ်။

* စာမျက်နှာ ၂၀ မှ

ခရီးသွားသင်္ဘောများ၊ ကုန်စည်ပို့ဆောင်ရေး သင်္ဘောများကို ပစ်ခတ် တိုက်ခိုက်ခြင်းများ ကျူးလွန်ခဲ့ရာ ၂၀၂၁ ခုနှစ်မှစ၍ ယနေ့အချိန်အထိ စုစုပေါင်း ၁၄၆ ကြိမ် လုပ်ဆောင်ခဲ့ကြောင်း သိရသည်။

**ဆက်သွယ် သတင်းပေးပို့နိုင်**

ရောဝတီမြစ်ကြောင်း အတွင်း ပြည်သူများ လုံခြုံစိတ်ချစွာ ခရီးသွားလာနိုင်ရန်နှင့် ကုန်စည်များ သယ်ယူပို့ဆောင်နိုင်ရန်အတွက် ဒေသတွင်းကုန်စည် စီးဆင်းမှုကို နှောင့်ယှက်တိုက်ခိုက်နေပြီး ခရီးသွားပြည်သူများ၏ အသက်အန္တရာယ်ကို ခြိမ်းခြောက်နေသည့် PDF အမည်ခံ အကြမ်းဖက်သမားများအား လုံခြုံရေးတပ်ဖွဲ့ဝင်များက နည်းလမ်းမျိုးစုံဖြင့် စုံစမ်းဖော်ထုတ်၍ လိုအပ်သည့် တိုက်ခိုက် ချေမှုန်းရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက်ရှိပြီး ပြည်သူလူထုအနေဖြင့်လည်း အကြမ်းဖက်သမားကင်းစင်ပြီး အေးချမ်းတည်ငြိမ်စွာ နေထိုင် သွားလာနိုင်ရန်အတွက် အကြမ်းဖက် သမားများ၏ လှုပ်ရှားသွားလာ ခိုအောင်းနေထိုင်လျက်ရှိကြောင်း သိရှိရပါက လုံခြုံရေးတပ်ဖွဲ့ဝင်များထံ လျှို့ဝှက်စွာ ဆက်သွယ်သတင်းပေးပို့နိုင်ပါကြောင်း သိရသည်။

**သတင်းစဉ်**





ရောဝတီမြစ်ကြောင်းတစ်လျှောက်ရှိ ကျေးရွာများမှ စာသင်ကျောင်းများ၌ အကြမ်းဖက်သမားများ နေထိုင်အသုံးပြုထားသည့် အသုံးအဆောင်ပစ္စည်းများကို တွေ့ရစဉ်။





ရောဝတီမြစ်ကြောင်းတစ်လျှောက်ရှိ ကျေးရွာများတွင် အကြမ်းဖက်သမားများ အသုံးပြုထားသည့် ပစ်ကျင်းများနှင့် ဘန်ကာများကို တွေ့ရစဉ်။





ရောဝတီမြစ်ကြောင်းတစ်လျှောက်ရှိ ကျေးရွာများတွင် အကြမ်းဖက်သမားများ အသုံးပြုခဲ့သည့် ဆက်သွယ်ရေးမြောင်းများနှင့် ပစ်ကျင်းများကို တွေ့ရစဉ်။







ရောဝတီမြစ်ကြောင်းတစ်လျှောက်ရှိ ကျေးရွာများတွင် အကြမ်းဖက်သမားများ ထောင်ထားသည့် လက်လုပ်မိုင်းများကို တွေ့ရစဉ်။

## စားအုန်းဆီ အခြေခံလက်ကား ရည်ညွှန်းဈေးနှုန်း တစ်ပိဿာ ငွေကျပ် ၆၇၂၀ ဖြစ်ကြောင်း ထုတ်ပြန်ကြေညာ

**နေပြည်တော် စက်တင်ဘာ ၂၉**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန စားသုံးဆီ တင်သွင်းသိုလှောင် ဖြန့်ဖြူးခြင်း လုပ်ငန်း ကြီးကြပ်ရေးကော်မတီအနေဖြင့် စားအုန်းဆီကမ္ဘာ့ဈေးနှုန်း ဖြစ်ပေါ်ပြောင်းလဲမှုနှင့်အညီ ပြည်တွင်း၌ဖြစ်သင့်ဖြစ်ထိုက်သည့် ဈေးနှုန်းများဖြစ်ပေါ်စေရေး ထိန်းကျောင်း ဆောင်ရွက်လျက်ရှိပြီး စားအုန်းဆီ အဓိကထုတ်လုပ်တင်ပို့သည့် မလေးရှားနိုင်ငံတွင် ဖြစ်ပေါ်နေသည့် FOB ဈေးနှုန်းများကို နေ့စဉ် စောင့်ကြည့်ကာ သယ်ယူပို့ဆောင်ခ ကုန်ကျစရိတ်များ၊ ဘဏ်စရိတ်များ၊ အခွန်အခများ ထည့်သွင်းတွက်ချက်၍ ပြည်တွင်းဈေးကွက်၌ ရောင်းဝယ်ဖောက်ကားရမည့် အခြေခံလက်ကား ရည်ညွှန်းဈေးနှုန်းကို ထုတ်ပြန်ပေးလျက်ရှိသည်။

ယခုပတ်အတွင်း ကမ္ဘာ့စားအုန်းဆီ ထုတ်လုပ်တင်ပို့သည့် နိုင်ငံများတွင် ဈေးကွက်နှင့်ဈေးနှုန်း ဖြစ်ပေါ်မှုများအရ စက်တင်ဘာ ၃၀ ရက်မှ အောက်တိုဘာ ၆ ရက်အထိ ရန်ကုန်အထိုင်ဈေးအခြေခံလက်ကား ရည်ညွှန်းဈေးနှုန်းမှာ စားအုန်းဆီ တစ်ပိဿာလျှင် ငွေကျပ် ၆၇၂၀ ဖြစ်ကြောင်း ထုတ်ပြန် ကြေညာထားသည်။

ထို့အပြင် ပြည်တွင်းဈေးကွက်အတွင်း ဈေးနှုန်းမြှင့်တင်ရောင်းချခြင်း၊ ဈေးကစားရန် ရည်ရွယ်ချက်ဖြင့် သိုလှောင်ခြင်းအပါအဝင် မသမာသည့် လုပ်ဆောင်မှုများ ပြုလုပ်ပါက အရေးကြီးကုန်စည်နှင့်ဝန်ဆောင်မှုဥပဒေအရအရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေး ထုတ်ပြန်ထားသည်။

အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းများကို စားသုံးသူရေးရာဦးစီးဌာန၏ Website: www.doca. gov. mm၊ Facebook Page နှင့် မြန်မာနိုင်ငံ ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း၏ Facebook Page တွင် ဝင်ရောက်ကြည့်ရှုနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

## သထုံမြို့ရှိ ဓနသိဒ္ဓိ ရောင်းဝယ်ရေး သမဝါယမအသင်း နှစ်ပတ်လည်အစည်းအဝေး ကျင်းပ

**သထုံ စက်တင်ဘာ ၂၉**

မွန်ပြည်နယ် သထုံမြို့ရှိ ဓနသိဒ္ဓိ ရောင်းဝယ်ရေး သမဝါယမအသင်း လီမိတက်၏ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် အရပ်ရပ်ဆိုင်ရာ အစည်းအဝေးနှင့် အမှုဆောင်သစ်ရွေးချယ်ပွဲကို စက်တင်ဘာ ၂၈ ရက် မွန်းလွဲပိုင်းက သိမ်ကုန်းရပ်ကွက်ရှိ အဆိုပါအသင်းဆိုင်၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဒေါ်သန္တာစိုးက အမှာစကားပြောကြားပြီး အသင်းတာဝန်ရှိသူများက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ဆောင်ရွက်ချက်များနှင့် ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းများကို ကဏ္ဍအလိုက် ဆွေးနွေးကြသည်။

ယင်းနောက် ဓနသိဒ္ဓိရောင်းဝယ်ရေးသမဝါယမအသင်း လီမိတက်




အား ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်မှ စတင်ကာ ငါးနှစ်တာဆက်လက်တာဝန်ယူ ဆောင်ရွက်ကြမည့် အမှုဆောင်သစ်များကို မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိက ဦးဆောင်၍ သမဝါယမအသင်း၏ ဥပဒေ၊ နည်းဥပဒေများနှင့်အညီ စိစစ်ရွေးချယ်ကြပြီး အသင်းသားအားလုံးတို့၏ အတည်ပြုချက်ရယူကာ ဖွဲ့စည်းပေးခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# တပ်မတော် (ကြည်း၊ ရေ၊ လေ) အားကစားပြိုင်ပွဲများ ဆက်လက်ယှဉ်ပြိုင်ကစား

နေပြည်တော် စက်တင်ဘာ ၂၉

၂၀၂၄ ခုနှစ် တပ်မတော် (ကြည်း၊ ရေ၊ လေ) အားကစားပြိုင်ပွဲများကို ယနေ့နံနက်ပိုင်းတွင် သက်ဆိုင်ရာ အားကစားနည်းများအလိုက် သတ်မှတ်ထားသော အားကစားကွင်း/ရုံများတွင် ဆက်လက်ယှဉ်ပြိုင်ကစားကြသည်။



၂၀၂၄ ခုနှစ် တပ်မတော် (ကြည်း၊ ရေ၊ လေ) အားကစားပြိုင်ပွဲများမှ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဒိုင်း၊ တပ်မတော်(ကြည်း၊ ရေ၊ လေ) ပြေးခုန်ပစ်ပြိုင်ပွဲကို ဇေယျာသီရိတပ်မတော်အားကစားကွင်း၌ အမျိုးသား/အမျိုးသမီး၂၀ကီလိုမီတာလမ်းလျှောက်ပြိုင်ပွဲဗိုလ်လုပွဲ၊ အမျိုးသား ၁၀ မျိုးစုံ မီတာ ၁၀၀ အပြေးပြိုင်ပွဲဗိုလ်လုပွဲ၊ အမျိုးသား/အမျိုးသမီး မီတာ ၄၀၀ တန်းကျော် အပြေးပြိုင်ပွဲ လူရွေးပွဲ၊ အမျိုးသား ၁၀ မျိုးစုံ အလျားခုန်ပြိုင်ပွဲ ဗိုလ်လုပွဲ၊ အမျိုးသား ၁၀ မျိုးစုံ သံလုံးပစ်ပြိုင်ပွဲ ဗိုလ်လုပွဲ၊ အမျိုးသား/အမျိုးသမီး မီတာ ၈၀၀ အပြေးပြိုင်ပွဲ ဗိုလ်လုပွဲ၊ အမျိုးသား/အမျိုးသမီး မီတာ၂၀၀ အပြေးပြိုင်ပွဲ လူရွေးပွဲ၊ အမျိုးသား ၁၀ မျိုးစုံ တန်းမြင့်ခုန်ပြိုင်ပွဲ ဗိုလ်လုပွဲ၊ အမျိုးသား/အမျိုးသမီး မီတာ ၄၀၀ တန်းကျော် အပြေးပြိုင်ပွဲ ဗိုလ်လုပွဲ၊ အမျိုးသား ၁၀ မျိုးစုံ မီတာ ၄၀၀ အပြေးပြိုင်ပွဲ ဗိုလ်လုပွဲကိုလည်းကောင်း၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဒိုင်း၊ တပ်မတော် (ကြည်း၊ ရေ၊ လေ) အမျိုးသား/အမျိုးသမီး ဂျူဒိုပြိုင်ပွဲကို ဇေယျာသီရိအားကစားရုံ(A)တွင် အမျိုးသား / အမျိုးသမီး ကီလိုတန်းအလိုက် အတိုက် ရှုံးထွက်ပွဲစဉ်များ၊ ပတ်လည်ပွဲစဉ်များ၊ တတိယလုပွဲများနှင့်ဗိုလ်လုပွဲစဉ်များကို ယှဉ်ပြိုင်ကစားကြသည်။ ထို့နောက် အားကစားနည်းအမျိုးအစားအလိုက် ပထမ၊ ဒုတိယ၊ တတိယဆု ရရှိသူများအား တပ်မတော် အရာရှိကြီးများနှင့် တပ်မတော် ဂျူဒိုကော်မတီမှ တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ကြသည်။

၂၀၂၄ ခုနှစ် တပ်မတော် (ကြည်း၊ ရေ၊ လေ) အားကစားပြိုင်ပွဲများမှတပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဒိုင်း၊ တပ်မတော်(ကြည်း၊ ရေ၊ လေ) မြန်မာ့သိုင်းပြိုင်ပွဲကို ဇေယျာသီရိအားကစားရုံ(C)၌ အမျိုးသား ဗန်တို အတိုက်ပြိုင်ပွဲ(က)တန်း၊ အမျိုးသား ဗန်တို အတိုက်ပြိုင်ပွဲ(ခ)တန်း၊ အမျိုးသားပန်ကြပ်ဆီလပ် အတိုက်ပြိုင်ပွဲ (က)တန်း၊ အမျိုးသားဓားနှစ်လက် အတိုက်ပြိုင်ပွဲ(က)တန်း၊ အမျိုးသား ဓားနှစ်လက် အတိုက်ပြိုင်ပွဲ(ခ)တန်း၊ အမျိုးသားဓားတစ်လက် အတိုက်ပြိုင်ပွဲ(က)တန်း၊ အမျိုးသားဓားတစ်လက် အတိုက်ပြိုင်ပွဲ(ခ)တန်း၊ အမျိုးသမီး ပန်ကြပ်ဆီလပ် အတိုက်ပြိုင်ပွဲ၊ အမျိုးသမီး ဓားတစ်လက် အတိုက်ပြိုင်ပွဲ၊ လက်ထောက်နည်းပြ တစ်ကိုယ်တော် ဓားတစ်လက်ပညာစဉ် စွမ်းရည်ပြနှင့် အမျိုးသမီး တစ်ကိုယ်တော်ဓားတစ်လက်ပညာစဉ် စွမ်းရည်ပြ ပြိုင်ပွဲများကိုလည်းကောင်း၊ လက်ဝှေ့ပြိုင်ပွဲကို နေပြည်တော်ရှိ စစ်ကြောရေးနှင့် တည်းခိုရေးစခန်းရှိ တပ်နယ်အားကစားခန်းမ၌ ကီလိုတန်းအလိုက် လူသစ်တန်းပြိုင်ပွဲ၊ (က)အဆင့်ပြိုင်ပွဲနှင့် အလွတ်တန်းပြိုင်ပွဲတို့၏ ဗိုလ်လုပွဲပြိုင်ပွဲ ပွဲစဉ်များကိုလည်းကောင်း ယှဉ်ပြိုင်ကစားကြသည်။

အလားတူ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဖလားဘောလုံးပြိုင်ပွဲကို ညနေပိုင်းတွင် လေ့ကျင့်ရေးကွင်း(၁)၌ ဒုတိယအဆင့်အုပ်စု ပတ်လည်ပွဲစဉ်အဖြစ် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် ကိုယ်စားပြုအသင်းနှင့် အနောက်တောင်တိုင်းစစ်ဌာနချုပ် ကိုယ်စားပြုအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် ကိုယ်စားပြုအသင်းက အနောက်တောင်တိုင်းစစ်ဌာနချုပ် ကိုယ်စားပြုအသင်းကို ခြောက်ဂိုး- တစ်ဂိုးဖြင့်လည်းကောင်း၊ ဇေယျာသီရိတပ်မတော်အားကစားကွင်း၌ ဒုတိယအဆင့်အုပ်စုပတ်လည်ပွဲစဉ်အဖြစ် ကာကွယ်ရေးဦးစီးချုပ်ရုံး(လေ)ကိုယ်စားပြုအသင်းနှင့် ရန်ကုန်တိုင်းစစ်ဌာနချုပ်ကိုယ်စားပြု အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ရန်ကုန်တိုင်းစစ်ဌာနချုပ် ကိုယ်စားပြုအသင်းက ကာကွယ်ရေးဦးစီးချုပ်ရုံး(လေ) ကိုယ်စားပြုအသင်းကို ခုနစ်ဂိုး- တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

အဆိုပါအားကစားပြိုင်ပွဲများသို့ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ အရာရှိ၊ စစ်သည်၊ မိသားစုများ၊ ဒိုင်အဖွဲ့ဝင်များ၊ ပြိုင်ပွဲဝင်အားကစားသမားများနှင့် အားကစားဝါသနာရှင်များ တက်ရောက်ကြည့်ရှုအားပေးခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

# ကြို့ပင်ကောက်မြို့နယ်၌ သန်းခေါင်စာရင်း လက်တွေ့ စမ်းသပ်ကောက်ယူ



ကြို့ပင်ကောက် စက်တင်ဘာ ၂၉

ပဲခူးတိုင်းဒေသကြီး ကြို့ပင်ကောက်မြို့နယ်၌ ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူရေး မြို့နယ်အဆင့် စာရင်းစစ်၊ စာရင်းကောက်သင်တန်းကို အထက(ကြို့ပင်ကောက်)၌ စာတွေ့၊ လက်တွေ့သင်ကြားပို့ချပေးခဲ့ရာ ယနေ့နံနက်ပိုင်းတွင် လက်တွေ့သင်ခန်းစာအဖြစ် သင်တန်းသားများ ဈေးချိုတောင်ရပ်ကွက်သို့ ကွင်းဆင်း၍ စမ်းသပ်ကောက်ယူခဲ့ကြသည်။

အဆိုပါ လက်တွေ့စမ်းသပ်ကွင်းဆင်းကောက်ယူရာသို့ မြို့နယ်သန်းခေါင်စာရင်းကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇင်မင်းဋ္ဌေးနှင့် ကော်မတီဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများက ကြည့်ရှုအားပေးပြီး ဝိုင်းဝန်းကူညီဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)



ရန်ကုန်တိုင်းဒေသကြီး လှည်းကူးခရိုင်တွင် နှစ်(၆၀)ပြည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် လှည်းကူးခရိုင်ခေတ္တရဲတပ်ဖွဲ့မှူး ရဲမှူးစောနိုင်ဦးစီး၍ ရဲတပ်ဖွဲ့ဝင်များက စက်တင်ဘာ ၂၉ ရက် နံနက်ပိုင်းတွင် လှည်းကူးမြို့ သာသနာ့ရိပ်သာရပ်ကွက်ရှိ အခြေခံပညာမူလတန်းလွန်ကျောင်း (ရိပ်သာ)ဝင်းအတွင်း၌ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်စဉ်။

မြို့နယ်(ပြန်/ဆက်)

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး / ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၃၀-၉-၂၀၂၄

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၃၁၃၅ | ၃၂၁၅ | ၃၁၉၀ | ၃၁၄၅ | ၃၂၁၅ | ၃၂၃၀ | ၃၂၄၀ | ၃၁၈၅ | ၃၃၂၀ | ၃၃၅၀ | ၃၂၀၅ | ၃၂၂၀ | ၃၂၅၀ | ၃၂၄၀ | ၃၂၅၅ | ၃၆၅၅ | ၄၆၀၀ |
| 95 Ron | ၃၂၉၀ | ၃၃၇၀ | ၃၃၄၅ | ၃၃၀၀ | ၃၃၇၀ | ၃၃၈၅ | ၃၃၉၅ | ၃၃၅၀ | ၃၄၇၅ | ၃၅၀၅ | ၃၃၆၀ | ၃၃၇၅ | ၃၄၀၅ | ၃၃၉၅ | ၃၄၁၀ | ၃၈၁၀ | ၄၈၀၀ |
| HSD (500 ppm) | ၂၅၈၅ | ၂၆၆၅ | ၂၆၄၀ | ၂၅၉၅ | ၂၆၆၅ | ၂၆၀၀ | ၂၆၉၀ | ၂၆၄၅ | ၂၇၇၀ | ၂၈၀၀ | ၂၆၅၅ | ၂၆၇၀ | ၂၇၀၀ | ၂၆၉၀ | ၂၇၀၀ | ၃၀၀၅ | ၄၆၀၀ |
| HSD (50 ppm) | ၃၂၃၀ | ၃၃၁၅ | ၃၂၉၀ | ၃၂၄၀ | ၃၃၁၅ | ၃၃၂၅ | ၃၃၄၀ | ၃၂၉၅ | ၃၄၂၀ | ၃၄၅၀ | ၃၃၀၀ | ၃၃၁၅ | ၃၃၅၀ | ၃၃၃၅ | ၃၃၅၀ | ၃၇၅၅ | ၄၆၀၀ |
| HSD (10 ppm) | ၃၂၃၀ | ၃၃၁၅ | ၃၂၉၀ | ၃၂၄၀ | ၃၃၁၅ | ၃၃၂၅ | ၃၃၄၀ | ၃၂၉၅ | ၃၄၂၀ | ၃၄၅၀ | ၃၃၀၀ | ၃၃၁၅ | ၃၃၅၀ | ၃၃၃၅ | ၃၃၅၀ | ၃၇၅၅ | ၄၆၀၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၉၇၃ | ၃၀၆၆ |
| 95 Ron | ၃၁၂၄ | ၃၂၂၀ |
| HSD (500 ppm) | ၂၄၄၀ | ၂၅၁၈ |
| HSD (50 ppm) | ၃၀၆၈ | ၃၁၅၉ |
| HSD (10 ppm) | ၃၀၆၈ | ၃၁၅၉ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇- ၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**



ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ် ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်း စာရင်းစစ်၊ စာရင်းကောက် သင်တန်းဆင်းပွဲအခမ်းအနားကို စက်တင်ဘာ ၂၈ ရက်က အင်းစိန်မြို့နယ် ရွာမအရှေ့ရပ်ကွက် မင်းကြီးလမ်း အစိုးရစက်မှုလက်မှုသိပ္ပံကျောင်း(GTI) အစည်းအဝေးခန်းမ၌ ကျင်းပစဉ်။

မြို့နယ်(ပြန်/ဆက်)

# ရေကြီးရေလျှံမှုဖြစ်ပေါ်ခဲ့သည့်နေရာများတွင် လိုအပ်သည့်သန့်ရှင်းရေးနှင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

**နေပြည်တော် စက်တင်ဘာ ၂၉**

နေပြည်တော်ကောင်စီနယ်မြေအပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ရေကြီးရေလျှံမှု ဖြစ်ပေါ်ခဲ့သည့် ရပ်ကွက်/ကျေးရွာများတွင် ကူညီကယ်ဆယ်ရေးလုပ်ငန်းများနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အင်တိုက်အားတိုက်တက်ကြွစွာ ပူးပေါင်းဆောင်ရွက်ပေးလျက်ရှိသည်။

ယနေ့တွင်လည်း နေပြည်တော်ကောင်စီနယ်မြေ လယ်ဝေးမြို့နယ်၊ တပ်ကုန်းမြို့နယ်၊ ပျဉ်းမနားမြို့နယ်နှင့် ပုဗ္ဗသီရိမြို့နယ်တို့တွင်လည်းကောင်း၊ ကယားပြည်နယ် လွိုင်ကော်မြို့တို့တွင်လည်းကောင်း ဘုန်းတော်ကြီးကျောင်းများ၊ စာသင်ကျောင်းများ၊ ဆေးရုံ၊ ဆေးခန်းများ၊ ဌာနဆိုင်ရာအဆောက်အအုံများတွင် လိုအပ်သည်များ ကူညီရွှေ့ပြောင်းပေးခြင်းနှင့် သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ပေးခြင်း၊ လမ်း၊ တံတားများအပေါ်နှင့် ရပ်ကွက်၊ ကျေးရွာများအတွင်း၌ တင်ကျန်ခဲ့သည့်နုန်းများ၊ သစ်ပင်သစ်ကိုင်းများ ဖယ်ရှားပေးခြင်းအပါအဝင် အခြားလိုအပ်သည်များကို တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ် တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များနှင့် လူမှုဝန်ထမ်းကယ်ဆယ်ရေးအဖွဲ့များက ဒေသခံပြည်သူများနှင့် ပူးပေါင်း၍ တက်ကြွစွာ ဆောင်ရွက်ပေးလျက်ရှိသည်။

ထို့ပြင် ယာယီရေဘေးရှောင်စခန်းများတွင် ရေဘေးသင့်ပြည်သူများအား ကျန်းမာရေးအဖွဲ့များက လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများနှင့် ကျန်းမာရေးအသိပညာပေး ဟောပြောဆွေးနွေးခြင်းများ ဆောင်ရွက်ပေးပြီး ထောက်ပံ့ပစ္စည်းများ၊ အဝတ်အထည်များ၊ အသုံးအဆောင်ပစ္စည်းများ၊ စားသောက်ဖွယ်ရာများနှင့် အလှူငွေများကို အားတက်သရော ပေးအပ်လှူဒါန်းခြင်းနှင့် သံဃာတော်များအား လှူဖွယ်ပစ္စည်းများဆက်ကပ်လှူဒါန်းခြင်းများ ဆောင်ရွက်ပေးလျက်ရှိသည်။ ထိုသို့ဆောင်ရွက်နေမှုများကို နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ သက်ဆိုင်ရာတာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးကာ စားသောက်ဖွယ်ရာများ၊ ထောက်ပံ့ရေးပစ္စည်းများနှင့် ထောက်ပံ့ငွေများ ပေးအပ်သည်။

ယင်းအပြင် ရေကြီးမှုကြောင့် ပျက်စီးမှုများဖြစ်ပေါ်ခဲ့သည့် လမ်း/တံတားများကိုလည်း လမ်းပန်းဆက်သွယ်ရေး အမြန်ပြန်လည်ကောင်းမွန်စေရန်အတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ ပျက်စီးခဲ့သည့် လမ်း/တံတားများကိုလည်း ယာယီသံပေါင်ဘေလီတံတားများအစားထိုး၍ အမြန်ဆုံးပြန်လည်ပြင်ဆင်ဆောင်ရွက်ပေးလျက်ရှိကြောင်းနှင့် ပြုပြင်ရန် ကျန်ရှိနေသည့်တံတားများကိုလည်း အမြန်ဆုံး ဆက်လက် ပြုပြင်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**



# ရေတာရှည်မြို့နယ်၌ အထူးကုဆရာဝန်ကြီးများ နယ်လှည့်ကွင်းဆင်း ဆေးကုသမှု ဆောင်ရွက်

**ရေတာရှည် စက်တင်ဘာ ၂၉**

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် ပိတောက်စမ်းကျေးရွာ ရေဘေးသင့် ပြည်သူများထံသို့ ကျန်းမာရေးဝန်ကြီးဌာန ရန်ကုန်ပြည်သူ့ဆေးရုံကြီးမှ အရေပြား အထူးကုဆရာဝန် ဒေါက်တာ ဒေါ်ထူးထူးနှင့်အဖွဲ့၊ ပဲခူးပြည်သူ့ဆေးရုံကြီးမှ သားဖွားမီးယပ် အထူးကုဆရာဝန် ဒေါက်တာ စုစန္ဒီလွင် ခေါင်းဆောင်သော အဖွဲ့နှင့် ရေတာရှည်မြို့နယ် ကုသရေးနှင့် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဝန်ထမ်းများသည် ယမန်နေ့မွန်းလွဲပိုင်းက နယ်လှည့် ကွင်းဆင်း ဆေးကုသမှု လုပ်ငန်းများ ဆောင်ရွက်ခဲ့ကြသည်။



အဆိုပါ အထူးကုဆေးကုသမှုအဖွဲ့သည် ပြည်သူများအား ကျန်းမာရေး အသိပညာပေး ဟောပြော ဆွေးနွေးခြင်းနှင့် ဆေးကုသမှုပေးခြင်းများ ဆောင်ရွက်ခဲ့ရာ အရေပြားနှင့်သက်ဆိုင်သော လူနာ ၄၂ ဦး၊ သားဖွားမီးယပ်နှင့် သက်ဆိုင်သောလူနာ ၂၆ ဦးနှင့် အခြားအထွေထွေရောဂါ လူနာ ၅၃ ဦး စုစုပေါင်း ၁၂၁ ဦးတို့ကို ကြည့်ရှုကုသမှုများ ပြုလုပ်ပေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



# တောင်ငူ၌ ရေဘေးသင့်ပြည်သူများအား အခမဲ့ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်

**တောင်ငူ စက်တင်ဘာ ၂၉**

ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့ အမှတ်(၂၀) ရပ်ကွက် ဝိသုဒ္ဓါရုံသိဥ္ဇူးစာသင်တိုက်၌ ယနေ့နံနက်ပိုင်းက ရေဘေးသင့်ပြည်သူများအား ကျန်းမာရေးဝန်ကြီးဌာန ပြည်သူ့ဆေးရုံကြီး (တောင်ငူ)မှ အထူးကုဆရာဝန်ကြီးများနှင့် ကျန်းမာရေးဝန်ထမ်းများက နယ်လှည့်ကွင်းဆင်း၍ အသိပညာပေးဟောပြောခြင်းနှင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို အခမဲ့ဆောင်ရွက်ပေးကြသည်။

ထိုသို့ဆောင်ရွက်ရာတွင် ကျန်းမာရေးဝန်ကြီးဌာန ပြည်သူ့ဆေးရုံကြီး (တောင်ငူ)မှ အရေပြားအထူးကုဆရာဝန် ဒေါက်တာ အိရွှေစင်၊ စိတ်ကျန်းမာရေးအထူးကုဆရာဝန် ဒေါက်တာ ဇော်မျိုးအောင်တို့ ခေါင်းဆောင်သည့်အဖွဲ့နှင့် တောင်ငူမြို့ပြည်သူ့ကျန်းမာရေးဝန်ထမ်းများအဖွဲ့တို့က နယ်လှည့်ကွင်းဆင်းပြီး ရေဘေးသင့်ပြည်သူများအား ကျန်းမာရေးအသိပညာပေး ဟောပြောကြပြီး ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို အခမဲ့ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# ဒိုက်ဦးမြို့နယ်အတွင်းရှိ ရေဘေးသင့်ပြည်သူများအား အထူးကုအဖွဲ့ ကွင်းဆင်းကုသပေး



**ဒိုက်ဦး စက်တင်ဘာ ၂၉**

ပဲခူးတိုင်းဒေသကြီး ဒိုက်ဦးမြို့ အမှတ် (၆) မင်းတဲရပ်ကွက် ဆွမ်းလောင်းဓမ္မာရုံ၌ ဒိုက်ဦးမြို့နယ်အတွင်းရှိ ရေဘေးသင့်ပြည်သူများအား အထူးကုဆရာဝန်များအဖွဲ့က စက်တင်ဘာ ၂၉ ရက် နံနက်ပိုင်းက ကွင်းဆင်းကုသပေးသည်။

ထိုသို့ကွင်းဆင်းကုသရာတွင် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာ မိုးမိုးအေး ဦးဆောင်၍ အထူးကုဆရာဝန် ဒေါက်တာ ဘုန်းမြင့်မောင်နှင့်အဖွဲ့၊ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအဖွဲ့တို့ ပူးပေါင်း၍ ရေဘေးသင့်ပြည်သူများအား ကွင်းဆင်းကုသမှုပေးခဲ့ရာ အရေပြားရောဂါတစ်ဦး၊ သွေးတိုးလူနာ၁၃ ဦး၊ ဆီးချိုသွေးချိုရောဂါလူနာ သုံးဦးနှင့် အထွေထွေရောဂါလူနာ ၃၆ ဦးတို့ကို ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ကျော်ကျော်(ပြန်/ဆက်)**

# ကိုင်း(မ)ကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ ဝမ်းတွင်းမြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များ သန့်ရှင်းရေးဆောင်ရွက်



**ဝမ်းတွင်း စက်တင်ဘာ ၂၉**

မိတ္ထီလာခရိုင် ဝမ်းတွင်းမြို့နယ် ကိုင်းကျေးရွာအုပ်စု ကိုင်း(မ) ကျေးရွာ မိုးကုတ်မေတ္တာရောင်ခြည် ဓမ္မရိပ်သာဘုန်းတော်ကြီးကျောင်းတိုက်အတွင်း ရေဝင်ရောက်ခဲ့မှုကြောင့် တင်ကျန်ခဲ့သော နုန်းများ၊ ရွှံ့နွံများ ဖယ်ရှားရှင်းလင်းခြင်းနှင့် မီးသတ်ရေသယ်ယာဉ်ဖြင့် ရေထိုးဆေးကြောခြင်းများကို စက်တင်ဘာ ၂၉ ရက်နံနက် ၉ နာရီက မြို့နယ်မီးသတ်စခန်းမှ ဒုဦးစီးမှူး ဦးဟိန်းမင်းထွန်း ဦးဆောင်၍ တပ်ဖွဲ့ဝင် ၁၅ ဦးတို့က ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ခရိုင်မီးသတ်**



နှစ် (၆၀) ပြည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ပခုက္ကူမြို့ အမှတ် (၁) ရပ်ကွက် အဘယာရာမရိပ်သာ ဘုန်းတော်ကြီးကျောင်းဝင်း၌ ဒုတိယတိုင်းဒေသကြီးရဲတပ်ဖွဲ့မှူး ရဲမှူးကြီး တင့်လွင် ဦးဆောင်၍ ခရိုင်နှင့်မြို့နယ်ရဲတပ်ဖွဲ့၊ ယာဉ်ထိန်းရဲတပ်ဖွဲ့၊ သတင်းရဲတပ်ဖွဲ့၊ ရထားရဲတပ်ဖွဲ့၊ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့ဝင်များ စက်တင်ဘာ ၂၉ ရက်က စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ကြစဉ်။

ဘာမီသာ(ပခုက္ကူ)

**သစ်တောမှန်လျှင် အသုံးဝင်၊ အစဉ်ထာဝရ ထိန်းသိမ်းကြ**

# စစ်ကိုင်းတိုင်းဒေသကြီး နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လဟယ်မြို့ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်နေမှု ကြည့်ရှုစစ်ဆေး

**မုံရွာ စက်တင်ဘာ ၂၉**

စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်နှင့် တာဝန်ရှိသူများသည် ယနေ့တွင် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသ လဟယ်မြို့ရှိ ဟွေထိုက်အသေးစား ရေအားလျှပ်စစ်စီမံကိန်း ရှင်းလင်းဆောင်သို့ရောက်ရှိရာ ရေအားလျှပ်စစ် အကောင်အထည်ဖော်ရေး ဦးစီးဌာန အမှတ်-၂ တည်ဆောက်ရေးမှ လက်ထောက်ညွှန်ကြားရေးမှူးက ဟွေထိုက် အသေးစားရေအားလျှပ်စစ်စီမံကိန်း တည်ဆောက်ရေးလုပ်ငန်းများကို ဘဏ္ဍာနှစ်အလိုက် ဆောင်ရွက်ပြီးစီးမှုများနှင့် ဆက်လက်ဆောင်ရွက်သွားမည့်လုပ်ငန်းအခြေအနေများနှင့် ပတ်သက်၍ Power Point ဖြင့် ရှင်းလင်းတင်ပြသည်။



**မှာကြား**

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်က တည်ဆောက်ရေးလုပ်ငန်းများအား အရည်အသွေးကောင်းမွန်စွာဖြင့် စံချိန်စံညွှန်းမီကာ သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးရေး၊ တည်ဆောက်ရေး လုပ်ငန်းသုံးပစ္စည်းများ လုပ်ငန်းခွင်သို့ အချိန်မီရောက်ရှိရေးနှင့် လုပ်ငန်းခွင် အန္တရာယ်ကင်းရှင်းရေးတို့အား မှာကြားကာ တည်ဆောက်ရေး လုပ်ငန်းများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြချက်များအပေါ် လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ဖြည့်ဆည်းပေါင်းစပ် ဆောင်ရွက်ပေးခဲ့ကြသည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ဟွေထိုက်အသေးစား ရေအားလျှပ်စစ်စီမံကိန်း ပင်မတမံ၊ ရေသွယ်မြောင်း၊ ရေလွှဲရေထုတ်ပွြန် တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုတို့ကို လိုက်လံကြည့်ရှု စစ်ဆေးကြသည်။

အဆိုပါ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လဟယ်မြို့ရှိဟွေထိုက် အသေးစား ရေအားလျှပ်စစ်စီမံကိန်းသည် ဟွေထိုက်ချောင်းပေါ်တွင် ရေထိန်းတမံတစ်ခု တည်ဆောက်၍ ရေသိုလှောင်ပြီး ရရှိလာမည့် ရေအားအမြင့်ကို အသုံးပြုလျက် လေးမဂ္ဂါဝပ် တပ်ဆင်စက်အင်အားရှိ လျှပ်စစ်ဓာတ်အားပေးစက်ရုံတည်ဆောက်ကာ နှစ်စဉ်လျှပ်စစ်ဓာတ်အား ၂၀ ဒသမ ၃၁၈ ကီလိုဝပ်နာရီ သန်းပေါင်းအား ထုတ်လုပ်နိုင်မည်ဖြစ်ပြီး လဟယ်မြို့နှင့် အနီးဝန်းကျင်ကျေးရွာများအား လျှပ်စစ်ဓာတ်အား ထုတ်လုပ်ဖြန့်ဖြူးနိုင်မည်ဖြစ်သည်။

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် လဟယ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ တာဝန်ယူဆောင်ရွက်ခဲ့သည့် လဟယ်မြို့နေပြည်သူများ သောက်သုံးရေ အဆင်ပြေစေရန်နှင့် အပန်းဖြေနိုင်စေရန်အတွက် တစ်ရက်လျှင် ရေဂါလန် ၁၅၀၀၀၀ ခန့် ထွက်ရှိသည့်စိမ့်စမ်းရေအား ဆည်ပိတ်ကာ ပြန်လည်တူးဖော်ခဲ့သည့် အကျယ် သုံးဧကကျော်နှင့် အနက် ၁၂ ပေရှိ ရေဂါလန် ၉၈ သိန်းကျော် သိုလှောင်ထားနိုင်သည့် မိုးဒါန်းကန် ဆောင်ရွက်ပြီးစီးမှုအား လိုက်လံကြည့်ရှု စစ်ဆေးကြသည်။

ဆက်လက်ပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် လမ်းအထူး ၁၉ အဖွဲ့မှ ဆောင်ရွက်နေသည့် ခန္တီး- ဆင်သေ- လဟယ် လမ်းပေါ်ရှိ လဟယ်မြို့အဝင် လမ်းအား လမ်းပခုံးသားတိုးချဲ့နေမှု၊ မြေထိန်းနံရံများ ကြံ့ခိုင်မှုရှိစေရေး လုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် လဟယ်မြို့အဝင်မုခ်ဦး တည်ဆောက်ပြီးစီးမှုတို့အား လိုက်လံကြည့်ရှု စစ်ဆေးခဲ့ကြပြီး လိုအပ်သည်များကို တာဝန်ရှိသူများနှင့် အတူ ဖြည့်ဆည်းပေါင်းစပ် ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး (ပြန်/ဆက်)**

# သတင်းနှင့်စာနယ်ဇင်းဝန်ထမ်းဟောင်းများ အသင်းသို့ အလှူငွေပေးအပ်




**ရန်ကုန် စက်တင်ဘာ ၂၉**

၂၀၂၅ ခုနှစ် ဇန်နဝါရီလဆန်းပိုင်းတွင် ကျင်းပပြုလုပ်မည့် သတင်းနှင့် စာနယ်ဇင်းဝန်ထမ်းဟောင်းများအသင်း၏ သတ္တမအကြိမ်မြောက် ဆရာကန်တော့ပွဲနှင့် အသက် ၈၀ နှင့်အထက်အသင်းဝင် ဝန်ထမ်းဟောင်းကြီးများ ကန်တော့ပွဲအတွက် ဦးထွန်းအောင်(ဂါးဒီယန်းဝန်ထမ်းဟောင်း) GENSECON MYANMAR Lt.,d. က အလှူငွေကျပ်လေးသိန်း၊ အသင်းဘဏ္ဍာရေးမှူး ဒေါ်တင်တင်ဝင်းက ငွေကျပ်တစ်သိန်း၊ အမှုဆောင်အဖွဲ့ဝင် ဦးစိုးမင်းက ငွေကျပ်ငါးသောင်း၊ အမှုဆောင်အဖွဲ့ဝင် ဒေါ်သန်းသန်းနုက ငွေကျပ်ငါးသောင်း စုစုပေါင်းအလှူငွေကျပ် ခြောက်သိန်းတိတိကို စက်တင်ဘာ ၂၅ ရက် နံနက်ပိုင်းက အသင်းရုံးခန်းသို့ လာရောက်လှူဒါန်းရာ အသင်းဥက္ကဋ္ဌ ဦးမြင့်ဆွေ(မြင့်ဆွေမြင့်)နှင့် အမှုဆောင်များက လက်ခံရယူပြီး သာဓုအနုမောဒနာခေါ်ဆိုခဲ့ကြသည်။ **အေးသန်း(စိန်တုံးကြီး)**

# မြဝတီခရိုင်၌ ကျောင်းသားလူငယ်များ စာဖတ်ရှိန်မြင့်မားစေရေး ဟောပြောပွဲနှင့်ပြိုင်ပွဲများ ကျင်းပ

**မြဝတီ စက်တင်ဘာ ၂၉**

ကရင်ပြည်နယ် မြဝတီခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ရဲရင့်ယဉ်ကျေးလိမ္မာ ဓမ္မစကူးသင်တန်းတို့ ပူးပေါင်း၍ ကျောင်းသားလူငယ်များ စာဖတ်ရှိန် ပိုမိုမြင့်မားတိုးတက်ပြီး စာဖတ်သည့် အလေ့အကျင့်ကောင်းများရရှိစေရန် ရည်ရွယ်၍ ယနေ့နံနက် ၁၀ နာရီက မြဝတီခရိုင် လူထုအခြေပြုဗဟိုဌာန၌ အသိပညာပေးဟောပြောပွဲ နှင့် ကာယ၊ ဉာဏ စွမ်းရည်ပြိုင်ပွဲများ ကျင်းပသည်။



ဦးစွာ မြဝတီခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်မာမာရီက အသိပညာပေး ဟောပြောပွဲနှင့် ပြိုင်ပွဲများ ကျင်းပရခြင်းရည်ရွယ်ချက်၊ ကျောင်းသားလူငယ်များလိမ္မာရေးခြားရှိစေရေးအတွက် စာပေဗဟုသုတများ လေ့လာမှတ်သားရန်နှင့် ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ ဗဟုသုတရရှိစေမည့် အကြောင်းအရာများကို ဟောပြောသည်။

ထို့နောက် ကျောင်းသားလူငယ်များ ကာယ၊ ဉာဏစွမ်းရည်ဖွံ့ဖြိုးတိုးတက်စေရန် စာဖတ်စွမ်းရည်ပြိုင်ပွဲ၊ မြန်မာစကားပုံဆက်ပြိုင်ပွဲနှင့် ပန်းချီဆေးရောင်ခြယ်ပြိုင်ပွဲများ ကျင်းပပေးခဲ့ရာ ကျောင်းသားကျောင်းသူ ၄၃ ဦးက ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြပြီး အဖြေမှန်သူများအား အမှတ်တရ ဂုဏ်ပြုလက်ဆောင်များ ချီးမြှင့်ပေးခဲ့ကြောင်း သိရသည်။

**ဇာဖြူဝင်း(မြဝတီ)**



၂၀၂၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူရေးအတွက် စာရင်းစစ်၊ စာရင်းကောက် သင်တန်းဆင်းပွဲ အခမ်းအနားကို စက်တင်ဘာ ၂၈ ရက်က ရန်ကုန်တိုင်းဒေသကြီး ကျောက်တံတားမြို့နယ် အထက(ကျောက်တံတား) စကားဝါခန်းမ၌ ကျင်းပစဉ်။ မြို့နယ်(ပြန်/ဆက်)



ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတမြို့နယ်၌ ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း စာရင်းစစ်/ စာရင်းကောက် သင်တန်းဆင်းပွဲကို စက်တင်ဘာ ၂၈ ရက်က ပြုလုပ်ရာ သန်းခေါင်စာရင်းသင်တန်း တက်ရောက်ခဲ့သည့် စာရင်းစစ်/စာရင်းကောက်များအား ခန့်အပ်လွှာများ ပေးအပ်စဉ်။

ခရိုင်(ပြန်/ဆက်)



နှစ်(၆၀)ပြည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စက်တင်ဘာ ၂၉ ရက် နံနက်ပိုင်းက ဖြူးမြို့မရဲစခန်းမှ စခန်းမှူး ဒုတိယရဲမှူး အောင်လင်း ဦးဆောင်၍ ရဲတပ်ဖွဲ့ဝင်များသည် ဖြူး ဘိုးဘွားရိပ်သာတွင်ရှိသော အဘိုး အဘွား ၄၀ အား နေ့လယ်စာနှင့် ညနေစာ ကုသိုလ်ပြုကျွေးမွေးခြင်း၊ ဘိုးဘွားရိပ်သာအတွင်းအပြင် စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ပေးခြင်းများကို ဆောင်ရွက်စဉ်။

နေမျိုးလွင်(ပြန်/ဆက်)




နှစ်(၆၀)ပြည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့အား ကြိုဆိုဂုဏ်ပြုသောအားဖြင့် တနင်္သာရီတိုင်းဒေသကြီး ကျွန်းစုမြို့နယ်တွင် စက်တင်ဘာ ၂၈ ရက် နံနက်ပိုင်းက မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး စိုးသန့်၊ မြို့မစခန်းမှူး ဒုရဲမှူး စံလှ၊ ရဲတပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များက ကျွန်းစုမြို့နယ်အဝင် သံသရာစေတီတော်အနီးနှင့် ကံမော်ကျေးရွာဘုန်းတော်ကြီးကျောင်းတို့တွင် စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်စဉ်။

ထက်မြင့်(ကျွန်းစု)



## အိုဆာဆူနာအသင်းကို ရှုံးနိမ့်ပြီး ရှုံးပွဲမရှိစံချိန် ရပ်တန့်ခဲ့ပြီဖြစ်တဲ့ ဘာစီလိုနာ

ဘာစီလိုနာအသင်းဟာ ၂၀၂၄-၂၀၂၅ ဘောလုံးရာသီ စပိန်လာလီဂါပြိုင်ပွဲမှာ ပွဲစဉ်(၇)အထိ ရှုံးပွဲမရှိစံချိန်တင်ခဲ့ပေမယ့် အိုဆာဆူနာအသင်းနဲ့ စက်တင်ဘာ ၂၈ ရက်ညပိုင်းက ယှဉ်ပြိုင်ကစားခဲ့တဲ့ ပွဲစဉ်(၈)မှာ အိုဆာဆူနာအသင်းကို ရှုံးနိမ့်ခဲ့လို့ ဘာစီလိုနာအသင်းရဲ့ လာလီဂါရှုံးပွဲမရှိစံချိန် ရပ်တန့်ခဲ့ရပြီ ဖြစ်ပါတယ်။

အိုဆာဆူနာအသင်းနဲ့ ဘာစီလိုနာအသင်းတို့ပွဲစဉ်မှာ အိုဆာဆူနာအသင်းက ဘာစီလိုနာအသင်းကို လေးဂိုး-နှစ်ဂိုးနဲ့ အနိုင်ရရှိခဲ့တာဖြစ်ပြီး အိမ်ရှင်အသင်းအတွက် သွင်းဂိုးတွေကို ပွဲကစားချိန် ၁၈ မိနစ်၊ ၇၂ မိနစ်(ပင်နယ်တီ)တို့မှာ ဘူဒီမာက နှစ်ဂိုး၊ ၂၈ မိနစ်မှာ ဘရိုင်ယန်ဇာရာဂိုဇာက တစ်ဂိုးနဲ့ ၈၅ မိနစ်မှာ ဘရက်တိုနက်စ်က တစ်ဂိုးသွင်းယူပေးခဲ့တာ ဖြစ်ပါတယ်။

ဘာစီလိုနာအသင်းအတွက် ချေပဂိုးနှစ်ဂိုး ကိုတော့ ဒုတိယပိုင်းပွဲကစားချိန် ၅၃ မိနစ်မှာ ပေါဗစ်တာက တစ်ဂိုး၊ ၈၉ မိနစ်မှာ ယာမယ်လ်က တစ်ဂိုး သွင်းယူပေးခဲ့တာ ဖြစ်ပါတယ်။ ဘာစီလိုနာအသင်းဟာ အခုပွဲစဉ်မှာ ရှုံးနိမ့်ခဲ့ခြင်းဟာ ယခု ဘောလုံးရာသီ လာလီဂါပထမဆုံးရှုံးပွဲဖြစ်ခဲ့ပြီး အိုဆာဆူနာ အသင်းအတွက်တော့ လာလီဂါအိမ်ကွင်းရှုံးပွဲမရှိစံချိန်ကို ဆက်ထိန်းထားနိုင်ခဲ့တာ ဖြစ်ပါတယ်။

ဘာစီလိုနာအသင်းဟာ အိုဆာဆူနာအသင်းကို ရှုံးနိမ့်ခဲ့ပေမယ့် လာလီဂါပွဲစဉ် ခုနစ်ပွဲအထိ နိုင်ပွဲရရှိထားတာကြောင့် ရမှတ် ၂၁ မှတ်နဲ့ အမှတ်ပေးဇယားထိပ်ဆုံးမှာ ဆက်လက်ရပ်တည်နေခဲ့တာ ဖြစ်ပါတယ်။

ဘာစီလိုနာအသင်းဟာ အောက်တိုဘာ ၁ ရက်မှာ ချန်ပီယံလိဂ်ပွဲစဉ်အဖြစ် ယန်းဘွိုင်းအသင်းနဲ့ ယှဉ်ပြိုင်ကစားရမှာ ဖြစ်ပြီး ချန်ပီယံလိဂ်အဖွင့်ပွဲစဉ်မှာ မိုနာကိုအသင်းကို ရှုံးနိမ့်ခဲ့မှုကြောင့် ချန်ပီယံလိဂ်နိုင်ပွဲပြန်လည်ရရှိဖို့ ရုန်းကန်ရဦးမှာလည်း ဖြစ်ပါတယ်။

## ဟယ်ရီကိန်းရဲ့ ခြေချင်းဝတ်ဒဏ်ရာမပြင်းထန်ဖို့ မျှော်လင့်နေတဲ့ ဘိုင်ယန်နဲ့ အင်္ဂလန်

ဘိုင်ယန်မြူးနစ်အသင်းနည်းပြ ကွန်ပနီနဲ့ အင်္ဂလန်အသင်းရဲ့ ယာယီနည်းပြ လီကာစလေတို့ဟာ တိုက်စစ်မှူး ဟယ်ရီကိန်းရဲ့ ခြေချင်းဝတ်ဒဏ်ရာ မပြင်းထန်ဖို့ မျှော်လင့်နေကြတယ်လို့ သိရပါတယ်။

တိုက်စစ်မှူး ဟယ်ရီကိန်းဟာ ဘိုင်ယန်မြူးနစ်အသင်းနဲ့ လေဗာကူဆင်အသင်းတို့ စက်တင်ဘာ ၂၈ ရက်ညပိုင်းက ယှဉ်ပြိုင်ကစားခဲ့တဲ့ တစ်ဖက်တစ်ဂိုးစီ သရေရလဒ် ထွက်ပေါ်ခဲ့တဲ့ ဘွန်ဒက်လီဂါပွဲစဉ်မှာ ဒဏ်ရာရရှိခဲ့တာဖြစ်ပြီး ပွဲကစားချိန် ၈၆ မိနစ်မှာ လူစားလဲကစားခံခဲ့ရတာ ဖြစ်ပါတယ်။

နည်းပြကွန်ပနီရဲ့ ဘိုင်ယန်မြူးနစ်အသင်းဟာ အောက်တိုဘာ ၂ ရက်မှာ ချန်ပီယံလိဂ်ပွဲစဉ်အဖြစ် ပရီမီယာလိဂ်ကလပ် အက်စ်တွန်ဗီလာအသင်းနဲ့ ယှဉ်ပြိုင်ကစားရမှာဖြစ်ပြီး အဲဒီနေ့မတိုင်ခင် တိုက်စစ်မှူး ဟယ်ရီကိန်းဒဏ်ရာကနေ ပြန်လည် သက်သာဖို့ ကွန်ပနီက မျှော်လင့်ထားတာဖြစ်ပါတယ်။

ဒါ့ပြင် အင်္ဂလန်နိုင်ငံ လက်ရွေးစင်အသင်းကလည်း နေးရှင်းလိဂ်ပွဲစဉ်တွေအဖြစ် အောက်တိုဘာ ၁၀ ရက်မှာ ဂရိအသင်း၊ အောက်တိုဘာ ၁၃ ရက်မှာ ဖင်လန်အသင်းတို့နဲ့ ယှဉ်ပြိုင်ကစားရမှာဖြစ်လို့ ယာယီနည်းပြကာစလေက အသင်းနဲ့အတူ တိုက်စစ်မှူး ဟယ်ရီကိန်း ပြန်လည်ပါဝင်လာနိုင်ဖို့ မျှော်လင့်ထားတာဖြစ်ပါတယ်။

ဟယ်ရီကိန်းဟာ ယခုဘောလုံးရာသီမှာ ဘိုင်ယန်မြူးနစ်အသင်းအတွက် ပြိုင်ပွဲစုံ ခုနစ်ပွဲမှာ သွင်းဂိုး ၁၀ ဂိုးအထိ သွင်းယူထားပြီး ဘိုင်ယန်မြူးနစ်အသင်းကတော့ ဘွန်ဒက်လီဂါအဖွင့်ပွဲစဉ်ငါးပွဲမှာ လေးပွဲနိုင်၊ တစ်ပွဲသရေ ရမှတ် ၁၃ မှတ်နဲ့ အမှတ်ပေး ဇယားထိပ်ဆုံးမှာ ဆက်လက်ရပ်တည်နေတာ ဖြစ်ပါတယ်။





## ပရီမီယာလိဂ်သွင်းဂိုး ၅၀ ပြည့်မြောက်ခဲ့ပြီဖြစ်တဲ့ ရာအူးလ်မာတီနက်ဇ်

ဖူလ်ဟမ်အသင်းရဲ့ အားထားရတဲ့ ကစားသမားတစ်ဦး ဖြစ်တဲ့ ရာအူးလ်မာတီနက်ဇ်ဟာ နော့တင်ဟမ်ဖောရက်စ် အသင်းနဲ့ ဖူလ်ဟမ်အသင်းတို့ စက်တင်ဘာ ၂၈ ရက်ညပိုင်းက ယှဉ်ပြိုင်ကစားခဲ့တဲ့ ပရီမီယာလိဂ်ပွဲစဉ်မှာ သွင်းဂိုးတစ်ဂိုး သွင်းယူနိုင်ခဲ့တာကြောင့် လက်ရှိအချိန်မှာ ပရီမီယာလိဂ်သွင်းဂိုး ၅၀ ပြည့်မြောက်ခဲ့ပြီ ဖြစ်ပါတယ်။

ရာအူးလ်မာတီနက်ဇ်ဟာ နော့တင်ဟမ်ဖောရက်စ်အသင်းနဲ့ ပွဲစဉ်မှာ ဖူလ်ဟမ်အသင်းအတွက် တစ်လုံးတည်းသောအနိုင်ဂိုးကို ဒုတိယပိုင်းပွဲကစားချိန် ၅၁ မိနစ်မှာ ပင်နယ်တီသွင်းဂိုးကနေ တစ်ဆင့် သွင်းယူပေးခဲ့တာဖြစ်ပါတယ်။

ဖူလ်ဟမ်အသင်းဟာ ရာအူးလ်မာတီနက်ဇ်ရဲ့ သွင်းဂိုးနဲ့ နော့တင်ဟမ်ဖောရက်စ်အသင်းကို အနိုင်ရရှိခဲ့တာကြောင့် ယခု ဘောလုံးရာသီမှာ ပရီမီယာလိဂ်ပြိုင်ပွဲ၌ တတိယမြောက်နိုင်ပွဲ ရရှိခဲ့ပြီး အမှတ်ပေးဇယားထိပ်ဆုံးက လီဗာပူးအသင်းနဲ့ ရမှတ် လေးမှတ်အကွာအနေအထားကို ရောက်ရှိလာခဲ့တာ ဖြစ်ပါတယ်။

## ဘောလုံးလောက သတင်းတိုများ


- အက်စ်တွန်ဗီလာအသင်းမှ အာဂျင်တီးနား ဂိုးသမား မာတီနက်ဇ်ဟာ မဖွယ်မရာအပြုအမူ တွေ ပြုမူခဲ့တာကြောင့် ယခုလအတွင်း အာဂျင်တီးနားအသင်း ယှဉ်ပြိုင်ကစားရမယ့် ၂၀၂၆ ကမ္ဘာ့ဖလား ခြေစစ်ပွဲစဉ်တွေဖြစ်တဲ့ ချီလီ အသင်း၊ ကိုလံဘီယာအသင်းတို့နဲ့ ပွဲစဉ်တွေမှာ ပါဝင်ယှဉ်ပြိုင်ကစားခွင့် ပိတ်ပင်ခံခဲ့ရတယ်လို့ သိရပါတယ်။
- အာဆင်နယ်အသင်းမှ ဂျပန်နောက်တန်း ကစား သမား တိုမီယာဆူးဟာ ဇန်နဝါရီလ အပြောင်း အရွှေ့ကာလအတွင်းက အင်တာမီလန်အသင်း သို့ ပြောင်းရွှေ့ကစားရန် ချိတ်ဆက်မှုတွေရှိနေခဲ့ ပေမယ့် အာဆင်နယ်အသင်းအနေနဲ့ အဆိုပါ ကစားသမားကို ရောင်းချဖို့ ဆန္ဒမရှိဘူးလို့ သိရပါတယ်။

ငွေကြယ် - ရေးသားသည်

## ဝုလ်ဗာဟမ်တန်အသင်းကို အနိုင်ရပြီး ပရီမီယာလိဂ် အမှတ်ပေးဇယားထိပ်သို့ လီဗာပူး တက်လှမ်း

ပရီမီယာလိဂ်ပွဲစဉ်(၆)ရဲ့ စက်တင်ဘာ ၂၈ ရက် ညပိုင်း နောက်ဆုံးပွဲစဉ်အဖြစ် ယှဉ်ပြိုင်ကစားခဲ့တဲ့ ဝုလ်ဗာဟမ်တန်အသင်းနဲ့ လီဗာပူးအသင်းတို့ ပွဲစဉ်မှာ လီဗာပူးအသင်းက ဝုလ်ဗာဟမ်တန်အသင်း ကို နှစ်ဂိုး-တစ်ဂိုးနဲ့ အနိုင်ရရှိခဲ့တာကြောင့် ပရီမီယာ လိဂ် အမှတ်ပေးဇယားထိပ်ဆုံးကို တက်လှမ်းခွင့် ရရှိခဲ့ပြီ ဖြစ်ပါတယ်။

ဝုလ်ဗာဟမ်တန်အသင်းနဲ့ လီဗာပူးအသင်းတို့ ပွဲစဉ်မှာ အိမ်ရှင်အသင်းအတွက် သွင်းဂိုးတစ်ဂိုးကို ဒုတိယပိုင်းပွဲကစားချိန် ၅၆ မိနစ်မှာ အိတ်နူရီက သွင်းယူပေးခဲ့ပြီး လီဗာပူးအသင်းအတွက် သွင်းဂိုး တွေကိုတော့ ပထမပိုင်းပွဲကစားချိန်အပြီး နာကျင် အချိန်ပို နှစ်မိနစ်မှာ ကိုနာတီက တစ်ဂိုးနဲ့ ၆၁ မိနစ်မှာ မိုဟာမက်ဆာလာက ပင်နယ်တီကနေ တစ်ဂိုး သွင်းယူပေးခဲ့တာ ဖြစ်ပါတယ်။



နည်းပြစလော့ရဲ့ လီဗာပူးအသင်းဟာ ဝုလ်ဗာဟမ်တန်အသင်းကို အနိုင်ရရှိခဲ့တာကြောင့် မန်စီးတီးအသင်းနဲ့ နယူးကာဆယ်အသင်းတို့တစ်ဖက် တစ်ဂိုးစီ သရေရလဒ်ထွက်ပေါ်ခဲ့မှုကို အခွင့်ကောင်း ယူကာ မန်စီးတီးအသင်းရဲ့အထက် အမှတ်ပေးဇယား ထိပ်ဆုံးကို ဦးဆောင်ခွင့်ရရှိခဲ့တာ ဖြစ်ပါတယ်။

ဝုလ်ဗာဟမ်တန်အသင်းကတော့ လီဗာပူး အသင်းကို ရှုံးနိမ့်ခဲ့တာကြောင့် လက်ရှိပရီမီယာလိဂ် ပွဲစဉ် ခြောက်ပွဲယှဉ်ပြိုင်ကစားပြီးချိန်မှာ နိုင်ပွဲလုံးဝ ရရှိထားခြင်းမရှိသေးဘဲ အမှတ်ပေးဇယားအောက်ဆုံး နေရာမှာ ရပ်တည်နေတာ ဖြစ်ပါတယ်။

# ကယားပြည်နယ်ဝန်ကြီးချုပ် ယာယီရေဘေးကယ်ဆယ်ရေးစခန်း သုံးခုသို့ ဆန်၊ ဆီ၊ ထောက်ပံ့ငွေနှင့် လူသုံးကုန်ပစ္စည်းများ ထောက်ပံ့ပေးအပ်

လွိုင်ကော် စက်တင်ဘာ ၂၉

လွိုင်ကော်မြို့နယ်အတွင်း လက်ရှိဖြစ်ပေါ်နေသော ရေကြီးရေလျှံဖြစ်ပွားမှုများအတွက် ပြည်နယ်အစိုးရအဖွဲ့သည် ရေဘေးသင့်ဘုန်းတော်ကြီးကျောင်းများ၊ ရေဘေးသင့်ပြည်သူများနှင့် ဝန်ထမ်းများအတွက် ဆန်၊ ဆီ စသည်တို့ကို စဉ်ဆက်မပြတ် လှူဒါန်းထောက်ပံ့ပေးနိုင်ရေး စီမံဆောင်ရွက်လျက်ရှိပြီး စေတနာရှင် အလှူရှင်များကလည်း လာရောက်ကူညီလှူဒါန်းလျက်ရှိသည်။

**အားပေးစကားပြောကြား**

ကယားပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင်နှင့် တာဝန်ရှိသူများသည် ယနေ့နံနက်ပိုင်းတွင် လွိုင်ကော်မြို့ သာသနဗိမာန်တော်ကြီး၊ ဥတ္တရာရုံ ပရိယတ္တိစာသင်တိုက်နှင့် ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်း ယာယီရေဘေးကယ်ဆယ်ရေးစခန်းများရှိ ရေဘေးသင့်ပြည်သူများနှင့် တွေ့ဆုံကာ ပြည်နယ်ဝန်ကြီးချုပ်က အားပေးစကားပြောကြား



သည်။ ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ရေဘေးသင့်ပြည်သူများသို့ ဆန်၊ ဆီ၊ လူသုံးကုန်ပစ္စည်းများနှင့် ထောက်ပံ့ငွေများပေးအပ်ကာ ရေဘေးသင့်ပြည်သူများအား ချက်ပြုတ်ကျွေးမွေးသည့် နေရာများသို့ လှည့်လည်ကြည့်ရှုခဲ့သည်။

**ထောက်ပံ့ပေးအပ်**

ယနေ့ပေးအပ်ပွဲတွင် ယာယီရေဘေးကယ်ဆယ်ရေးစခန်း သုံးခုရှိ ရေဘေးသင့်ပြည်သူများအတွက် ပြည်နယ်အစိုးရအဖွဲ့မှ ဆန်အိတ် ၆၀၊ ဆီ ပိဿာ ၁၅၀၊ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနက လူတစ်ဦးလျှင် တစ်ပတ်စာဆန်ဖိုး စုစုပေါင်းတန်ဖိုးငွေကျပ် ၁၅၆၆၆၀၀ နှင့် စေတနာရှင်အလှူရှင်များက လှူဒါန်းသည့် လူသုံးကုန်ပစ္စည်းများအား ပြည်သူများ၏ လက်ဝယ်အရောက် ထောက်ပံ့ပေးအပ်ခဲ့သည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ဘီလူးချောင်းတံတား(ရှမ်းပိုင်း)၏ ရေဝင်ရောက်မှုနှင့် ကြံ့ခိုင်မှုအခြေအနေများ၊ မင်းကျောင်းကန်သာနှင့် ဈေးပိုင်း၊ မင်းစု၊ ဒေါ်နိုးကူး ရပ်ကွက်များ၏ ရေကြီးရေလျှံမှုဖြစ်ပေါ်နေသည့် အခြေအနေများကို လှည့်လည်ကြည့်ရှုခဲ့ကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)



# ရွှေပြည်သာမြို့နယ်၌ ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါ ကာကွယ်ဆေးတိုက်ကျွေး

ရွှေပြည်သာ စက်တင်ဘာ ၂၉

ပြည်သူများ ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါ ဖြစ်ပွားမှုမှ ကာကွယ်နိုင်ရေးအတွက် အသိပညာပေးဟောပြောခြင်းနှင့် ဦးတည်အုပ်စုများတွင် ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါကာကွယ်ဆေး(Oral Cholera Vaccine-OCV)တိုက်ကျွေးခြင်းကို ယမန်နေ့နံနက် ၁၀ နာရီက ရွှေပြည်သာမြို့နယ် အမှတ်(၅)ရပ်ကွက်ရှိ နှင်းဆီဓမ္မာရုံ၌ ခုနစ်ရက်မြောက်နေ့အဖြစ် ပြုလုပ်သည်။

ဦးစွာ အမှတ်(၂) စစ်နယ်မြေမှူး ဗိုလ်မှူးကြီးမင်းဇော်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမြင့်ဦးနှင့် ရွှေပြည်သာမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာမြတ်မြတ်နှင်းတို့က ကာကွယ်ဆေးတိုက်ကျွေးခြင်းနှင့်ပတ်သက်၍ ကျန်းမာရေးဆိုင်ရာများကို အသိပညာပေး ဆွေးနွေးဟောပြောကြသည်။

ဆက်လက်၍ ကာကွယ်ဆေးတိုက်ကျွေးရာတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့၏ ကြီးကြပ်မှုဖြင့် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနက ဦးဆောင်၍ ရပ်ကွက်၊ ကျေးရွာ အုပ်ချုပ်ရေးအဖွဲ့များ၊ မြို့နယ်ကြက်ခြေနီတပ်ဖွဲ့၊ မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့နှင့် Volunteer များ ပူးပေါင်းပါဝင်သည့်အဖွဲ့များက ရွှေပြည်သာမြို့နယ်အတွင်းရှိ သတ်မှတ်နေရာအသီးသီးမှ စုရပ် ၂၃ ခုတွင် လူဦးရေ ၄၇၀၃ ဦးအား ပြင်းထန်ဝမ်းပျက်၊ ဝမ်းလျှောရောဂါကာကွယ်ဆေး(OCV) တိုက်ကျွေးသွားမည်ဖြစ်ပြီး အဆိုပါဆေးတိုက်ကျွေးခြင်းကို အောက်တိုဘာ ၃ ရက်အထိ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)



ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင်တွင် ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း မြို့နယ်အဆင့် စာရင်းစစ်၊ စာရင်းကောက် သင်တန်းဆင်းပွဲအခမ်းအနားကို စက်တင်ဘာ ၂၈ ရက် မွန်းလွဲ ၂ နာရီက အထက(၁) ပညာရေးတနာခန်းမ၌ ကျင်းပစဉ်။

ခရိုင်(ပြန်/ဆက်)

# မကွေးမြို့၌ ပြည်ထောင်စုဝန်ကြီး၊ ပြည်ထောင်စုရှေ့နေချုပ်နှင့် တိုင်းဒေသကြီး/ပြည်နယ်ဥပဒေချုပ်များ၏ လမ်းညွှန်မှာကြားချက်များ ထပ်ဆင့်ရှင်းလင်း

မကွေး စက်တင်ဘာ ၂၉

ပြည်ထောင်စု ဝန်ကြီး၊ ပြည်ထောင်စု ရှေ့နေချုပ်နှင့် တိုင်းဒေသကြီး/ပြည်နယ် ဥပဒေချုပ်များ၊ တိုင်းဒေသကြီး/ပြည်နယ် ဥပဒေအရာရှိများ၊ ခရိုင်ဥပဒေအရာရှိများ၏ ပဉ္စမအကြိမ် လုပ်ငန်းညှိနှိုင်း ဆွေးနွေးပွဲမှ လမ်းညွှန်မှာကြားချက်များအား မကွေးတိုင်းဒေသကြီး ဥပဒေချုပ်ရုံးက ထပ်ဆင့်ရှင်းလင်းပွဲ အခမ်းအနားကို စက်တင်ဘာ ၂၈ ရက်တွင် အဆိုပါရုံးရှိ ပါမောက္ခဦးလှအောင် ခန်းမ၌ ကျင်းပသည်။

**ထပ်ဆင့်ရှင်းလင်းပြောကြား**

ဦးစွာ မကွေးတိုင်းဒေသကြီး ဥပဒေချုပ် ဦးတင့်ဝေက အမှာစကားပြောကြားပြီး ပြည်ထောင်စုဝန်ကြီး၊ ပြည်ထောင်စုရှေ့နေချုပ်၊ ဒုတိယဝန်ကြီး၊ ဒုတိယရှေ့နေချုပ်တို့၏ လမ်းညွှန်မှာကြားချက်များအား ထပ်ဆင့်ရှင်းလင်းပြောကြား



သည်။

ထို့နောက် ဥပဒေရေးရာဝန်ကြီးဌာန၏ လုပ်ငန်းဆောင်ရွက်ချက်အကျဉ်းကို Video Clip ဖြင့် ပြသခဲ့ပြီး တိုင်းဒေသကြီး ဥပဒေအရာရှိ ဒေါ်မိသန္တာမြင့်က ညွှန်ကြားရေးမှူးချုပ်၏ လမ်းညွှန်မှာကြားချက်အား ထပ်ဆင့်ရှင်းလင်း ပြောကြားခဲ့သည်။

ယင်းနောက် တက်ရောက်လာသည့် ဥပဒေအရာရှိများက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးရာ တိုင်းဒေသကြီး ဥပဒေအရာရှိ ဒေါ်မိသန္တာမြင့်က လိုအပ်သည်များကို ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့ပြီး တိုင်းဒေသကြီး ဥပဒေချုပ် ဦးတင့်ဝေက တင်ပြချက်များအပေါ် လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

အောင်ကို(ဖန်ခါးမြေ)

# ထန်းတပင်မြို့နယ်၌ နယ်လှည့်အထူးကုအဖွဲ့က ကျန်းမာရေးစောင့်ရှောက်မှုပေး

ထန်းတပင် စက်တင်ဘာ ၂၉

ပဲခူးတိုင်းဒေသကြီး ထန်းတပင်မြို့နယ်၌ သာယာဝတီခရိုင်ပြည်သူ့ဆေးရုံမှ အရိုးအထူးကု ဆရာဝန်ကြီးနှင့် အဖွဲ့က ယနေ့နံနက် ၉ နာရီတွင် မဟာဝိသုတာရာမကျောင်းကြီးတိုက် ဓမ္မာရုံ၌ ရေဘေးသင့် ပြည်သူများအား အခမဲ့ကျန်းမာရေးစောင့်ရှောက်မှု ဆောင်ရွက်ပေးခဲ့သည်။

ထိုသို့ နယ်လှည့်ကွင်းဆင်းကုသပေးရာတွင် သာယာဝတီခရိုင်ပြည်သူ့ဆေးရုံမှ အရိုးအထူးကု ဆရာဝန်ဒေါက်တာကျော်မင်းထက်



ဦးဆောင်သောအဖွဲ့နှင့် မြို့နယ်ကုသရေးဦးစီးဌာနမှူး ဒေါက်တာဇော်သူအောင်နှင့် ဝန်ထမ်းများ ပူးပေါင်းကာ အရိုးရောဂါဝေဒနာရှင်များနှင့် အထွေထွေရောဂါဝေဒနာရှင် ၉၅ ဦးနှင့် ညောင်ဝိုင်းဘုန်းတော်ကြီးကျောင်းတွင် ၄၁ ဦး စုစုပေါင်း ၁၃၆ ဦးတို့အား ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးခဲ့ပြီး အရိုးအကြောလူနာ သုံးဦးအား မြို့နယ်ပြည်သူ့ဆေးရုံတွင် ခွဲစိတ်ကုသပေးသွားမည်ဖြစ်သည်။

ကျန်းမာရေး စောင့်ရှောက်မှု ဆောင်ရွက်ပေးနေမှုကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများက ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

## နောက်နှစ်ရက်အတွက် ခန့်မှန်းချက်

နေပြည်တော် စက်တင်ဘာ ၂၉

နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် မိုးပိုလာနိုင်သည်။

မိုး/ဇလ

**စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန**
**ပြည်တွင်းအခွန်များဦးစီးဌာန**
**အောင်ဘာလေသိန်းဆုဌာနခွဲ**
**ကြေညာချက်**
**(ရက်စွဲ၊ ၂၀၂၄ ခုနှစ်၊ စက်တင်ဘာ လ ၃၀ ရက်)**

၁။ ၂၀၂၄ ခုနှစ်၊ အောက်တိုဘာ လ (၁) ရက်နေ့တွင် ကျင်းပမည့် (၆၇) ကြိမ်မြောက် ကျပ် ၁၀၀၀ တန် အောင်ဘာလေသိန်းဆုထီဖွင့်ပွဲအတွက် ထီလက်မှတ်များကို **“ က ” အက္ခရာမှ အစဉ်လိုက် “ ဈ ” အက္ခရာအထိ** စုစုပေါင်း အက္ခရာ (၉) လုံးအပေါ်မှ ၇၅% ကို ခွဲဝေရောင်းချရာတွင် ထီစာအုပ် (၅၅၂၂၇၆) အုပ်အား ရောင်းချနိုင်ခဲ့ပါသည်။

၂။ ထီလက်မှတ်များ ရောင်းချရငွေမှာ ကျပ် သန်း (၅၅၂၂.၇၆၀) ဖြစ်သဖြင့် ၇၀% ခွဲဝေချီးမြှင့်ပေးမည့် ထီဆုငွေမှာ ကျပ်သန်း ( **၃၈၆၅.၉၃၂**) ဖြစ်ပါသည်။

၃။ အဆိုပါ ၇၀% ခွဲဝေချီးမြှင့်ပေးမည့် ထီဆုငွေများနှင့် ဘဏ္ဍာသိမ်းရငွေ ကျပ်သန်း (**၂၅၀.၀၀၀**) ကို ပြန်လည်ချီးမြှင့်ပေးမည့် ထီဆုငွေတို့မှ အောက်ဖော်ပြပါဆုမဲများ ချီးမြှင့်သွားမည်ဖြစ်ပါသည်-

(က) **အထူးဆုကြီး**

| | | | | |
|---|---|---|---|---|
| (၁) | ကျပ်သိန်းငါးထောင် | = | (၁) | ဆု |
| (၂) | ကျပ်သိန်းနှစ်ထောင် | = | (၁) | ဆု |
| (၃) | ကျပ်သိန်းတစ်ထောင် | = | (၁) | ဆု |

(ခ) **ဆုတစ်ဆုချင်း**

| | | | | |
|---|---|---|---|---|
| (၁) | ကျပ်သိန်းငါးရာ | = | (၄) | ဆု |
| (၂) | ကျပ်သိန်းနှစ်ရာ | = | (၅) | ဆု |
| (၃) | ကျပ်သိန်းတစ်ရာ | = | (၉) | ဆု |
| (၄) | ကျပ်သိန်းငါးဆယ် | = | (၁၂) | ဆု |
| (၅) | ကျပ်သိန်းနှစ်ဆယ် | = | (၁၆) | ဆု |
| (၆) | ကျပ်တစ်ဆယ်သိန်း | = | (၁၄) | ဆု |

(ဂ) **ဝေဝေဆာဆာပဒေသာဆု**

| | | | | |
|---|---|---|---|---|
| (၁) | ကျပ်သုံးသိန်း | = | (၃၀) | ဆု |
| (၂) | ကျပ်နှစ်သိန်း | = | (၃၀၀) | ဆု |
| (၃) | ကျပ်တစ်သိန်း | = | (၅၀၀၀) | ဆု |
| (၄) | ကျပ်ငါးသောင်း | = | (၂၀၀၀၀) | ဆု |
| (၅) | ကျပ်တစ်သောင်း | = | (၁၀၀၀၀၀) | ဆု |

(ဃ) **ဘဏ္ဍာသိမ်းရငွေ ကျပ်သန်း (၂၅၀.၀၀၀) မှ ချီးမြှင့်သည့်ဆု**

| | | | | |
|---|---|---|---|---|
| (၁) | ကျပ် တစ်ဆယ်သိန်း | = | (၄) | ဆု |
| (၂) | ကျပ် သုံးသိန်း | = | (၂၀) | ဆု |
| (၃) | ကျပ် နှစ်သိန်း | = | (၂၀၀) | ဆု |
| (၄) | ကျပ် တစ်သိန်း | = | (၂၀၀၀) | ဆု |

**၄။ (၆၇) ကြိမ်မြောက် ကျပ် ၁၀၀၀ တန် အောင်ဘာလေအွန်လိုင်းသိန်းဆုထီဖွင့်ပွဲကို ၂၀၂၄ ခုနှစ်၊ အောက်တိုဘာ လ (၁) ရက်နေ့တွင် သီးခြားခွဲ၍ ဖွင့်လှစ်သွားမည်ဖြစ်ပါသည်။ ကျပ် ၁၀၀၀ တန် အောင်ဘာလေအွန်လိုင်းသိန်းဆုထီလက်မှတ်များကို (၂၉-၉-၂၀၂၄) ရက်နေ့ (၂၃း၅၉း၅၉) နာရီအချိန်အထိ ရောင်းချခဲ့ပြီး၊ အောင်ဘာလေအွန်လိုင်းသိန်းဆုထီလက်မှတ်များ၏ စုစုပေါင်းရောင်းရငွေအပေါ်မှ (၇၀) ရာခိုင်နှုန်းအား ဆုမဲအဖြစ် ပြန်လည်ခွဲဝေချီးမြှင့်သွားမည်ဖြစ်ပါသည်။**

၅။ (၆၇) ကြိမ်မြောက် ကျပ် ၁၀၀၀ တန် အောင်ဘာလေသိန်းဆုထီဖွင့်ပွဲကို (၁-၁၀-၂၀၂၄) ရက်နေ့ (အင်္ဂါနေ့) ၊ နံနက် (၀၈:၀၀) နာရီအချိန်တွင်လည်းကောင်း၊ (၆၇) ကြိမ်မြောက် ကျပ် ၁၀၀၀ တန် အောင်ဘာလေအွန်လိုင်းသိန်းဆုထီဖွင့်ပွဲကို နံနက် (၁၀:၀၀) နာရီအချိန်တွင်လည်းကောင်း အမှတ်(၃၈၄)၊ မဟာဗန္ဓုလလမ်းနှင့် (၃၇) လမ်းထောင့်၊ ကျောက်တံတားမြို့နယ်ရှိ အောင်ဘာလေသိန်းဆုဌာနခွဲ၊ ထီဖွင့်ပွဲခန်းမ၌ ကျင်းပသွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။




**ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန် ကြေညာခြင်း**

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၈၃)၊ မြေကွက်အမှတ်(၅၅၇)ဟုခေါ်တွင်သော ဦးသောင်းကြည် (MHA – ၀၁၇၈၆၇)အမည်ပေါက် (ပါမစ်မြေအမျိုးအစား)အကျယ်အဝန်း(အလျား ၄၀ပေ x အနံ ၆၀ပေ)ရှိ မြေကွက်ကြီးထဲမှ တရားဝင်မခွဲမစိတ်ရသေးသော (မြေကွက်အမှတ်(၅၅၈)နှင့် ကပ်လျက်အခြမ်း)ရှိ အကျယ်အဝန်း (အလျား ၂၀ပေ x အနံ ၆၀ပေ)ရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အရောင်းအဝယ်အရပ်ကတိစာချုပ်အဆက်စပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားသူ ဦးအောင်လင်း [၉/ညဥန(နိုင်)၁၉၁၁၇၂]မှ ပိုင်ဆိုင်မှုအရှုပ်အရှင်းကင်း၍ ပြန်လည်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုပြောကြားသဖြင့် ကျွန်ုပ်၏ မိတ်ဆွေ ဦးဇင်မောင်သိန်း [၁၂/ဒဂတ(နိုင်)၀၃၄၂၃၂]က အပြီးအပိုင် ဝယ်ယူရန်အတွက် စရန်ငွေအဖြစ် (ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသ)ကို ပေးချေထားပြီး ဖြစ်ပါသည်။

ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော စာရွက်စာတမ်းအထောက်အထား (မူရင်းများ)ဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက အရောင်း အဝယ်ကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးဇင်မောင်သိန်း၏ လွှဲအပ်ညွှန်ကြားချက်အရ –**
**ဒေါ်အေးသူဇာဦး (LL.B) တရားလွှတ်တော်ရှေ့နေ (စဉ် – ၁၆၆၇၀)**
**အမှတ် (၉၀၂/ခ)၊ မာလာမြိုင်(၂)လမ်း၊ (၁၉)ရပ်ကွက်၊**
**ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း–၀၉–၂၆၁၉၈၄၀၀၈**

**လင်မယားအဖြစ်မှ တရားဝင်ကွာရှင်းပြတ်စဲပြီးကြောင်း အများသိစေရန်ကြေညာခြင်း**

ရန်ကုန်မြို့နေ ဗုဒ္ဓဘာသာဝင်များဖြစ်ကြသည့် မောင်ချစ်သုမိုးကျော် [၁၄/လမန(နိုင်)၁၁၅၉၉၇]နှင့် မဝင့်ဝါဖူး [၁၂/သကတ(နိုင်)၂၁၁၉၁၄] တို့သည် တစ်ဦးနှင့်တစ်ဦးစိတ်သဘောထားချင်း မတိုက်ဆိုင်သည့်အပြင် ဆက်လက် ပေါင်းသင်းရန် ဆန္ဒလုံးဝမရှိကြတော့သဖြင့် (၂၈–၉–၂၀၂၄) ရက်နေ့တွင် “နှစ်ဦးသဘောတူ အကြင်လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲခြင်း ကတိစာချုပ်”ကို မိမိတို့၏လွတ်လပ်သော သဘောဆန္ဒအရ ဂုဏ်သရေရှိ အသိသက်သေများ ရှေ့မှောက်တွင် ပြုလုပ်ချုပ်ဆိုခဲ့ကြပြီးဖြစ်ပါသောကြောင့် ကွာရှင်းပြီးသည့်အချိန်မှစ၍ တစ်ဦးနှင့်တစ်ဦး မည်သို့မျှ ပတ်သက်ဆက်နွယ်ခြင်း မရှိတော့ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**မောင်ချစ်သုမိုးကျော်နှင့် မဝင့်ဝါဖူးတို့၏ လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်အေးမွန်အောင် (LL.B, LL.M)**
**တရားလွှတ်တော်ရှေ့နေ (စဉ်–၁၅၃၇၂)**
**အမှတ်(၁၀/မြေညီ)၊ ပယင်းလမ်း၊ ကျိုက္ကဆံရပ်ကွက်၊ ဗဟန်းမြို့နယ်၊**
**ရန်ကုန်မြို့။ ဖုန်း–၀၉–၇၉၉၉၁၁၁၆၄**

**“ကွာရှင်းပြတ်စဲပြီးဖြစ်၍ ဦးအောင်ဇော်ထွန်းနှင့် ပတ်သက်သမျှကိစ္စအဝဝ တာဝန်မယူ မသက်ဆိုင်ကြောင်း၊ ၎င်းတစ်ဦးသဘောဖြင့်လည်း လုပ်ပိုင်ခွင့်မရှိကြောင်း အများသိစေရန် ကြော်ငြာခြင်း”**

ကျွန်မ ဒေါ်နေခြည်နှင်းထွေးရှိန် [၁၂/ဗတထ(နိုင်)၀၁၀၄၇၃] နှင့် ဦးအောင်ဇော်ထွန်း[၆/မအရ(နိုင်)၀၀၀၂၃၀]တို့သည် (၂၃–၁၂–၂၀၁၉) ရက်နေ့က ပုဇွန်တောင်မြို့နယ်တရားရုံးတွင် ကွာရှင်းပြတ်စဲပြီးဖြစ်ပါသည်။ ၎င်းအား လွှဲအပ်ထားသည့်ကိုယ်စားလှယ်စာကိုလည်း ရုပ်သိမ်းထားပြီးဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ၎င်းလုပ်ဆောင်သည့်ကိစ္စအဝဝသည် ကျွန်မနှင့်လုံးဝ မသက်ဆိုင်ကြောင်း၊ ၎င်းတစ်ဦးတည်း သဘောဖြင့်လည်း လုပ်ပိုင်ခွင့်မရှိကြောင်း အများသိစေရန်ကြော်ငြာလိုက်သည်။

အကယ်၍၎င်းတစ်ဦးတည်းသဘောဖြင့် လုပ်ဆောင်မှုများရှိခဲ့ပါက ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူမည်ဖြစ်ပါသည်။

**ဒေါ်နေခြည်နှင်းထွေးရှိန်**

**သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ကြောင်း အများသိစေရန်ကြေညာခြင်း**

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံဆိပ်ကမ်းမြို့နယ်နေ(ဦးအောင်ကြီးရွှေ)–ဒေါ်လှဝင်း [၁၂/အစန(နိုင်)၁၅၂၃၃၂]တို့၏ သားမောင်ထွန်းနေအောင်ကြီး [၁၂/အစန(နိုင်)၀၁၉၆၄၇] သည် မိဘ၏ဆိုဆုံးမမှုကို နာခံခြင်းမရှိဘဲ မိဘစိတ်ဆင်းရဲအောင် ခွင့်မလွှတ်နိုင်သည့် ကိစ္စရပ်များကို အကြိမ်ကြိမ်ပြုလုပ်နေပါသဖြင့် သားအဖြစ်မှ အမွေပြတ် စွန့်လွှတ်ကြောင်း၊ နောက်နောင် မောင်ထွန်းနေအောင်ကြီးနှင့်ပတ်သက်သည့် ကိစ္စအဝဝကို တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်းနှင့် မည်သို့မျှ ပတ်သက် စပ်ဆိုင်မှုမရှိကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ (စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)

**(ဦးအောင်ကြီးရွှေ)–ဒေါ်လှဝင်း**

**“သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း”**

ကျွန်ုပ်၏ မိတ်ဆွေများဖြစ်သော ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ စိတ္တသုခလမ်း၊ အမှတ်(၆၁)နေ ဦးဇော်ထွန်း – ဒေါ်အေးအေးနွယ် တို့၏ သားဖြစ်သူ ကိုအောင်ဘုန်းမိုရ်[၁၀/မလမ(နိုင်)၃၂၃၆၅၀]သည် မိဘများ၏ ပြောဆိုဆုံးမမှုကို မနာခံဘဲ အကြိမ်ကြိမ်စိတ်ဆင်းရဲအောင် ပြုလုပ်ပြီး ၎င်း၏ သဘောဆန္ဒအလျောက် ပြုမူနေထိုင်လုပ်ကိုင် ဆောင်ရွက်လျက်ရှိပါသဖြင့် မိဘဆွေမျိုးများ၏ သိက္ခာကျဆင်းပြီး စိတ်အနှောင့်အယှက် ဖြစ်နေရပါသဖြင့် ကိုအောင်ဘုန်းမိုရ်အား သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ သို့ဖြစ်ပါ၍ ကိုအောင်ဘုန်းမိုရ်နှင့်ပတ်သက်သော ငွေကြေးအပါအဝင် ကိစ္စအဝဝကို ကျွန်ုပ်၏ မိတ်ဆွေများဖြစ်သော ဦးဇော်ထွန်း – ဒေါ်အေးအေးနွယ် တို့မှ လုံးဝတာဝန်ယူဖြေရှင်းပေးမည် မဟုတ်ကြောင်းနှင့် ၎င်းကိစ္စနှင့် ပတ်သက်၍ လာရောက် စုံစမ်းမေးမြန်းခြင်းသည်းခံပါရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဦးအောင်မင်းနိုင်(LL.B,C.B.L,WIPO DL–101(GENEVA)**
**တရားလွှတ်တော်ရှေ့နေ (စဉ်–၈၉၂၇)**
**အမှတ်(၁၂၈)၊ မြေညီထပ်၊ (၄၂)လမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။**

★STAR★
ဒဂုံမြို့သစ် အရှေ့ပိုင်း၊
တောင်ပိုင်း၊မြောက်ပိုင်း၊
ဆိပ်ကမ်းရှိမြေကွက်များ
ဝယ်လိုသည်။
09-43088052
09-260660405
09-421067330

သွေးသည် အသက်

**ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာခြင်း**

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ (၁)ရပ်ကွက်၊ (၁၂)လမ်း၊ တိုက်အမှတ်(၂၃၄)၊ ဒုတိယထပ်(ခြေရင်းခန်း)ဟုခေါ်တွင်သော တိုက်ခန်းနှင့်ယင်းနှင့်ပတ်သက် အကျိုးခံစားခွင့်အရပ်ရပ် အားလုံးအား တရားဝင်လက်ရောက်ပိုင်ဆိုင်၍ ရောင်းချပိုင်ခွင့်ရှိသူ ဒေါ်မြင့်မြင့်ခိုင် [၁၂/မရက(နိုင်)၁၂၅၂၀၂]ထံမှ ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူက အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသဖြစ်သော စရန်ငွေကို ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အဆိုပါ တိုက်ခန်း အရောင်းအဝယ် နှင့် ပတ်သက်ပြီး ကန့်ကွက်လိုသူများရှိပါက ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ဤကြေညာပါသည့်နေ့ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်းမူရင်း အထောက်အထားများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်၍ ကန့်ကွက်မည့်သူမရှိပါက ဤအရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ချက်အရ –**
**ဦးဖြိုးအောင်မြင့် (LL.B, D.M.L, D.B.L,)**
**တရားလွှတ်တော်ရှေ့နေ (စဉ်–၁၀၇၅၇/၂၀၁၆)**
**အမှတ်(၂၄/ခ)၊ အနော်မာ(၁၉)လမ်း(အနောက်)၊ (၂/မြောက်)ရပ်ကွက်၊**
**သာကေတမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ Ph : 09–450020302**

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

( ခ ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

( ဂ ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ **စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

( ခ ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

( ဂ ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်းထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ **လူမှုရေး**

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

( ခ ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

( ဂ ) နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့်ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

❖ **လူငယ်များသည် တိုင်းပြည်၏ အနာဂတ်ခေါင်းဆောင်များဖြစ်ပြီး နိုင်ငံတာဝန်ကို ပခုံးပြောင်း တာဝန်ထမ်းဆောင်ကြမည့်သူများဖြစ်...**

❖ **လူငယ်လူရွယ်များ၏ အကျင့်စာရိတ္တများကောင်းမွန်စေရေး၊ တိုင်းချစ်ပြည်ချစ်စိတ်များရရှိပြီး တိုင်းပြည်၏ ဂုဏ်ကိုမြှင့်တင်လိုစိတ်၊ အမျိုးဂုဏ်၊ ဇာတိဂုဏ်ကို စောင့်ထိန်းလိုစိတ်များဖြစ်ပေါ်စေရေးအတွက် စနစ်တကျဖြင့် လေ့ကျင့်ပျိုးထောင်ပေးရန်လို...**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၄ခုနှစ်၊ ဧပြီလ ၂၂ ရက်နေ့တွင် ပြုလုပ်သော ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၄/၂၀၂၄)သို့ တက်ရောက်အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

**ယနေ့ ဖတ်စရာ**

**နိုင်ငံရေးပြဿနာအား နိုင်ငံရေးနည်းလမ်းဖြင့် ဖြေရှင်းရန် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ကမ်းလှမ်းဖိတ်ခေါ်ခြင်းအပေါ် အဖွဲ့အစည်းအသီးသီးမှ ကြိုဆိုထောက်ခံကြောင်း သဘောထားများ ထုတ်ပြန်**

စာမျက်နှာ » ၁၀

**ရောဝတီမြစ်ကြောင်းတစ်လျှောက် သွားလာပြေးဆွဲနေသော စစ်ရေးနှင့် မသက်ဆိုင်သည့် အရပ်ဘက်သင်္ဘောများကို နှောင့်ယှက်ပစ်ခတ်တိုက်ခိုက်နေသည့် အကြမ်းဖက်သမားများအား လုံခြုံရေးတပ်ဖွဲ့ဝင်များက တိုက်ခိုက်ချေမှုန်း**

စာမျက်နှာ » ၂၀

# ရန်ကုန်တိုင်းဒေသကြီးအတွင်း ရေကြီးနစ်မြုပ်ခဲ့သည့် မိုးစပါးစိုက်ခင်းတို့တွင် ၄၆၇၉၆ ဧက ပြန်လည်စိုက်ပျိုးထား

ရန်ကုန် စက်တင်ဘာ ၂၉

ရန်ကုန်တိုင်းဒေသကြီးအတွင်း ရေကြီးနစ်မြုပ်မှုကြုံတွေ့ခဲ့ရသည့် မိုးစပါးစိုက်ခင်းတို့တွင် မိုးစပါး ၄၆၇၉၆ ဧက ပြန်လည်စိုက်ပျိုးထားပြီးဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

စာမျက်နှာ ၆ ကော်လံ ၁ သို့ ☆



ရေကြီးနစ်မြုပ်ပျက်စီးခဲ့သည့် စပါးစိုက်ခင်းများနေရာတွင် အစားထိုးပြန်လည်စိုက်ပျိုးမှုကိုတွေ့ရစဉ်။



စက်တင်ဘာ ၂၈ ရက်က မြန်မာအသင်းနှင့် ကာတာအသင်းတို့ ဒုတိယခြေစမ်းပွဲကစားစဉ်။

# မြန်မာ ယူ-၁၇ အသင်း ခြေစမ်းပွဲတွင် ကာတာအသင်းကို အနိုင်ရ

နေပြည်တော် စက်တင်ဘာ ၂၉

၂၀၂၅ အာရှဖလား ယူ-၁၇ ခြေစစ်ပွဲအတွက် ပြင်ဆင်သည့်အနေဖြင့် ကာတာနိုင်ငံ၌သွားရောက်လေ့ကျင့်နေသည့် မြန်မာ ယူ-၁၇ အသင်းသည် စက်တင်ဘာ ၂၈ ရက်က ကာတာ ယူ-၁၇ အသင်းနှင့် ခြေစမ်းကစားရာ တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။

**ပြန်လည်အနိုင်ရ**

မြန်မာ ယူ-၁၇ အသင်းသည် ကာတာခြေစမ်းခရီးစဉ်တွင် ကာတာ ယူ-၁၇ အသင်းနှင့် ခြေစမ်းပွဲနှစ်ပွဲကစားရာ တစ်ပွဲနိုင်၊ တစ်ပွဲရှုံးနိမ့်ခဲ့သည်။ စက်တင်ဘာ ၂၆ ရက်က ကစားသည့် ပထမခြေစမ်းပွဲတွင် ကာတာ ယူ-၁၇ အသင်းက နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရသော်လည်း ဒုတိယခြေစမ်းပွဲတွင် မြန်မာအသင်းက ပြန်လည်အနိုင်ရခဲ့ခြင်းဖြစ်သည်။ မြန်မာအသင်းအတွက် တစ်လုံးတည်းသော အနိုင်ဂိုးကို ၅၃ မိနစ်တွင် အောင်သီဟက သွင်းယူခဲ့သည်။

မြန်မာ ယူ-၁၇ အသင်းသည် အောက်တိုဘာလကုန်ပိုင်းတွင် ယှဉ်ပြိုင်ရမည့် အာရှဖလား ယူ-၁၇ ခြေစစ်ပွဲအတွက် ကြိုတင်ပြင်ဆင်သည့်အနေဖြင့် ကာတာနိုင်ငံ၌ သွားရောက်လေ့ကျင့်ခြင်းဖြစ်ပြီး ပဏာမကစားသမား ၂၆ ဦး ခေါ်ဆောင်သွားသည်။

သတင်း-ကိုညီလေး

ဓာတ်ပုံ-MFF